# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက် | ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၀၀၄)





ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီနာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများ အားလုံးက "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ" ကို ဒုတိယသမ္မတ ဦးဆောင်၍

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**မြန်မာ့အလင်းသတင်းစာတွင် မြန်မာယူနီကုဒ်စံစနစ်ကို အောက်တိုဘာ ၁ ရက်မှ စတင်အသုံးပြု ထုတ်ဝေပါသည်။**




မြန်မာ့အလင်း

# နိုင်ငံတကာနှင့် အတူ

တံခါးပိတ်ဝါဒဖြင့် ကြာရှည်လေးမြင့်စွာ ရပ်တည်ခဲ့သော မြန်မာနိုင်ငံသည် နိုင်ငံအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနိုင်ငံအဖြစ်သို့ နိမ့်ဆင်းသွားခဲ့ပြီး နိုင်ငံတကာနှင့် ဆက်ဆံမှုနည်းပါးသည်နှင့်အမျှ ကိုယ့်အခြေအနေကို ကိုယ်မခန့်မှန်းနိုင်၊ အကဲမဖြတ်နိုင် ဖြစ်ခဲ့ရသည်။

ကမ္ဘာ့အမြင်ဖြင့် မကြည့်နိုင်သည့်အခါ ကိုယ့်နိုင်ငံ၏ သဘာဝရေမြေတောတောင်တို့ စိမ်းလန်းနေဆဲ၊ သဘာဝသယံဇာတများ ကြွယ်ဝပေါများနေမြဲဟု ကြွေးကြော်နေခဲ့ကြသည်။ အမှန်မှာ စိမ်းလန်းဒေသတို့က လျော့ပါးပျောက်ကွယ်နေသည်မှာ အခြားသော ကမ္ဘာ့နိုင်ငံများနှင့် အချို့သော အိမ်နီးချင်းနိုင်ငံများ၏ စိမ်းလန်းမှုကို မမီတော့ဆိုသည်ကို အမှန်အတိုင်း မသိမြင်။

သဘာဝဘေး၊ ရာသီဥတုဖောက်ပြန်မှုဘေးတို့ လာရောက်နေပြီဆိုသည်ကို အလေးအနက်မပြုမိခဲ့။ ကိုယ့်နိုင်ငံမှာ သည်လိုသဘာဝဘေးအန္တရာယ်များ မကျရောက်နိုင်ဟု အထောက်အထားမဲ့ ထင်မြင်ယုံကြည်ခဲ့ကြရာမှ ရုတ်ခြည်းဆိုသလို ရေကြီးရေလျှံမှုတွေ၊ မုန်တိုင်းတွေ၊ လေတွေ၊ လျှောင်လှူပ်ခတ်မှုတွေ၊ မိုးခေါင်ရေရှားမှုတွေ တဖြည်းဖြည်းချင်း စိပ်စိပ်လာကာ နဖူးတွေ့ ဒူးတွေ့ တွေ့သော်မှပင် ပြင်ဆင်စရာ၊ ပြောင်းလဲစရာများ ရေတိုရေရှည်လုပ်ရမည်များကို မစီမံနိုင်ခဲ့။

စီးပွားရေးနိမ့်ကျလာလိုက်သည်မှာ နောက်ဆုံးတန်းရောက်နေပြီဆိုခြင်းကို မသိကျိုးကျွန်ပြုနေမိကြမြဲ။ အများပြည်သူတို့၏ ကျန်းမာရေးအဆင့် မည်သည့်နေရာရောက်နေပြီဆိုခြင်းကို အမှတ်မထားသလိုလို။ ပညာရေးစနစ်တစ်ခုလုံး ချွတ်ခြုံကျနေခြင်းက နိုင်ငံတစ်ခုလုံးကို ဆင်းရဲတွင်းထဲသို့ ဆွဲခေါ်နေပြီဖြစ်ကြောင်း အလေးမထား၊ ပြုပြင်ပြောင်းလဲကြဖို့ မပြင်ဆင်မိခဲ့။ သည်လိုအခြေအနေများကို ပြောင်းလဲပြုပြင်ကြရန် ဖွင့်ဟပြောဆိုလာသည့် ပညာရှင်များ၏ စကား၊ ပြည်သူ့အသံတို့ကိုလည်း ဂရုမထားသည့်ပြင် ထိုအကျပ်အတည်း အခက်အခဲတို့ကို ဝေဖန်လာလျှင် ပြင်းထန်စွာအရေးယူ အပြစ်ပေးသည့် စနစ်အောက်မှာ ဖြစ်နေသည့်အခါ ပြည်သူအများစုသည် တိတ်တိတ်ဆိတ်ဆိတ်ပင် ဆင်းရဲတွင်းထဲသို့ တအိအိကျဆင်းလာခဲ့တော့သည်။

အနိမ့်ကျဆုံး အနေအထားသို့ ဒုတ်ဒုတ်ထိ ရောက်လာသည့်အခါတွင်မူ ပြည်သူ့အုံကြွမှုကြီး ပေါ်ပေါက်လာကာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးများ၊ ခေတ်စနစ် တော်လှန်ပြောင်းလဲရေးများအတွက် စတင်နိုးကြားလှုပ်ရှားလာကြလေသည်။

ထိုသည်၏နောက်တွင် အာဏာရှင်စနစ်မှသည် ဒီမိုကရေစီစနစ်ဆီသို့ အပြောင်းအလဲ၊ ပြည်သူ့အင်အားကို မျက်နှာလွှဲလို့မရတော့သည့် အနေအထား အပြောင်းအလဲ၊ ပြည်သူ့ကိုယ်စားလှယ်တို့ကို အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်များတွင် မဖြစ်မနေ ပါဝင်ခွင့်ပြုလာရခြင်း စသည့်အပြောင်းအလဲများ စတင်ရတော့သည်။

ယခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆောင်ပုဒ်မှာ 'ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အရည်သွေးမြင့် ပညာရေး၊ ရာသီဥတု ပြောင်းလဲမှုကို တုံ့ပြန်ရေးနှင့် အားလုံးပါဝင်ရေးအတွက် နိုင်ငံစုံ ကြိုးပမ်းအားထုတ်မှုများကို လှုံ့ဆော်ရေး' ဟူ၍ဖြစ်ရာ မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ မဖြစ်မနေ ချက်ချင်းဆိုသလို အကောင်အထည်ဖော်ရမည့် လုပ်ငန်းများနှင့် ထပ်တူဖြစ်နေ၏။

နိုင်ငံပေါင်းစုံညီလာခံကြီးအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ဖြေရှင်းရမည့် ပြဿနာများကို ရှုမြင်ရာတွင် ဖွံ့ဖြိုးမှုနိမ့်ကျနေသည့်နိုင်ငံများ၊ ဆင်းရဲနွမ်းပါးမှုနွံထဲတွင် ရုန်းကန်နေရသည့်နိုင်ငံများကို အထူးဂရုပြုရခြင်းနှင့် ကမ္ဘာလုံးရင်ဆိုင်နေရသည့် သဘာဝဘေးကို အလေးထားဖြေရှင်းရန် အာရုံစိုက်ရခြင်းဖြစ်လေရာ မြန်မာနိုင်ငံ၏ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ထပ်တူဖြစ်နေခြင်းမှာ မဆန်းဟု ဆိုရပါမည်။

အထက်ပါ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဒီမိုကရေစီအပြောင်းအလဲနှင့်အတူ အစိုးရကလည်း ကြိုးပမ်းအားထုတ်နေသည်ပဲ ဖြစ်ပါသည်။

ယခုလို အရှိန်မြှင့်တင်ဆောင်ရွက်ရမည့်ကာလတွင် အခက်အခဲ အကျပ်အတည်းများကို ကျော်လွှားနိုင်အောင် အပြင်းအထန်အားထုတ်ဆောင်ရွက်ကြရင်း နိုင်ငံတကာ၏ ဝိုင်းဝန်းရင်ဆိုင်ပူးပေါင်းမှုဖြင့် ပိုမိုအောင်မြင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၄၁/ ၂၀၁၉
၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

**ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးတူးမော်ကို ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၄၆/၂၀၁၉) ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၄၆/၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

ယနေ့ကျင်းပသည့်အစည်းအဝေး၌ ပြင်ဆင်ရေးပူးပေါင်းကော်မတီတွင် ပါဝင်သည့် နိုင်ငံရေးပါတီ၊ အစုအဖွဲ့အသီးသီးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တို့မှ တင်ပြခဲ့သည့် အခန်းအလိုက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန် အကြံပြုချက်များအပေါ် ပြင်ဆင်သည့်ဥပဒေမူကြမ်းရေးဆွဲရန် ဆန္ဒပြုမှုကို အခန်း(၄) ဥပဒေပြုရေးပြီးဆုံးသည်အထိ ဆောင်ရွက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သမဝါယမတက္ကသိုလ်(စစ်ကိုင်း) အလုပ်အကိုင်ပြပွဲ ကျင်းပ

**စစ်ကိုင်း အောက်တိုဘာ ၃**

သမဝါယမတက္ကသိုလ်(စစ်ကိုင်း)နှင့် မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း (မန္တလေးတိုင်းဒေသကြီး) တို့ ပူးပေါင်း၍ အလုပ်အကိုင်ပြပွဲ (Job fair 2019) အခမ်းအနားကို အောက်တိုဘာ ၁ ရက်က သမဝါယမ တက္ကသိုလ် (စစ်ကိုင်း)တွင် ကျင်းပခဲ့သည်။

အလုပ်အကိုင်ပြပွဲ (Job fair 2019) ကို ပါမောက္ခချုပ်၊ ဥက္ကဋ္ဌ စစ်ကိုင်းတိုင်း ကျောက်မျက်လုပ်ငန်းရှင်များအသင်းနှင့် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လက်လီ ရောင်းချသူများအသင်း (မန္တလေးတိုင်းဒေသကြီး)နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် **(အောက်ပုံ)** အခမ်းအနားကို တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက အဖွင့်အမှာစကား ပြောကြားပြီး Managing Director (Nielsen MMRD), Chairman (MMRA), General Secretary (MMRA) ဦးသူရိန်ငြိမ်းက "Know Your Next Move and Get There!" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Managing Director (ALPHA), BOD (Yadanar Pone Bank), Committee Member(MCDC), CEC(UMFCCI) ဦးရဲမြတ်သူက အနာဂတ်အလုပ်အကိုင် အခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Managing Director (Octa–Biz International Co.,Ltd), Managing Director(Home Aid Electronics Co.,Ltd) ဒေါက်တာ အောင်ကျော်သူဝင်းက "Prepare For Marathon" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဟောပြောဆွေးနွေးခဲ့ပြီးနောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည့်မေးခွန်းများကို စိတ်ဝင်တစား မေးမြန်းဆွေးနွေးခဲ့ကြသည်။

Job fair တွင် Main Sponsor အဖြစ် လုပ်ငန်း ရှစ်ခု၊ Co–sponsor အဖြစ်လုပ်ငန်း ၁၈ ခု၊ စုစုပေါင်း လုပ်ငန်း ၂၆ ခုတို့မှ ဆိုင်ခန်းပေါင်း ၃၆ ခန်း ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက မိမိတို့စိတ်ပါဝင်စားသော လုပ်ငန်းများသို့ အလုပ်လျှောက်လွှာများ ရေးသားလျှောက်ထားခြင်း၊ လူတွေ့စစ်ဆေးဖြေဆိုခြင်းများ ပြုလုပ်ကြသည်။

အလုပ်အကိုင်ပြပွဲကို ဘွဲ့ရကျောင်းသား ကျောင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်၊ မိမိတို့ရရှိမည့် ဘွဲ့နှင့်သင့်လျော်သော အလုပ်အကိုင်များရရှိစေရန်၊ လုပ်ငန်းခွင်မတိုင်မီ သိသင့်သိထိုက်သော အကြောင်းအရာများကို သိရှိစေရန်၊ ပြင်ပလုပ်ငန်းရှင်များနှင့် ချိတ်ဆက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ သမဝါယမတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီ၊ သုခမ္မမဏိဇောတရေ ဦးအောင်ကြီး (ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း ကျောက်မျက်လုပ်ငန်းရှင်များအသင်း)၊ ဦးညွန့်ဇော် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများ အသင်း (မန္တလေးတိုင်းဒေသကြီး)) နှင့် အဖွဲ့ဝင်များ၊ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းဟောင်းများအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသည့်ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များ၊ နောက်ဆုံးနှစ်ဖြေဆိုထားသည့် ကျောင်းသား ကျောင်းသူ ၁၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



❖ ရှေ့ဖုံးမှ

၁၁ ဦးဖြင့် လည်းကောင်း၊ "လုပ်ငန်းကော်မတီ" ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ ၂၀ ဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် (၄)ရပ် ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆပ်ကော်မတီ ၁၁ ခုကိုလည်း ထပ်မံဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

**ဆုံးဖြတ်ချက် (၉)ချက် ချမှတ်**

ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးဆုံးဖြတ်ချက် (၉)ချက် ချမှတ်ခဲ့ပြီး အဆိုပါအစည်းအဝေးဆုံးဖြတ်ချက်များကိုလည်း သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း။

**ကာလဒါန အလှူတော်ဖြစ်**

ကထိန်လျာသင်္ကန်းအလှူသည် ဘုရားရှင်က ဝိနည်းသိက္ခာပုဒ်နှင့် ဆက်စပ်ခွင့်ပြုထားသည့် သံဃိကအလှူဖြစ်သကဲ့သို့ ကထိန်ကာလကို သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ခွင့်ပြုထားသည်ကို မှတ်သားသိရှိရပါကြောင်း၊ ထို့ကြောင့် ကထိန်လျာသင်္ကန်းအလှူသည် "တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ရက်၊ တစ်ရက်မှာ တစ်ကျောင်း၊ တစ်ကျောင်းမှာလည်း တစ်ကြိမ်" သာ လှူဒါန်းခွင့်ရသည့် ကာလဒါန အလှူတော်ဖြစ်သည့်အတွက် မွန်မြတ်သည့် အလှူတော်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ထူးခြားသည့် ကထိန်အလှူပွဲကြီးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ကြီးမှူး၍ ၂၀၁၂ ခုနှစ်က အစပြုပြီး ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် (၈)ကြိမ်မြောက် ကျင်းပပြုလုပ်မည် ဖြစ်ပါကြောင်း၊ သီတင်းမကျွတ်မီ ဝါတွင်းကာလတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူပြီး ကထိန်ဆိုင်ရာ ဝိနည်းတရားတော်နှင့် ညီညွတ်သည့်ကျောင်းတိုက်ကို ညှိနှိုင်းရွေးချယ်သတ်မှတ်ကာ သက်ဆိုင်ရာကျောင်းတိုက် ဆရာတော်ကိုလည်း လျှောက်ထားပြီးဖြစ်သည်ဟု သိရှိရပါကြောင်း။

**ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းညှိနှိုင်း**

ယခုကျင်းပပြုလုပ်မည့် ကထိန်လျာသင်္ကန်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် စနစ်တကျအောင်မြင်စွာ

## " ကထိန်လျာသင်္ကန်းအလှူသည် "တစ်နှစ်မှာ တစ်လ၊ တစ်လမှာ တစ်ရက်၊ တစ်ရက်မှာ တစ်ကျောင်း၊ တစ်ကျောင်းမှာလည်း တစ်ကြိမ်" သာ လှူဒါန်းခွင့်ရသည့် ကာလဒါန အလှူတော်ဖြစ် "

ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကော်မတီ၊ ဆပ်ကော်မတီများနှင့် တာဝန်ရှိသူများက ယခင်နှစ်များက အတွေ့အကြုံများကို အခြေခံ၍ တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းညှိနှိုင်း ပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

**ကြိုတင်စီမံဆောင်ရွက်**

ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ ဥပ္ပါတသန္တိစေတီတော် ဩဝါဒါစရိယဆရာတော်များ၊ စေတိယဟိတကာရက (ရွှေသုဝဏ်) ဆရာတော်၊ ကထိန်အလှူခံကျောင်းတိုက်မှ သံဃာတော်များနှင့် ဒေသခံဆရာတော်များ စုစုပေါင်း ၆၃ ပါးတို့ကို ပင့်ဆောင်ပြီး ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းမည် ဖြစ်သည့်အတွက် သက်ဆိုင်ရာ ဆပ်ကော်မတီများအနေဖြင့် ကြွရောက်တော်မူကြမည့်ဆရာတော်ကြီးများကို ကြိုဆိုပင့်ဆောင်ရေးနှင့် သွားလာမှု အဆင်ပြေစေရေးအတွက် လိုအပ်သည်များကို သေချာစွာ ကြိုတင်စီမံပြင်ဆင်ဆောင်ရွက်ရန်၊ တည်းခိုနေထိုင်မည့် ကျောင်းဆောင်များတွင် ရေ၊ မီး၊ သန့်ရှင်းမှု ကောင်းမွန်ရန်၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်၊ ဆွမ်းနှင့် ဟင်းလျာများ ချက်ပြုတ်ရာတွင် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် စစ်ဆေးဆောင်ရွက်ပေးရန်၊ ဆရာတော်ကြီးများအား ကျန်းမာရေး စောင့်ရှောက်ပေးနိုင်ရန်အတွက် ဆေးခန်းများ ဖွင့်လှစ်ပေးနိုင်ရေးနှင့် Medical Check up ဆောင်ရွက်ပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ထို့အပြင် အခမ်းအနားကျင်းပပြုလုပ်မည့် သာသနာ့မဟာဗိမာန်တော်ကြီးအတွင်း အခမ်းအနားပြင်ဆင်မှုကို ထည်ဝါစွာ ဆောင်ရွက်သွားရန်၊ ကထိန်ပဒေသာပင်များကိုလည်း လှပတင့်တယ်အောင် ပြင်ဆင်ဆောင်ရွက်ရန်၊ ပဒေသာပင်များကို သတ်မှတ်နေရာများသို့ အချိန်မီရောက်ရှိရေးနှင့် အခမ်းအနားပြီး၍ ကျောင်းတိုက်များသို့ ပို့ဆောင်ရာတွင်လည်း စနစ်တကျရှိစေရေး ကြိုတင်စီမံဆောင်ရွက်သွားရန်နှင့် ဓာတ်တိုက်လေ့ကျင့်မှုများကိုလည်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးသည် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ အသီးသီးအနေဖြင့် မိမိတို့ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြပေးကြရန်နှင့် လိုအပ်သည့် အကြံပြုချက်များရှိပါကလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ဆပ်ကော်မတီဖွဲ့စည်းထားရှိမှုများ၊ သံဃာတော်များပင့်ဆောင်မည့် အစီအစဉ်၊ ဓာတ်တိုက်လေ့ကျင့်မှုပြုလုပ်မည့်အစီအစဉ်နှင့် အခြားဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် "ဆွမ်းဆက်ကပ်ရေးနှင့်ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ" နှင့် "သံဃာတော်များ ပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ" ဆိုင်ရာ ကိစ္စရပ်များကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးကလည်းကောင်း၊ "အခမ်းအနား ကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ"၊ "ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ"နှင့် "လှူဖွယ်ပစ္စည်းပြင်ဆင်ရေးနှင့် ဆက်ကပ်ရေးဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက လည်းကောင်း၊ "ပဒေသာပင်များစီစဉ်ရေး ဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက လည်းကောင်း၊ "ဧည့်ခံဖျော်ဖြေရေး ဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က လည်းကောင်း၊ "သတင်းမှတ်တမ်းထုတ်ပြန်ရေးဆပ်ကော်မတီ" ဆိုင်ရာ ကိစ္စရပ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်က လည်းကောင်း၊ "ကျန်းမာရေးဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာလှက လည်းကောင်း၊ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာ အခင်းအကျင်းပြင်ဆင်ရေးဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင်၊ အလှည့်ကျသဘာပတိ ဦးထွန်းကြည်က လည်းကောင်း၊ "လုံခြုံရေးဆပ်ကော်မတီ" ဆိုင်ရာကိစ္စရပ်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးက လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ကဏ္ဍများအလိုက် ဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့သတင်းစဉ်(ပြည်တွင်း) စာတည်းမှူးချုပ် ဦးဇော်နိုင်ဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ကိုဦးတို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက တက်ရောက်လာကြသူများ၏ အကြံပြုတင်ပြ ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြား၍ တက်ရောက်လာကြသူများအားလုံးက "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးစိုးညွန့်၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

---

# ပညာရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အတွက် မြန်မာ-ဗြိတိန် ပညာရေး ပူးပေါင်းဆောင်ရွက်မှု ပထမအကြိမ်ဦးစီးကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

ပညာရေးဖွံ့ဖြိုး တိုးတက်မှုအတွက် မြန်မာ-ဗြိတိန် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး (Myanmar-UK Partnership for Education)အစီအစဉ်၏ ပထမအကြိမ် ဦးစီးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပညာရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အတွက် မြန်မာ-ဗြိတိန်ပညာရေး ပူးပေါင်းဆောင်ရွက်မှုပထမအကြိမ်ဦးစီးကော်မတီအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဗြိတိန်နိုင်ငံတကာဖွံ့ဖြိုးရေးဌာန(DFID)နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည့် Myanmar-UK Partnership for Education (MUPE) ပညာရေးလုပ်ငန်းစဉ်များအတွက် ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနရှိ သင်ကြားရေး ဆရာဆရာမများ၏ အင်္ဂလိပ်စာ အရည်အသွေးကောင်းမွန်ရေး အတွက် ဆောင်ရွက်သည့် Towards Results in Education and English (TREE) စီမံချက်၊ Assessment and Education Reform Support (AERS) စီမံချက်၊ Evaluation, Evidence and Learning Component(EELC) စီမံချက်များသည် ငါးနှစ် စီမံချက်များဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများသည် ပညာရေးကဏ္ဍအတွက် အပြုသဘောဆောင်သော ပြောင်းလဲမှုများကို ဖော်ဆောင်ပေးမည့် အစီအစဉ်များဖြစ်ပါကြောင်း။

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ ဆရာအတတ်ပညာနှင့် စီမံခန့်ခွဲမှု ကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ အရည်အသွေးမြှင့်တင်ရေးအတွက် အထောက်အကူပြုမည့် Strengthening Pre-Service Teacher Education in Myanmar(STEM) စီမံကိန်းကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် DFID နှင့် ဖွံ့ဖြိုးမှု မိတ်ဖက် အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိပါကြောင်း၊ Learning Together Project ကိုလည်း ပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်ခြင်းနှင့် MUPE အစီအစဉ်သည် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သည့်အတွက် ပညာရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို ဆောင်ရွက်ရာတွင် ရလဒ်ကောင်းများ ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ သို့ဖြစ်ပါ၍ DFID အပြင် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများဖြစ်သော British Council, Oxford Policy Management, IMC-Worldwide, UNESCO, UNICEF နှင့် Myanmar Education Consortium တို့အား ကျေးဇူးတင်ရှိပါကြောင်းနှင့် စီမံကိန်းပါ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗြိတိန်နိုင်ငံတကာဖွံ့ဖြိုးရေးဌာန(DFID)မှ Ms. Becky Richardsက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး သက်ဆိုင်ရာ စီမံကိန်းတာဝန်ခံများက လုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာနရှိ သက်ဆိုင်ရာဦးစီးဌာနများနှင့် Myanmar-UK Partnership for Education (MUPE) မှ တာဝန်ရှိသူများက ပညာရေးကဏ္ဍအသီးသီးတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ဆိုလာမီးလင်းရေးလုပ်ငန်းတွင် ဖင်လန်နိုင်ငံမှ ပုဂ္ဂလိက လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် ဆိုလာစွမ်းအင်အသုံးပြု ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယမန်နေ့ ညနေ ၄ နာရီက ဖင်လန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Nina Irmeli Vaskunlahti နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)




**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းအရ မဟာ ဓာတ်အားလိုင်းပြင်ပ မီးလင်းရေးလုပ်ငန်းဆောင်ရွက်နေမှု၊ တစ်အိမ်သုံးနှင့်အများပိုင် အဆောက်အဦသုံး ဆိုလာမီးလင်းရေးလုပ်ငန်းဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော ဆိုလာမီးလင်းရေးလုပ်ငန်းတွင် ဖင်လန်နိုင်ငံမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် ဆိုလာစွမ်းအင် အသုံးပြု ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၉)ကြိမ်မြောက် မြန်မာ-ထိုင်း ပူးတွဲကော်မတီ (JCC) ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ



ထားဝယ်အထူးစီးပွားရေးဇုန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် (၉)ကြိမ်မြောက် မြန်မာ-ထိုင်း ပူးတွဲကော်မတီ (JCC) ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပစဉ်။

သတင်းစဉ်

နေပြည်တော် အောက်တိုဘာ ၃

**ထားဝယ်အထူးစီးပွားရေးဇုန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် (၉)ကြိမ်မြောက် မြန်မာ-ထိုင်း ပူးတွဲကော်မတီ (JCC) ဝန်ကြီးအဆင့်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။**

**အမှာစကားပြောကြား**

အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် နှင့် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Saksayam Childchob တို့က အမှာစကားပြောကြားကြသည်။

**ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ**

(၉)ကြိမ်မြောက် JCC အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ- ထိုင်း နှစ်နိုင်ငံ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးအတွက် ကနဦးစီမံကိန်းနှင့်အတူ တစ်ပြိုင်နက်တည်း ဆောင်ရွက်သွားမည့် ပင်မစီမံကိန်း အကောင်အထည်ဖော်ရန်ကိစ္စရပ်များ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (SPV) ၏ အခန်းကဏ္ဍနှင့် ဖွဲ့စည်းပုံ၊ နှစ်လမ်းသွား ကားလမ်းဖောက်လုပ်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးတွဲအဆင့်မြင့်ကော်မတီ (JHC)ကျင်းပရန်ကိစ္စရပ်တို့ကို ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး နှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဆန်း နှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၆ ဦးနှင့် ထိုင်းနိုင်ငံဘက်မှ ကိုယ်စားလှယ် ၃၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ပတ်ဝန်းကျင်ဆိုင်ရာအကဲဖြတ်မှု လုပ်ဆောင်ရာတွင် သဟဇာတဖြစ်၍ လူ့အခွင့်အရေးကို အခြေခံသော ချဉ်းကပ်ဆောင်ရွက်မှု မြှင့်တင်နိုင်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃**

အာဆီယံ အစိုးရအချင်းချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်တို့ပူးပေါင်း၍ အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှု လုပ်ဆောင်ရာတွင် သဟဇာတဖြစ်၍ လူ့အခွင့်အရေးကိုအခြေခံသော ချဉ်းကပ်ဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ပတ်ဝန်းကျင် အကဲဖြတ်မှုနှင့် စပ်လျဉ်းသည့် ယေဘုယျသွင်ပြင်လက္ခဏာများဆိုင်ရာ ဒေသတွင်း ဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက်မှ ၃ ရက်အထိ ရန်ကုန်မြို့ရှိ Melia ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ အာဆီယံအစိုးရအချင်းချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်များ၊ အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ဆွေးနွေး**

အဆိုပါဆွေးနွေးပွဲသည် ၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့သည့် "အာဆီယံ အစိုးရအချင်းချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်၏ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုအပေါ် ထိရောက်စွာ အကဲဖြတ်ခြင်းအတွက် ဒေသတွင်းစီမံခန့်ခွဲမှုနည်းဗျူဟာများနှင့် လူ့အခွင့်အရေးကို အခြေခံသည့် ချဉ်းကပ်ဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ရလဒ်များအပေါ် အခြေခံ၍ ဆက်လက်ဆောင်ရွက်နိုင်ရန် ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် လက်ရှိပတ်ဝန်းကျင် အကဲဖြတ်မှု လုပ်ငန်းစဉ်များနှင့် ယေဘုယျသွင်ပြင်လက္ခဏာများကို စုစည်း၍ သုတပေါင်းချုပ်တစ်ရပ် ရေးဆွဲကြရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ထိရောက်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှုများအတွက် ဒေသတွင်းမူဘောင်တစ်ရပ် ဖြစ်ပေါ်လာစေရန်ဦးတည်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှုများအတွက် တည်ဆဲဥပဒေ မူဘောင်နှင့် သဟဇာတဖြစ်၍ လူ့အခွင့်အရေးကို အခြေခံသော ချဉ်းကပ်ဆောင်ရွက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# သဘာဝဘေးကြောင့် သီးနှံပျက်စီးမှုအတွက် တောင်သူများအား ထောက်ပံ့

**သိန်းနီ အောက်တိုဘာ ၃**

လားရှိုးခရိုင် သိန်းနီမြို့နယ်၌ သဘာဝဘေးကြောင့် သီးနှံပျက်စီးမှုများအတွက် သဘာဝဘေးထောက်ပံ့ရေး အရေးပေါ်ရန်ပုံငွေဖြင့် တောင်သူများအား ထောက်ပံ့ကြေးပေးအပ်ပွဲကို စက်တင်ဘာ ၃၀ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီတို့က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းထင်စိုးက ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သဘာဝဘေးထောက်ပံ့ရေးအဖွဲ့မှ တောင်သူများအား ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



**မှတ်သားဖွယ် မိုးရေချိန်များ**

**၃ -၁၀-၂၀၁၉ –** မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၄ ဒသမ ၄၄ လက်မ၊ မချမ်းဘောမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ထီးလင်းမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ဂန့်ဂေါမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၁၈ လက်မ၊ သပိတ်ကျင်းမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၀၂ လက်မနှင့် ပြင်ဦးလွင်မြို့တွင် ၀ ဒသမ ၉၄ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ (၂၀၁၉) အထိမ်းအမှတ်အခမ်းအနားနှင့် နှလုံးနှင့်နှလုံးသွေးကြောရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်ကုသမှုလုပ်ငန်းများ စတင်ခြင်းအခမ်းအနားများကျင်းပ

နေပြည်တော် အောက်တိုဘာ ၃

**ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ (၂၀၁၉) အထိမ်းအမှတ်အခမ်းအနားနှင့် နှလုံးနှင့် နှလုံးသွေးကြောရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်ကုသမှု လုပ်ငန်းများ စတင်ခြင်းအခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ (၂၀၁၉) အထိမ်းအမှတ်အခမ်းအနားနှင့် နှလုံးနှင့် နှလုံးသွေးကြောရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်ကုသမှုလုပ်ငန်းများ စတင်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက နှလုံးနှင့် နှလုံးသွေးကြောရောဂါအပါအဝင် မကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှုသည် များပြားလာလျက်ရှိပြီး လူတိုင်းတွင် ဖြစ်နိုင်ခြေရှိသဖြင့် ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ကုသမှု လုပ်ငန်းများသည် အလွန်အရေးကြီးပါကြောင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ အဝလွန်ခြင်း၊ အဆီနှင့်အငန်များ လွန်ကဲစွာစားသုံးခြင်း၊ သွေးတိုးရောဂါ ဖြစ်ပွားခြင်းနှင့် ဆီးချိုရောဂါများ ဖြစ်ပွားခြင်းတို့၏ နောက်ဆက်တွဲအနေဖြင့်လည်း နှလုံးရောဂါနှင့် နှလုံးသွေးကြောရောဂါများ ဖြစ်ပွားနိုင်ပါကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်စားသောက်မှုများကို လိုက်နာဆောင် ရွက်ခြင်းဖြင့် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုကို ကာကွယ်နိုင်သဖြင့် ပြည်သူများတွင် ကျန်းမာရေးအသိပညာကြွယ်ဝစေရေးမှာ အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် Mobile Tablet များကို အသုံးချကာ ကျေးလက်ဒေသများအထိ ကျန်းမာရေးအသိ ပညာမြှင့်တင်မှုလုပ်ငန်းများကို အရှိန် အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း။

## မူဘောင်စနစ်တစ်ခု

နှလုံးနှင့် သွေးကြောရောဂါများ ကြိုတင်ကာကွယ်ကုသမှုလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်နှင့် ကျေးလက်ဒေသများအထိ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နီးနွယ်ဆက်စပ်သည့် ဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့ အစည်းများ ပါဝင်ဆောင်ရွက်သည့် မူဘောင်စနစ်တစ်ခုကို ရေးဆွဲချမှတ်ကာ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

## ကြိုးပမ်း ဆောင်ရွက်လျက်ရှိ

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အဖွဲ့ဝင်နိုင်ငံများအတွက် အကြံပြုချက်များနှင့်အညီ ဝန်ကြီးဌာနအနေဖြင့် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု အခြေအနေနှင့် မူဝါဒကို စောင့်ကြပ်ကြည့်ရှုခြင်း၊ အများပြည်သူကို ဆေးလိပ်ငွေ့အန္တရာယ်မှ ကာကွယ်ခြင်း၊ ဆေးလိပ်ဖြတ်လိုသူများကို ကူညီခြင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီး အန္တရာယ်ကို အများပြည်သူသိရှိရန် အသိပညာပေး၍ သတိပေးခြင်း၊ ဆေးလိပ်ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ စပွန်ဆာပေးခြင်းများကို အလုံးစုံ တားမြစ်ပိတ်ပင်ခြင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးအပေါ် ကောက်ခံသည့် အခွန်တိုးမြှင့်ကောက်ခံခြင်းစသည့် လုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့ (မြန်မာ) မှ Technical Lead, Professor Anil Krishna က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးတက္ကသိုလ်၊ (၁) နှလုံးဆေးကုဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ နွယ်နွယ်က နှလုံးနှင့် နှလုံးသွေးကြောရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်ကုသမှု လမ်းညွှန်နှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်ကံကောင်းက ရှေ့ဆက်လုပ်ဆောင်ရမည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်နှင့် တာဝန်ရှိသူများသည် အထိမ်းအမှတ် ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုကြသည်။ **သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကမ္ဘာလုံးဆိုင်ရာ သက်ရွယ်ကြီးရင့်မှုနှင့် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးဆိုင်ရာ အာရှ-ဥရောပညီလာခံပိတ်ပွဲ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ယနေ့တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ Westin Chosun ဟိုတယ်၌ ကျင်းပသော စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ သက်ရွယ်ကြီးရင့်မှုနှင့် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးဆိုင်ရာ အာရှ-ဥရောပ ညီလာခံပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ညီလာခံတွင် အာရှနှင့် ဥရောပနိုင်ငံများမှ သက်ကြီးရွယ်အိုနှင့် စပ်လျဉ်း၍ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ အကြံဉာဏ်များနှင့် အတွေ့အကြုံများ မျှဝေခြင်းကို ဆောင်ရွက်ကြသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ ကျန်းမာရေးနှင့် သာယာဝပြောရေးဆိုင်ရာဝန်ကြီးဌာနရှိ Korea Disability Development Institute ၏ President, Ms. Choi Kyungsuk နှင့် တွေ့ဆုံ၍ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ မသန်စွမ်းသူများအား assisted device များပေးအပ်နိုင်ရေး၊ မသန်စွမ်းသူများ လွယ်ကူစွာ သွားလာလှုပ်ရှားနိုင်ရေးတို့နှင့် စပ်လျဉ်း၍ KODDI အဖွဲ့အစည်း၏ ဆောင်ရွက်ချက်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးကြသည်။

ယင်းနောက် KODDI အဖွဲ့၏ ပံ့ပိုးမှုဖြင့် မသန်စွမ်းသူများ ဖွင့်လှစ်ထားသော "I got everything" ကော်ဖီဆိုင်၌ ဉာဏ်ရည်မသန်စွမ်းသူများ၊ ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများအနေဖြင့် အန္တရာယ်ကင်းစွာ အလုပ်လုပ်နိုင်ရေး ဆောင်ရွက်ထားရှိမှုများ၊ မသန်စွမ်းသူများ စက်ပစ္စည်းကိရိယာများ ကိုင်တွယ်ရာတွင် အန္တရာယ်မဖြစ်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ကော်ဖီဆိုင်များအား အစိုးရ၊ KODDI နှင့် မသန်စွမ်းအေဂျင်စီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ဖွင့်လှစ်ထားရှိမှုများကို လေ့လာပြီး အဆိုပါ ကော်ဖီဆိုင်များအား မြန်မာနိုင်ငံရှိ ရန်ကုန်နှင့် နေပြည်တော်အပါအဝင် မြို့ကြီးများတွင် ဖွင့်လှစ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် လေ့လာခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်နှင့်အတူ ဆိုးလ်မြို့ မြန်မာသံရုံးတွင် မြန်မာကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။ **သတင်းစဉ်**

# ပြည်တွင်း ပြည်ပမှ စက်မှုလက်မှု လုပ်ငန်းပေါင်း ၇၀ ကျော်ပါဝင်သည့် Myanmar Build & Decor 2019 ပြပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃**

ပြည်တွင်း ပြည်ပမှ စက်မှုလက်မှုလုပ်ငန်းပေါင်း ၇၀ ကျော်ပါဝင်ပြသသည့် Myanmar Build & Decor 2019 ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ Fortune Plaza တွင် ပြုလုပ်သည်။

## ပူးပေါင်း ကျင်းပ

အဆိုပါ ပြပွဲကို ထိုင်းနိုင်ငံ ICVeX ကုမ္ပဏီက ကြီးမှူး၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဗိသုကာအသင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ စသည့်အသင်းအဖွဲ့များမှ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

## ကုမ္ပဏီ စုစုပေါင်း ၇၀ ကျော် လာရောက်

ထိုင်းနိုင်ငံ ICVeX မှ အထွေထွေမန်နေဂျာ Mr. Chinakit Viphavakit က ''ဆောက်လုပ်ရေးဆိုင်ရာ အသိပညာရပ်တွေကို မြန်မာနိုင်ငံနဲ့ နိုင်ငံတကာက ပူးပေါင်းဖလှယ်ပြီးတော့ အပြန်အလှန်ထိတွေ့မှုရှိစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ခုလိုကျင်းပတာ ဖြစ်ပါတယ်။ ကုမ္ပဏီ စုစုပေါင်း ၇၀ ကျော် လာရောက်ကြမယ့် အထဲကမှ ပညာရှင်တွေ၊ လုပ်ငန်းရှင်တွေအတွက် တကယ့်ကို စီးပွားရေးမိတ်ဖက်ကောင်းတွေ ရရှိလာမယ့် အခွင့်အရေးကိုလည်း ရရှိမှာဖြစ်ပါတယ် '' ဟုပြောသည်။

## ဆွေးနွေးပွဲများ ပါဝင်

အောက်တိုဘာ ၅ ရက်အထိ သုံးရက်တာ ကျင်းပမည့် အဆိုပါ ပြပွဲတွင် ထိုင်း၊ မြန်မာ၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ တရုတ်၊ စင်ကာပူ၊ မလေးရှား၊ ထိုင်ဝမ် အစရှိသည်တို့မှ ဗိသုကာနှင့် ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းများ၊ အိမ်တွင်းအလှဆင် ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ ပါဝင်ပြသပေးသွားမည်ဖြစ်သည့်အပြင် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ ဗိသုကာအသင်း(AMA)၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်( MCEF)၊ အစိုးရ စက်မှုလက်မှုသိပ္ပံ (A. G.T. I) အစရှိသည့် အသင်းအဖွဲ့များမှ ဗိသုကာဆိုင်ရာ၊ ဆောက်လုပ်ရေးဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ကာကွယ်မှု နည်းပညာဆိုင်ရာများ၊ အသိပညာ ဗဟုသုတဟောပြောပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများ ပါဝင်ကြောင်း သိရသည်။ **မင်းသစ် (MNA)**

# ပီတိနယ်မှ ဂါရဝပြယုဂ်များ

မောင်မြကျော်

**နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့သည် ကမ္ဘာ့ဆရာများနေ့ဖြစ်ပါသည်။ လူမျိုး၊ ဘာသာ၊ လူ့အဖွဲ့အစည်းအမျိုးမျိုး၌ ဆရာကို ကျေးဇူးရှင်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံတွင် ဆရာကို အနန္တငါးပါးဝင်ကျေးဇူးရှင်အဖြစ်လည်းကောင်း တန်ဖိုးထားလေးစား၍ ပူဇော်ကန်တော့ကြသည့်အစဉ်အလာဓလေ့တစ်ခု ထွန်းကားလျက်ရှိပါသည်။ ကမ္ဘာတည်သရွေ့၊ လူသားမျိုးဆက်များ တည်ရှိနေသရွေ့ အစဉ်ထာဝရလိုက်နာဆောင်ရွက်သင့်သည့် ဓလေ့ကောင်း၊ ဓလေ့မြတ်တစ်ခုဖြစ်သည်ဟု ဆိုနိုင်ပါသည်။**




### မြန်မာနိုင်ငံနှင့်ကမ္ဘာ့ဆရာများနေ့

မြန်မာနိုင်ငံတွင် ၂၀၀၂ ခုနှစ်မှစတင်၍ ကမ္ဘာ့ဆရာများနေ့ကို နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ အစဉ်တစိုက် ကျင်းပလာခဲ့ရာ ယခု ၂၀၁၉ ခုနှစ်တွင် (၁၇)ကြိမ်မြောက်တိုင်တော့မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပြုလုပ်သည့် ကမ္ဘာ့ဆရာများနေ့အခမ်းအနားတွင် ဆုနှစ်မျိုး နှစ်စားခွဲခြား၍ပေးအပ်သည်ကို တွေ့ရပါသည်။ ပထမတစ်မျိုးမှာ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးဆုဖြစ်ပြီး ဒုတိယတစ်မျိုးမှာ ထူးချွန်ဆရာဆု ဖြစ်ပါသည်။

ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးဆုကို အငြိမ်းစားဆရာကြီး ဆရာမကြီးများထဲမှ ပညာရပ်နယ်ပယ် အလိုက် ၎င်းတို့၏ တစ်သက်တာစွမ်းဆောင်ချက်များအရ လည်းကောင်း၊ ထူးချွန်ဆရာဆုကို လက်ရှိ တာဝန်ထမ်းဆောင်နေဆဲ ဆရာဆရာမများထဲမှ ၎င်းတို့၏ စွန့်လွှတ်စွန့်စား အနစ်နာခံ ဆောင်ရွက်ချက်များ၊ ပညာရေးလုပ်ငန်းအတွက် တီထွင်ကြံဆသုတေသနလုပ်ငန်း ဆောင်ရွက်ချက်များစသည့် ထူးခြားပြောင်မြောက်သည့် စွမ်းဆောင်ရည်များအရ လည်းကောင်း ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပါသည်။

တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့်မူလတန်းအဆင့်များအလိုက် ဆရာ၊ ကျောင်းသားများ၏ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာ၊ ပိုစတာ ပြိုင်ပွဲများ ကျင်းပ၍ ဆုအသီးသီးကိုလည်း ပုံမှန်နှစ်စဉ်ချီးမြှင့်ပေးအပ်ပါသည်။

### ပညာတန်ဆောင်နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့၏ထူးချွန်ဆရာဆု

မြန်မာနိုင်ငံတွင် ပညာတန်ဆောင်နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း(ဥက္ကဋ္ဌ ဦးကိုကိုထွေး)တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရွေးချယ်ချီးမြှင့်သည့် ထူးချွန်ဆရာဆု တစ်မျိုးလည်း ရှိပါသည်။

၂၀၁၄ ခုနှစ်မှစတင်၍ တော်ဝင်ဖောင်ဒေးရှင်းမှ နှစ်စဉ် ကျပ်သိန်း ၉၀၀ မတည်လှူဒါန်းသည့် ထူးချွန်ဆရာဆု ရွေးချယ်ချီးမြှင့်ရေးဦးစီးကော်မတီသည် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းဆရာဆရာမများကို ကျောင်းအဆင့်မှသည် မြို့နယ်၊ တိုင်းဒေသကြီး၊ ဗဟိုအဆင့်အထိ ရေးဖြေ၊ နှုတ်ဖြေ၊ လက်တွေ့တန်းပြ စစ်ဆေးမှုများဖြင့် အဆင့်ဆင့်စနစ်တကျ စိစစ်ရွေးချယ်ခြင်းဖြစ်ပါသည်။

အဆိုပါ ဦးစီးကော်မတီသည် ဗဟိုအဆင့်ထူးချွန်ဆရာ ပထမ၊ ဒုတိယ၊ တတိယ သုံးဦးစီကို အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် သုံးဆင့်အတွက် ရွေးချယ်ခြင်းဖြစ်သောကြောင့် စုစုပေါင်း ထူးချွန်ဆရာ ကိုးဦး နှစ်စဉ်ပေါ်ထွန်းလျက်ရှိပါသည်။ ရွေးချယ်ခံရသည့်ထူးချွန်ဆရာများအား ဆုချီးမြှင့်ငွေအဖြစ် ပထမ ငွေကျပ်သိန်း ၄၀၊ ဒုတိယ ငွေကျပ်သိန်း၂၀၊ တတိယ ငွေကျပ် ၁၀ သိန်း ချီးမြှင့်ဂုဏ်ပြုသည့် ထူးချွန်ဆရာဆုတစ်မျိုးဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်မှ စ၍ အဆိုပါ အစီအစဉ်ကို ခေတ္တရပ်နားထားပါသည်။

### မဟာချက်ကရီသီရိဒုံ၏ ထူးချွန်ဆရာဆု

နှစ်နှစ်တစ်ကြိမ် ကျင်းပမြဲဖြစ်သော ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံ၏ Princess Maha Chakri Award (PMCA) ခေါ် အရှေ့တောင်အာရှအာဆီယံထူးချွန်ဆရာဆုမှာလည်း စိတ်ဝင်စားစရာကောင်းလှပါသည်။

ဤထူးချွန်ဆုသည် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ထိုင်း၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ဖိလစ်ပိုင်၊ ဘရူနိုင်းနှင့် အရှေ့တီမောစသည့် အာဆီယံ ၁၁ နိုင်ငံမှ ထူးချွန်ဆရာတစ်ဦးစီကို ရွေးချယ်၍ ပေးအပ်သောဆုဖြစ်ပါသည်။

အရှေ့တောင်အာရှနိုင်ငံအသီးသီးမှ တင်သွင်းလာသော အသင်အပြကောင်းမွန် ထူးချွန်သူ ဆရာဆရာမများ အမည်စာရင်းကို ထိုင်းဘုရင့်သမီးတော် ဥက္ကဋ္ဌအဖြစ်ပါဝင်သော ဆုရွေးချယ်ရေးကော်မတီက စိစစ်ရွေးချယ်ခြင်းဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် အရှေ့တောင်အာရှ ၁၁ နိုင်ငံမှ ဆရာတစ်ဦးစီ ရွေးချယ်ခံခဲ့ရပါသည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါဆုကို ၂၀၁၅ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ အမှတ်(၂) အခြေခံပညာအထက်တန်းမှ အထက်တန်းပြဆရာမ ဒေါ်ရည်မွန်စိုးက ပထမဆုံးအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ရွာသာကြီး အထကမှ အထက်တန်းပြ ဆရာဦးသန်းထွန်းက ဒုတိယအကြိမ်အဖြစ် လည်းကောင်း၊ ယခု ၂၀၁၉ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျောက်မဲ အထကမှ အထက်တန်းပြ ဆရာဦးမောင်ကြိုင်က တတိယအကြိမ်အဖြစ်လည်းကောင်း ဆွတ်ခူးရရှိကြပါသည်။ ဆု၏တန်ဖိုးမှာ ရွှေစင် တစ်ဘတ်သား(တစ်ကျပ်သားခန့်)ဖြင့် သွန်းလောင်းထားသော အာစရိယ ထူးချွန်တံဆိပ်တစ်ခုနှင့် ငွေသား အမေရိကန်ဒေါ်လာတစ်သောင်းဖြစ်ပါသည်။

### ကမ္ဘာ့ထူးချွန်ဆရာဆု

**၁။ နန်စီအတ်ဝဲလ် (အမေရိကန်၊၂၀၁၅)**

ပထမအကြိမ် တစ်ကမ္ဘာလုံးဆိုင်ရာ သင်ကြားပို့ချမှုအကောင်းဆုံးဆု (Global Teaching Prize)ကို အမေရိကန်နိုင်ငံသူ နန်စီအတ်ဝဲလ်က ၂၀၁၅ ခုနှစ် မတ်လ ၂၃ ရက်နေ့ ဒူဘိုင်းမြို့တွင် ကျင်းပသည့် အခမ်းအနားတွင် ရရှိခဲ့ပါသည်။

သူမသည် ၁၉၇၃ ခုနှစ်တွင် ၇-၈တန်း ကလေးများနှင့် သူမ၏ဘဝကိုစတင်ခဲ့ပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် မိုင်နီပြည်နယ် အက်ဒ်ဂီကွန့်ဘ်မြို့၌ ပရဟိတကျောင်းလေး တစ်ကျောင်းတည်ထောင်ဖွင့်လှစ်ခဲ့သည်။ သူမသည် စာအုပ်ကိုးအုပ် ရေးသားထုတ်ဝေခဲ့ပြီး ယင်းအထဲမှ In the Middle စာအုပ်သည် အုပ်ရေငါးသိန်းကျော် ရောင်းချခဲ့ရသည်။ သူမရရှိသည့် ဆုကြေးငွေ အမေရိကန်ဒေါ်လာတစ်သန်းကို သူမတည်ထောင်ခဲ့သည့် ပရဟိတကျောင်းအတွက် ရန်ပုံငွေအဖြစ် လှူဒါန်းခဲ့ပါသည်။

**၂။ ဟန်နာ အယ်လ်ဟာရော့(ပါလက်စတိုင်း၊၂၀၁၆)**

ဒုတိယအကြိမ် ကမ္ဘာ့ထူးချွန်ဆရာဆုကို ပါလက်စတိုင်း AL–Birch မြို့ Samiha Khalil အထက်တန်းကျောင်းမှ မူလတန်းပြဆရာမ Haman AL Hrouh က 'ကလေးများကို ကစားရင်း ပညာသင်' (We Play and Learn) သင်ရိုးညွှန်းတမ်းစာအုပ်ဖြင့် ၂၀၁၆ ခုနှစ်တွင် ရရှိခဲ့ပါသည်။

ကမ္ဘာတစ်ဝန်းလုံးမှ ဆရာဆရာမပေါင်း ၈၀၀၀ ကျော်ကို စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ သူမသည် ဤဆုကို ဂျပန်၊ ကနေဒါ၊ ကင်ညာ၊ အမေရိကန်ဆရာများနှင့် ယှဉ်ပြိုင်၍ ရယူနိုင်ခဲ့ခြင်းဖြစ်ပါသည်။ အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့တွင် အခမ်းအနားကျင်းပပြီး ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ဗီဒီယိုထုတ်လွှင့်မှုမှတစ်ဆင့် ဆုရှင်အဖြစ်ကြေညာပေးခဲ့သည်။ ဆုကို ဒူဘိုင်းစော်ဘွားက ချီးမြှင့်ပေးခဲ့သည်။ ဗြိတိန် အိမ်ရှေ့မင်းသား ဝီလျံ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် အမေရိကန် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်တို့က လည်း ချီးမွမ်းဂုဏ်ပြုသတင်းစကားများ ပေးပို့ခဲ့ပါသည်။

ဤဆုပေးနိုင်ရန်အတွက် ဗာကေး(Varkey) ပညာရေးပရဟိတဖောင်ဒေးရှင်းကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ အခြေစိုက်ထားရှိပြီး ၂၀၁၃ခုနှစ်တွင် ယူအေအီးဝန်ကြီးချုပ်နှင့် ဒူဘိုင်းစော်ဘွားတို့က တည်ထောင်ခဲ့ပါသည်။

ဆရာမ ဟန်နာက သူမရရှိသည့် ဆုကြေးငွေ အမေရိကန် ဒေါ်လာတစ်သန်းကို သူမ၏ သင်ကြားနည်းစနစ်အတွက် လည်းကောင်း၊ ပါလက်စတိုင်းဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများအတွက် လည်းကောင်း အသုံးပြုမည်ဟု ပြောကြားခဲ့ပါသည်။ ပါလက်စတိုင်း ဒုက္ခသည်စခန်းတွင် လူလားမြောက်ကြီးပြင်းခဲ့ရသော ဆရာမသည် ကျောင်းဆရာမဘဝရောက်ချိန်တွင် ကျောင်းသားများကို အကြမ်းမဖက်ရေးဝါဒအကြောင်း သင်ကြားပြသခဲ့ပါသည်။

**၃။ မဂ္ဂီမက်ဒေါ်နယ်(ကနေဒါ၊ ၂၀၁၇)**

၂၀၁၇ ခုနှစ် တတိယအကြိမ်မြောက် ဒေါ်လာတစ်သန်းတန် ကမ္ဘာ့ထူးချွန်ဆရာဆုကို ကနေဒါနိုင်ငံမြောက်ပိုင်းမှ ဆရာမ မဂ္ဂီမက်ဒေါ်နယ်က ရရှိခဲ့ပါသည်။ ဤဆုရရှိခြင်းအတွက် ကနေဒါနိုင်ငံသမ္မတကိုယ်တိုင် ဂုဏ်ပြုစကား ပြောကြားခဲ့ပါသည်။

ကနေဒါမြောက်ပိုင်းမှ ကလေးများအား ဆင်းရဲမွဲတေမှုကြောင့် တသီးတခြားဖြစ်နေသော လူမှုဝန်းကျင်ကို ပြောင်းလဲလာစေရန်နှင့် ကျန်းမာရေးကဏ္ဍတိုးတက်စေရန် ဆောင်ရွက်ပေးနိုင်မှုကြောင့် ဆုရရှိခြင်းဖြစ်ပါသည်။ ဤဒေသမှ ကလေးအများစုသည် ဆင်းရဲမွဲတေမှုကြောင့် မိမိကိုယ်ကိုပင် သေကြောင်းကြံစည်မှု ပြုလုပ်ကြသည်အထိ ဆင်းရဲနိမ့်ကျသည့် ဒေသဖြစ်ပါသည်။

**၄။ အင်ဒရီယာဇာမီရာကူ (ဗြိတိန်၊ ၂၀၁၈)**

၂၀၁၈ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆရာဆုကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့အတွင်းပိုင်း ဘရန့်မြို့ရှိ အယ်လ်ဘာတန် အသက်မွေးဝမ်းကျောင်းကောလိပ်မှ ဆရာမ အင်ဒရီယာဇာမီရာကူက ရရှိပါသည်။ ဆုပေးပွဲအခမ်းအနားကို ဒူဘိုင်းမြို့၌ မတ်လ ၁၈ ရက်နေ့က ကျင်းပခဲ့ပါသည်။ ဆုငွေမှာ ဒေါ်လာတစ်သန်းပင်ဖြစ်ပါသည်။

သူမသည် ပန်းချီ၊ ပန်းပုနှင့် အထည်အလိပ်ဆိုင်ရာ ဘာသာရပ်ကို သင်ကြားသည်။ ယခုနှစ်ဆုအတွက် ကမ္ဘာတစ်ဝန်းလုံးက ပါဝင်ယှဉ်ပြိုင်သူ ၃၀၀၀၀ ကျော်ရှိခဲ့သည်။

ကျောင်းတည်ရှိရာ ဘရန့်မြို့သည် လူမျိုးစုအမျိုးမျိုးကွဲပြားပြီး ခေတ်နောက်ကျကျန်ရစ်သည့် မြို့တစ်မြို့ဖြစ်သည်။ ကျောင်းသားအများစုမှာ ဆင်းရဲနိမ့်ကျမွဲတေမှုဒဏ်ကို မိသားစုနှင့်အတူ ရင်ဆိုင်ခံစားကြရသူများဖြစ်သည်။ ယင်းမြို့တွင် အကြမ်းဖက်မှုကလည်း ထူပြောသည်။ ဆရာမ သည် ကျောင်းသားလူငယ်များအား စိတ်ဓာတ်အပြောင်းအလဲဖြစ်အောင် လုပ်နိုင်ခဲ့ကြောင်း၊ ဟောင်းနွမ်းနေသော သင်ရိုးညွှန်းတမ်းကို ပြင်ဆင်နိုင်ခဲ့ကြောင်း၊ လူမျိုးစုအမျိုးမျိုးကွဲပြားနေသော ယင်းဒေသမှ ဘာသာစကား ၃၅ မျိုး၏ အခြေခံသဘောကို အပင်ပန်းခံလေ့လာခဲ့ကြောင်း၊ ဘာသာ စကားအမျိုးမျိုးကွဲပြားနေသော မိဘ၊ ကျောင်းသားများနှင့် ပြောဆိုဆက်ဆံမှုပြုလုပ်နိုင်ခဲ့ကြောင်း၊ ဆရာမ၏ ဂုဏ်ပုဒ်ကို ဖော်ထုတ်ချီးကျူးထားပါသည်။

**၅။ ပီတာ တာဘီချီ (ကင်ညာ၊ ၂၀၁၉)**

၂၀၁၉ ခုနှစ် ကမ္ဘာ့အကောင်းဆုံးဆရာဆုကို အသက် ၃၇ နှစ်အရွယ် ကင်ညာနိုင်ငံသား ပီတာ တာဘီချီက ဒေါ်လာတစ်သန်းတန်ဆု ဆွတ်ခူးရရှိပါသည်။ သူသည် သင်္ချာနှင့် ရူပဗေဒဘာသာရပ်ပြဆရာဖြစ်ပြီး သူ့လစာ၏ ၈၀ ရာခိုင်နှုန်းကို ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများဖြစ်သော ပညာရေး၊ စိုက်ပျိုးရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုကိစ္စများတွင် လှူဒါန်းသည်။

သူသင်ပြသော ကျောင်းမှာ အလွန်ဝေးလံခေါင်သီသောဒေသရှိ ကာရီကို အထက်တန်းကျောင်းဖြစ်သည်။ ကျောင်းသားကျောင်းသူများ၏ ၉၅ ရာခိုင်နှုန်းမှာ အလွန်ဆင်းရဲနွမ်းပါးကြပြီး နံနက်စာကိုပင် မစားခဲ့ရဘဲ ကျောင်းလာတက် ကြသူများဖြစ်ပါသည်။ ၃၀ ရာခိုင်နှုန်းသော ကျောင်းသား ကျောင်းသူများမှာ မိဘမဲ့ သို့မဟုတ် မိဘတစ်ဦးတည်းရှိ သော သားသမီးများဖြစ်ကြသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများ၊ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်မိန်းကလေးများနှင့် ဆယ်ကျော်သက်အရွယ်တွင် အိမ်ထောင်ကျသူများ ဖြစ်သောကြောင့် ကျောင်းထွက်စေပြီး ကျောင်းထွက်နှုန်းများသော အခြေအနေဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိ မည်သည့်နေရာဒေသတွင်မဆို ဆရာနှင့် တပည့်များ စာသင်ကျောင်းတစ်နေရာ၌ အတူတကွ သင်ကြားသင်ယူနိုင်သည့် အခြေအနေတစ်ရပ်ကို ငြိမ်းချမ်းရေးဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ ဆရာသည် ရေဖြစ်ပြီး တပည့်သည် ရေကိုမှီ၍ ပွင့်လန်းသော ကြာဖြစ်ပါသည်။ ဆရာသည် စမ်းချောင်းဖြစ်ပြီး တပည့်သည် စမ်းရေထဲ ကူးခပ်ရှင်သန်နေသော ငါးကလေးများဖြစ်ပါသည်။ ဆရာသည် ဥယျာဉ်မှူးဖြစ်ပြီး တပည့်သည် ဥယျာဉ်ထဲက ရောင်စုံပန်းကလေးများ ဖြစ်ပါသည်။ ဆရာသည် ကောင်းကင်ဖြစ်ပြီး တပည့်သည် လွပ်လပ်စွာ ပျံသန်းနေသော ငှက်ကလေးများဖြစ်ပါသည်။ ဆရာအား စောင့်ရှောက်ခြင်းသည် ကမ္ဘာကြီး အစွန့်ရှည်တည်တံ့စေဖို့ဖြစ်ပါသည်။ ငြိမ်းချမ်းသော ပီတိနယ်မြေ၌ ဂါရဝတရားများ အစဉ်ထာဝရ ထွန်းကားနိုင်ပါစေသတည်း။ ။

ကမ္ဘာပေါ်ရှိ မည်သည့်နေရာဒေသတွင်မဆို ဆရာနှင့် တပည့်များ စာသင်ကျောင်းတစ်နေရာ၌ အတူတကွ သင်ကြားသင်ယူနိုင်သည့် အခြေအနေတစ်ရပ်ကို ငြိမ်းချမ်းရေးဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဗြိတိန်နိုင်ငံသံအမတ်ကြီးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် ဌာနေကိုယ်စားလှယ်တို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr. Daniel Patrick Chugg နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ ဌာနေကိုယ်စားလှယ် Mr. Peter Batchelor အား ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ဗြိတိန်နိုင်ငံသံအမတ်ကြီးနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းတာဝန်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဆောင်ရွက်လျက်ရှိသည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ စီမံကိန်းများ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုမှုများတွင် သက်ဆိုင်ရာတရားစွဲ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အမှုလိုက်ပါဆောင်ရွက်မှု၊ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) နှင့် အာရှ-ပစိဖိတ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့(APG)တို့၏ လုပ်ငန်းစဉ်များတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပါဝင်ဆောင်ရွက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်း တားဆီးနှိမ်နင်းရေး ကိစ္စရပ်များတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ဌာနေကိုယ်စားလှယ်နှင့် တွေ့ဆုံစဉ် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား ဆောင်ရွက်လျက်ရှိသည့် ပူးပေါင်းဆောင်ရွက်မှု၊ အဆိုပါပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် အောင်မြင်မှုများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ဥပဒေအရာရှိများအား သင်ကြားလေ့ကျင့်ပေးမှု ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ် Mr. Peter Batchelor အား လက်ခံတွေ့ဆုံစဉ်။



# ပြည်သူများ၏ တိုင်ကြားစာများဆိုင်ရာကိစ္စနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ အခန်းကဏ္ဍများတွင် ကူညီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃**

ပြည်သူ့လွှတ်တော်၊ လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်စုစုလွင်သည် Hanns Seidel Foundationမှ ဌာနေကိုယ်စားလှယ် Mr. Achim Munz အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်၊ အဆောင်အမှတ် (I–1)အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် Hanns Seidelအနေဖြင့် မြန်မာလွှတ်တော်နှင့် အနာဂတ်ကာလတွင် ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကိစ္စ၊ ဖက်ဒရယ်ဝါဒဖော်ဆောင်နိုင်ရေး၊ ပြည်သူများ၏ တိုင်ကြားစာများဆိုင်ရာကိစ္စနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ အခန်းကဏ္ဍများတွင် ကူညီဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ဂျပန်အစိုးရက ပေးအပ်သည့် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ကြောင့် ချစ်ကြည်ရေးပိုမိုတိုးတက်ခိုင်မာလာမည်ဟု ဂျပန်အစိုးရမျှော်လင့်

**နေပြည်တော် အောက်တိုဘာ ၃**

ဂျပန်အစိုးရသည် မြန်မာနိုင်ငံတွင် အသေးစားစီမံကိန်းများထောက်ပံ့ရေး အစီအစဉ်များကို ၁၉၉၃ ခုနှစ်မှ စတင်ခဲ့ရာ ယင်းအစီအစဉ်ပါ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့ဖြစ်သည့် စာသင်ကျောင်းများ ဆောက်လုပ်ပြီးစီးခဲ့သဖြင့် လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပြသနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ထားသည်။

ဂျပန်အစိုးရသည် ၎င်း၏ ထောက်ပံ့ရေးအစီအစဉ်တွင် အမေရိကန်ဒေါ်လာ ၃၉၇၀၀၃ ကို ပေးအပ်ခဲ့ရာ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁၃)ပုဗ္ဗာရုံဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း ဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၂၁၀၉၁၂ နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၅) သီလရှင်ပညာရေး အလယ်တန်းကျောင်း ဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၈၆၀၉၁ တို့ကို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

အမှတ်(၁၃)ပုဗ္ဗာရုံဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း **(ယာပုံ)** တွင်ကျောင်းသား ကျောင်းသူအားလုံး တက်ရောက်ရန်အတွက် စာသင်ခန်း မလုံလောက်ခဲ့ခြင်းကြောင့် ကလေးများ ပညာသင်ယူရန် အခက်အခဲများ ဖြစ်ခဲ့ကြရသဖြင့် ယခုကဲ့သို့ တည်ဆောက်ပေးရခြင်းဖြစ်ကြောင်း ဂျပန်သံရုံးက သတင်းထုတ်ပြန်ချက်အတွင်း ထည့်သွင်းဖော်ပြထားသည်။

ပိုမိုကောင်းမွန်သည့် ကျောင်းပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရေးအတွက် ဂျပန်အစိုးရက စာသင်ခန်း ၁၀ ခန်းနှင့် ကျောင်းသုံးပရိဘောဂ အပြည့်အစုံပါဝင်သော နှစ်ထပ်သံကူကွန်ကရစ်ကျောင်းဆောင် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ ထိုပံ့ပိုးမှုကြောင့် ကျောင်းတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများနှင့်ဆရာ ဆရာမ စုစုပေါင်း ၃၀၀ ကျော် အကျိုးကျေးဇူးရရှိမည် ဖြစ်သည်။



ထို့အတူ အမှတ်(၅) သီလရှင်သင်ပညာရေး အလယ်တန်းကျောင်းသည် ပညာရေးထောက်ပံ့မှုကို လိုအပ်သော ကလေးများအတွက် အားသွန်ခွန်စိုက် ထောက်ပံ့ပေးလျက်ရှိပြီး ဒေသခံပြည်သူများကလည်း ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် စာသင်ခန်းများ ဆောက်လုပ်ထားကြသည်။ သို့သော် စာသင်ခန်းများသည် ရာသီဥတုဒဏ်ခံစားရခြင်း၊ သင့်တော်သည့် စာသင်ခန်းများ မဖြစ်ခြင်းတို့ကြောင့် စာသင်ယူရန် အခက်အခဲများစွာ ကြုံတွေ့နေရသဖြင့် ဂျပန်အစိုးရက အကူအညီများ ပေးအပ်ခြင်းဖြစ်ပြီး ယင်းစီမံကိန်းကြောင့် ကျောင်းရှိ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ စုစုပေါင်း ၅၅၀ ကျော်အတွက် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း သိရှိရသည်။

စာသင်ကျောင်းများ ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ပြီး လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၂၆ ရက်က ကျင်းပခဲ့ရာ အခမ်းအနားများသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး ဒုတိယအတွင်းဝန် မစ္စတာ ဟီရိုယူကီအိုအိရီ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင်းဆွေ၊ ဆောက်လုပ်ရေးစီမံကိန်းကော်မတီဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဂျပန်နိုင်ငံအစိုးရမှ အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှစတင်၍ စီမံကိန်းပေါင်း ၉၀၄ ခုကို ထောက်ပံ့ခဲ့ပြီးဖြစ်ရာ ပညာရေးကဏ္ဍစီမံကိန်းပေါင်း ၄၆၇ ခု၊ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ရေး စီမံကိန်းပေါင်း ၂၀၀ နှင့် လူမှုဖူလုံရေးနှင့် ပတ်ဝန်းကျင်စီမံကိန်းပေါင်း ၁၄၀၊ အခြေခံအဆောက်အအုံ စီမံကိန်းပေါင်း ၆၁ ခုနှင့် အခြားအမျိုးမျိုးသော စီမံကိန်းပေါင်း ၃၆ ခုတို့ကို ထောက်ပံ့ထားကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သိရှိရပြီး ယင်းအထောက်အပံ့များကြောင့်လည်း လက်ရှိ ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း ပိုမိုတိုးတက်ခိုင်မာလာစေလိမ့်မည်ဟု မျှော်လင့်ထားကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ခင်ရတနာ**

# ယူနီဆက်မြန်မာမှ ချောင်းဆုံမြို့နယ် ပြည်သူ့စာကြည့်တိုက်သို့ တိုင်းရင်းသားဘာသာပုံပြင် စာအုပ်များလှူဒါန်း

**ချောင်းဆုံ အောက်တိုဘာ ၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြည်သူ့စာကြည့်တိုက်သို့ ယူနီဆက်မြန်မာမှ စာကြည့်တိုက်တွင် တိုင်းရင်းသားဘာသာစာပေကိုလေ့လာနိုင်ရန်နှင့် ဘာသာစကားအသုံးပြုရန် သင်ထောက်ကူဖြစ်စာအုပ်များကို ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းရင်းသားဘာသာပုံပြင် ကလေးစာပေ၊ စာအုပ် ၂၅၀ ကို လာရောက်လှူဒါန်းခဲ့သည်။

အဆိုပါစာအုပ်တွင် မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများဖြစ်ကြသည့် ပေါင်းညွှမ်နာဂ၊ ပိုးကရင်၊ တအောာ၊ ဘွဲ့ကရင်၊ ဂုံရှမ်း၊ မော်ကယ်(ဆလုံ)၊ အနူး၊ ကိုကော့မျိုးနွယ်စု၊ တောင်ရိုး၊ လူရှိုင်းစသည့် လူမျိုး ၂၅ မျိုးတို့၏ ဘာသာစကား ၂၅ ခုပါဝင်သည့် စာပေနှင့် ရိုးရာရုပ်ပြ ပုံပြင်များပါဝင်ပြီး ဘာသာစကားလေ့လာသူများအနေဖြင့် အထောက်အကူများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံနဲ့ World Bank’s Ease of Doing Business

## အောင်ထူး

**၂၀၂၀ ပြည့်နှစ်၊ ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှု အညွှန်းကိန်း (World Bank’s Ease of Doing Business Index)နဲ့ ပတ်သက်လို့ မြန်မာနိုင်ငံကို ပြုပြင်ပြောင်းလဲမှုပြုလုပ်တဲ့ ထိပ်ဆုံးကနိုင်ငံ (၂၀) မှာ မြန်မာနိုင်ငံကို ထည့်သွင်းအသိအမှတ်ပြုထားကြောင်း ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ(၂၇)ရက်၊ သောကြာနေ့က ကမ္ဘာ့ဘဏ်အတိုင်ပင်ခံ မစ္စတာဂျူဆေး ရီကာဒို ဆီးဗားက ပြောကြားခဲ့ပါတယ်။**

ပြည်တွင်းမှာရော နိုင်ငံတကာမှာပါ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ မကောင်းပြောနေကြတဲ့အချိန်မှာ ဒီလိုရှားပါးလှတဲ့ ချီးကျူးမှုလေးရရှိခဲ့တာဟာ ကျွန်တော်တို့အတွက်တော့ အလွန်ကို ဝမ်းမြောက်စရာပါ။ ဒီဝမ်းမြောက်စရာသတင်းအပေါ်မှာလည်း ပြည်တွင်းကဝေဖန်မှုတွေ ပေါ်ပေါက်လာနိုင်တယ်ဆိုတာတော့ မျှော်လင့်ထားပြီးသားပါ။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရ လွယ်ကူမှုနဲ့ ပတ်သက်လို့ ကမ္ဘာ့ဘဏ်ရဲ့ အညွှန်းကိန်းနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာ သိသူနည်းခဲ့ပါတယ်။ မြန်မာ့စီးပွားရေးမှာ ဈေးကွက်ကို ရှုပ်ထွေးစေတဲ့အချက်တွေ အများကြီးပါပဲ။ အဂတိလိုက်စားမှုတွေ၊ ကြိုးနီစနစ်တွေ၊ လုပ်ပိုင်ခွင့်ပေါ်မှာ အမြတ်ထုတ်မှုတွေ၊ ကန်ထရိုက် စာချုပ်များကို လိုက်နာမှု မရှိမှုတွေ၊ တရားဥပဒေ လိုက်နာမှုမရှိမှုတွေ၊ တရားမဝင် ကုန်သွယ်မှုတွေ၊ တရားမဝင်တဲ့ အခကြေးငွေကောက်ခံမှု စတာတွေ၊ စာရင်းလုပ်မယ်ဆိုရင် ဆုံးနိုင်မည်မထင်ပါ။

ဈေးကွက်စီးပွားရေးကို တည့်မတ်ဖို့ ပထမဦးဆုံး လုပ်ရမယ့်အလုပ်က ဈေးကွက်စီးပွားရေးစနစ်ရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ ပုဂ္ဂလိကကဏ္ဍကို ပြန်လည်ထူထောင်မှုပင် ဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍအများစုဟာ စာရင်းမဝင်ကဏ္ဍတွင်ပဲရှိခဲ့တယ်။ ပုဂ္ဂလိကလုပ်ငန်းများသည် အသေးစား၊ အငယ်စားနဲ့ အလတ်စား လုပ်ငန်းများအဖြစ်သာ ဖြစ်တည်ခဲ့တယ်။ စာရင်းကိုင်စနစ် အားနည်းခဲ့တယ်။ စီးပွားရေးလုပ်ငန်းအစီအမံများလည်းမရှိ၊ အရင်းအနှီးနဲ့ စုဆောင်းငွေကို စုစည်းနိုင်တဲ့အနေအထားလည်းမရှိခဲ့၊ ကုမ္ပဏီလုပ်ငန်းတွေ ထူထောင် လုပ်ကိုင်ခွင့်ပြုချိန်မှာလည်း စာရင်းမဝင်တဲ့လုပ်ငန်းတွေဟာ တရားဝင်အခွန်ပေးဆောင်ထားတဲ့ ငွေဖြူတွေလည်းမရှိခဲ့ဘူး၊ ပြည်ပမှာ သွားရောက်အလုပ်လုပ်ကိုင်တဲ့ မြန်မာနိုင်ငံသားများရဲ့ ဝင်ငွေဟာ အမေရိကန်ဒေါ်လာ (၂) ဘီလီယံကနေ (၄)ဘီလီယံ လောက်ရှိမယ်လို့ဆိုပေမယ့် အားလုံးနီးပါးဟာ ဟွန်ဒီလို့ခေါ်တဲ့ စာရင်းမဝင် ငွေလွှဲပေးပို့ဝန်ဆောင်မှုတွေနဲ့ ဆောင်ရွက်နေကြတယ်။

### Ease of Doing Business အဆင့်မြင့်မားရေး

ဒါကြောင့် လက်ရှိအစိုးရအနေနဲ့ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan)ကို ချမှတ်ဆောင်ရွက်ခြင်း၊ စီမံကိန်းဘဏ်၊ မြေဘဏ်၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများဘဏ်တို့ကို ထူထောင်သလို၊ အထူးစီးပွားရေးဇုန်များထူထောင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်မှုတိုးမြှင့်ရေး ဆောင်ရွက်ခြင်းနဲ့ ခရီးသွားလုပ်ငန်းများကိုလည်း မြှင့်တင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းတွေ အောင်မြင်အောင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ ကြိုတင်လိုအပ်ချက်များဖြစ်တဲ့၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများထူထောင်ခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အသေးစား၊ အငယ်စားနဲ့ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အလုပ်အကိုင်ဖန်တီးမှုကို တိုးတက်စေခြင်း၊ အီလက်ထရွန်နစ်စီမံခန့်ခွဲမှုကို မြှင့်တင်ခြင်းတို့ဖြင့် Ease of Doing Business အဆင့်မြင့်မားရေးကို ဆောင်ရွက်ခဲ့ပါတယ်။

### ထုတ်ဖော်ရေးဆွဲခဲ့

အစိုးရဝန်ဆောင်မှုလုပ်ငန်းများနဲ့ ပတ်သက်လို့ လုပ်ထုံးလုပ်နည်းများကို ထင်သာမြင်သာရှိအောင် ထုတ်ဖော်ရေးဆွဲခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရ လွယ်ကူမှုနဲ့ပတ်သက်လို့ လွှတ်တော်အနေနဲ့လည်း စိတ်ဝင်စားမှုရှိလာခဲ့ပြီး လွှတ်တော်ရဲ့ အစီရင်ခံစာများမှာဖော်ပြလာပြီး လွှတ်တော်မှာလည်း ဆွေးနွေးလာခဲ့ကြပါတယ်။ ဒီနေရာမှာ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှုနဲ့ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးမှုအပေါ် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ(၃၀) ရက်နေ့က ပြန်လည်ဆွေးနွေးချက်ကို သိရှိနိုင်ဖို့ တင်ပြလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ထောက်ပြဆွေးနွေးတဲ့အတိုင်း ကမ္ဘာ့ဘဏ်က Ease of Doing Business ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းတာရာတွင် အညွှန်းကိန်းမှာ မြန်မာနိုင်ငံရဲ့ အဆင့်အတန်းဟာ စိတ်ကျေနပ်ဖွယ်ကောင်းအောင် သိသာစွာတိုးတက်လာခြင်းမရှိတာကို တွေ့ရပါတယ်။

### အထောက်အကူပြုအဖွဲ့(၁၀)ဖွဲ့ကို ထူထောင်

ဒီအညွှန်းကိန်းတွက်ချက်မှုမှာ မြန်မာနိုင်ငံအနေနဲ့ ၂၀၁၄ ခုနှစ်က ပါဝင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်နောက်ပိုင်း ဆောင်ရွက်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုများကြောင့် အညွှန်းကိန်းဟာ ၁၈၂ ကနေ ၁၇၁ အထိ တိုးတက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်နောက်ပိုင်းမှာ အညွှန်းကိန်း တိုးတက်ရေးအတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဦးစီးဆောင်ရွက်ခဲ့ပြီး အညွှန်းကိန်းကို(၁၀၀)အောက်သို့ ရောက်ရှိစေရန် ပိုမိုတွန်းအားပေး ဆောင်ရွက်လျက်ရှိပါတယ်။ အညွှန်းကိန်း တိုးတက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်ပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ ပါဝင်တဲ့ အထောက်အကူပြုအဖွဲ့(၁၀)ဖွဲ့ကို ထူထောင် ဆောင်ရွက်ခဲ့ပါတယ်။

### လုပ်ငန်းစဉ်အဆင့်များ လျှော့ချနိုင်ရေး

ကမ္ဘာ့ဘဏ်နဲ့ ပြည်တွင်းအတိုင်ပင်ခံများပါဝင်တဲ့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှု လွယ်ကူရေးယူနစ်ကို ဖွဲ့စည်းထားရှိပြီး နှစ်ပတ်တစ်ကြိမ် အစည်းအဝေးများကျင်းပကာ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်ရတဲ့အချိန်၊ ကုန်ကျစရိတ်နဲ့ လုပ်ငန်းစဉ်အဆင့်များ လျှော့ချနိုင်ရေးနဲ့ ဝန်ဆောင်မှုအရည်အသွေး တိုးတက်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မှုလွယ်ကူရေး အညွှန်းကိန်းကို ကမ္ဘာ့ဘဏ်က နှစ်စဉ်အောက်တိုဘာလမှ နောက်တစ်နှစ် မေလအထိ ကာလအတွက် တိုင်းတာတွက်ချက်လေ့ရှိပြီး နှစ်စဉ်အောက်တိုဘာလ (၃၁) ရက်နေ့မှာ ထုတ်ပြန်လေ့ရှိပါတယ်။ ၂၀၁၈ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးလုပ်ငန်းများ စတင်လုပ်ကိုင်ခွင့်ရရှိရေး၊ အဆောက်အဦဆောက်လုပ်ခွင့်ပါမစ်ရရှိရေး၊ စီးပွားရေးလုပ်ငန်းများရဲ့ လျှပ်စစ်သွယ်တန်းရရှိရေးအပိုင်းတွေမှာ တိုးတက်မှုတွေကို ရရှိခဲ့ပါတယ်။

"ဒီအညွှန်းကိန်းတွက်ချက်မှုမှာ မြန်မာနိုင်ငံအနေနဲ့ ၂၀၁၄ ခုနှစ်က ပါဝင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်နောက်ပိုင်း ဆောင်ရွက်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုများကြောင့် အညွှန်းကိန်းဟာ ၁၈၂ ကနေ ၁၇၁ အထိ တိုးတက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်နောက်ပိုင်းမှာ အညွှန်းကိန်းတိုးတက်ရေးအတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဦးစီးဆောင်ရွက်ခဲ့ပြီး အညွှန်းကိန်းကို (၁၀၀)အောက်သို့ရောက်ရှိစေရန် ပိုမိုတွန်းအားပေး ဆောင်ရွက်လျက်ရှိပါတယ်"

"၂၀၁၈-၂၀၁၉ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကိုပြဋ္ဌာန်း၍ အွန်လိုင်းမှတ်ပုံတင်စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ ကုမ္ပဏီများမှတ်ပုံတင်မှု ကုန်ကျစရိတ် လျှော့ချနိုင်ခြင်း၊ အစိုးရဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ပိုမိုမြင်သာထင်သာရှိစေခြင်း၊ စီးပွားရေးဆိုင်ရာ ခွင့်ပြုမိန့်များ လျှောက်ထားရာတွင် အထောက်အထား စာရွက်စာတမ်းများ လိုအပ်ချက်ကို လျှော့ချခြင်း၊ လုပ်ငန်းစဉ်အဆင့်များကိုလျှော့ချခြင်း စသည့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကြောင့် မြန်မာနိုင်ငံအတွက် ၂၀၂၀ ခုနှစ် အညွှန်းကိန်းမှာ စုစုပေါင်းရမှတ် တိုးတက်လာမှာ ဖြစ်ပါတယ်"

### ပြုပြင်ပြောင်းလဲမှု(၃)ခုစီ လုပ်ဆောင်

သို့သော်လည်း နိုင်ငံတကာနဲ့ယှဉ်ရာမှာတော့ ၂၀၁၉ ခုနှစ် အညွှန်းကိန်းက ကျမသွားသော်လည်း တိုးတက်လာမှုမရှိတာကို တွေ့ရပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ် အတွင်းမှာတော့ အထောက်အကူပြုအဖွဲ့များကို ပြုပြင်ပြောင်းလဲမှုများ တိုးတက်လုပ်ဆောင်ရန်နဲ့ အဖွဲ့တစ်ဖွဲ့လျှင် အနည်းဆုံး ပြုပြင်ပြောင်းလဲမှု(၃)ခုစီ အနည်းဆုံး လုပ်ဆောင်ရန် တိုက်တွန်းခဲ့ပါတယ်။ ဒီလိုတိုက်တွန်းခဲ့ရာမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ပြုပြင်ပြောင်းလဲမှု (၄)ခု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက (၇)ခု၊ လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာနက(၃)ခု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက (၃)ခု၊ အကောက်ခွန်ဦးစီးဌာနနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက (၃) ခုနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က (၂) ခုတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

### ရမှတ်များတက်လာနိုင်မှာဖြစ်

ဒီလိုဆောင်ရွက်ရာမှာ ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများမှာ အချိန်ယူ ဆောင်ရွက်ရတဲ့ ကိစ္စရပ်များဖြစ်ပါတယ်။ ဥပမာအားဖြင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ (Insolvency Law)နဲ့ Secured Transactions Law များ ပြဋ္ဌာန်းနိုင်ရေးတို့ ဖြစ်ပါတယ်။ ယင်းဥပဒေများကို ပြဋ္ဌာန်းနိုင်လျှင် Ease of Doing Business တွက်ချက်မှုပါ ချေးငွေရရှိနိုင်မှုအညွှန်းကိန်းနဲ့ စီးပွားရေးလုပ်ငန်းများ ငွေကြေးအကျပ်အတည်းဖြစ်မှုကို ဖြေရှင်းခြင်းအညွှန်းကိန်းတို့အတွက် ရမှတ်များတက်လာနိုင်မှာ ဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းများရဲ့ လုပ်ငန်းစဉ်အပိုင်း ဖြေလျှော့ပေးနိုင်ရေးအတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်တဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးလုပ်ငန်းရှင်များနဲ့ တွေ့ဆုံဆွေးနွေးပွဲကို (၂၉) ကြိမ်မြောက်အထိ ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။

### ညှိနှိုင်းဖြေရှင်းပေးခဲ့

(၂၉) ကြိမ်မြောက်အထိ စီးပွားရေးလုပ်ငန်းရှင်များရဲ့ အခက်အခဲနှင့် အကြံပြုတင်ပြချက်ပေါင်း (၃၅၈)ချက်ရှိပြီး အဆိုပါတင်ပြချက်များကို ညှိနှိုင်းဖြေရှင်းပေးခဲ့ပါတယ်။ ၂၀၂၀ ခုနှစ် အညွှန်းကိန်းအတွက် ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံက ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ထားမှုများနဲ့ ပတ်သက်ပြီး ဝါရှင်တန်မြို့၊ ကမ္ဘာ့ဘဏ်(ရုံးချုပ်)ရှိ Doing Business Unit သို့ ၃၀-၆-၂၀၁၉ ရက်နေ့တွင် ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၂၀ ခုနှစ်အတွက် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှုအညွှန်းကိန်းကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်နေ့မှာ ထုတ်ပြန်မှာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ပြဋ္ဌာန်း၍ အွန်လိုင်းမှတ်ပုံတင်စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ ကုမ္ပဏီများမှတ်ပုံတင်မှု ကုန်ကျစရိတ်လျှော့ချနိုင်ခြင်း၊ အစိုးရဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ပိုမိုမြင်သာထင်သာရှိစေခြင်း၊ စီးပွားရေးဆိုင်ရာ ခွင့်ပြုမိန့်များ လျှောက်ထားရာတွင် အထောက်အထား စာရွက်စာတမ်းများ လိုအပ်ချက်ကိုလျှော့ချခြင်း၊ လုပ်ငန်းစဉ်အဆင့်များကိုလျှော့ချခြင်း စသည့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကြောင့် မြန်မာနိုင်ငံအတွက် ၂၀၂၀ ခုနှစ် အညွှန်းကိန်းမှာ စုစုပေါင်းရမှတ် တိုးတက်လာမှာဖြစ်ပါတယ်။ ဒီကတစ်ဆင့် အညွှန်းကိန်းအပိုင်းတွင်လည်း တိုးတက်မှုရရှိမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ e-Government စနစ်ကို တိုးတက်ဆောင်ရွက်နိုင်ရေးကိုလည်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ရန်စီစဉ်ထား

စီးပွားရေးလုပ်ငန်းများလုပ်ကိုင်မှု လွယ်ကူရန်အတွက် လက်ရှိအစိုးရအနေနဲ့ မမိုတ်မသုန် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် အညွှန်းကိန်းအတွက်လည်း စဉ်ဆက်မပြတ် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ရန်စီစဉ်ထားရှိပြီး ပြုပြင်ပြောင်းလဲမှုဆောင်ရွက်နိုင်တဲ့ အရေအတွက် စုစုပေါင်း(၄၀)ကို ဖော်ထုတ်ထားရှိပါတယ်။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှု အညွှန်းကိန်း တိုးတက်ရေးတွင် အထောက်အကူပြုနိုင်တဲ့အချက်မှာ e-Government စနစ်ကို ကျင့်သုံးဆောင်ရွက်ရေးဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ e-Government စနစ်ကို တိုးတက်ဆောင်ရွက်နိုင်ရေးကိုလည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ။



# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း DVB Media Group မှ အမှုဆောင်အရာရှိချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် DVB Media Group မှ အမှုဆောင်အရာရှိချုပ် ဦးအေးချမ်းနိုင် ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သတင်းထုတ်လွှင့်မှုနှင့်ပတ်သက်သည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးအောင်လှထွန်း DVB Media Group မှ အမှုဆောင်အရာရှိချုပ် ဦးအေးချမ်းနိုင် ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၃၀-၉-၂၀၁၉) ရက်နေ့ကပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးတွင် (၁၉-၈-၂၀၁၉)ရက်နေ့မှ(၁၃-၉-၂၀၁၉)ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ငါးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းနှစ်ဦး၊ အထွေထွေ ၂၄ ဦး၊ ပေါင်း ၂၇ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ သုံးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၀၃ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၇၁၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၂၂၉ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၅၅၀ အား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြည်သူ့စာကြည့်တိုက်များအတွက် လွှတ်တော် အသိပညာပေး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃**

လွှတ်တော်ရုံးများနှင့် Hanns Seidel Foundation (HSF) တို့ပူးပေါင်း၍ ထုတ်ဝေထားသော "လွှတ်တော်အသိပညာပေး စာအုပ်/စာစောင်များ" ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ် ပြည်သူ့စာကြည့်တိုက်များအတွက် ပေးအပ်လှူဒါန်းမှုကို ယနေ့ မွန်းလွဲပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်တွင် ပြုလုပ်သည်။

အဆိုပါ လွှတ်တော်အသိပညာပေး စာအုပ်/စာစောင် ၆၁၇၅ အုပ်နှင့် ပိုစတာ ၁၃၀၀ ကို ပြည်သူ့လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ထိုက်က ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူသည်။ (ယာပုံ)

လွှတ်တော် အသိပညာပေး စာအုပ်/စာစောင်များကို ၂၀၁၅ ခုနှစ်က မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့သည့် မြို့နယ် ၃၂၅ မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ခရိုင်နှင့် မြို့နယ်များရှိ ပြည်သူ့စာကြည့်တိုက်များ၌ ထားရှိပေးခြင်းဖြင့် လွှတ်တော်ဆိုင်ရာ အချက်အလက်များကို ပြည်သူများ လေ့လာသိရှိနိုင်ရန် ရည်ရွယ်လှူဒါန်းခြင်းဖြစ်ရာ သက်ဆိုင်ရာ စာကြည့်တိုက်များသို့ အမြန်ဖြန့်ခွဲပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြန်ကြားရေး ဝန်ကြီးဌာနသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်နှင့် မြို့နယ်ရုံး စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာန (Community Centre) များအဖြစ် အဆင့်မြှင့်တင်ပြီး အများပြည်သူ ဝင်/ထွက် သွားလာပြီး အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်းလည်း သိရသည်။

**ဆန်းဝင်း (ပြန်/ဆက်)**



## စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှုအစီရင်ခံစာ ၂၀၂၀ (Doing Business 2020) တွင် တိုးတက်မှုအဖြစ်ဖော်ပြနိုင်သော ပြုပြင်ပြောင်းလဲမှု အကောင်းဆုံး နိုင်ငံ(၂၀)တွင် မြန်မာနိုင်ငံပါဝင်

ကမ္ဘာ့ဘဏ်က နှစ်စဉ်ထုတ်ပြန်သည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှု အစီရင်ခံစာ ၂၀၂၀ (Doing Business 2020) တွင် တိုးတက်မှုအဖြစ်ဖော်ပြနိုင်သော ပြုပြင်ပြောင်းလဲမှုအကောင်းဆုံးနိုင်ငံ (၂၀)တွင် မြန်မာနိုင်ငံပါဝင်ကြောင်း ကမ္ဘာ့ဘဏ်၏ Doing Business Website တွင် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့က ဖော်ပြထားပါသည်။ (https://www.doingbusiness.org/ en/reforms/top-20-reformers-in-db2020)

၂၀၂၀ ခုနှစ်အတွက် ပြုပြင်ပြောင်းလဲမှု အကောင်းဆုံးနိုင်ငံ (၂၀)မှာ (အင်္ဂလိပ်အက္ခရာစဉ်ဖြင့်ဖော်ပြထားခြင်းဖြစ်သည်။) Azerbaijan, Bahrain, Bangladesh, China, Djibouti, India, Jordan, Kenya, Kosovo, Kuwait, The Kyrgyz Republic, Myanmar, Nigeria, Pakistan, Qatar, Saudi Arabia, Tajikistan, Togo, Uzbekistan, Zimbabwe စသည့်နိုင်ငံတို့ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် စီးပွားရေးပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရန်အတွက် လုပ်ငန်းနယ်ပယ်(၅)ရပ်တွင် သိသာသော တိုးတက်ပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ဟု ဖော်ပြထားပါသည်။ အဆိုပါ ဆောင်ရွက်ချက်များမှာ-

(က) **ဆောက်လုပ်ခွင့်ရယူခြင်း (Dealing with Construction Permits)**

ရန်ကုန်မြို့တော်တွင် ဗိသုကာပညာရှင်များနှင့် အင်ဂျင်နီယာများအတွက် ပိုမိုတင်းကျပ်သည့် အရည်အသွေး သတ်မှတ်ချက်များကို ပြဋ္ဌာန်းခြင်းအားဖြင့် ဆောက်လုပ်မှု အရည်အသွေးထိန်းချုပ်မှုကို အားကောင်းစေခဲ့ပြီး ရေနှင့် အညစ်အကြေးစွန့်ပစ်ခြင်းဆိုင်ရာ အခြေခံအဆောက်အအုံတို့တွင်လည်း တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း။

(ခ) **စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း( Starting a Business )**

ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အွန်လိုင်းစနစ် စတင်ကျင့်သုံးနိုင်ခဲ့သည့်အတွက် လုပ်ငန်းအဆင့်များစွာကို လျှော့ချနိုင်သည့်အပြင် လူကိုယ်တိုင် လာရောက်ဆောင်ရွက်ရသည့် လိုအပ်ချက်ကိုလည်း လျှော့ချနိုင်ခြင်း။

(ဂ) **ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း (Registering Property)**

ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းကိုလည်း စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းနှင့် တန်ဖိုးဖြတ်ခြင်း လုပ်ငန်းစဉ်များကိုလျှော့ချ၍ အဆင်ပြေအောင် ညှိနှိုင်းပြင်ဆင်ပေးခြင်းဖြင့် ပိုမိုမြန်ဆန်အောင် ဆောင်ရွက်ပေးနိုင်ခြင်း။

(ဃ) **ပဋိညာဉ်အတည်ပြုဆောင်ရွက်ခြင်း (Enforcing Contracts)**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးများ၏ စွမ်းဆောင်ချက်များကို တိုင်းတာနိုင်သည့် အစီရင်ခံစာများ စတင်ထုတ်ပြန်ခြင်း။

(င) **အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း (Protecting Minority Investors)**

မြန်မာနိုင်ငံ၏ ကုမ္ပဏီဥပဒေအသစ်သည် ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို စိတ်ဝင်စားသူများ သိရှိနိုင်ရေး ပွင့်လင်းစွာ ထုတ်ဖော်ပြသစေခြင်း၊ ဒါရိုက်တာများ၏ တာဝန်ရှိမှုကို တိုးတက်လာစေခြင်းနှင့် ကုမ္ပဏီ၏ ပွင့်လင်းမြင်သာမှုကို ပိုမိုကျယ်ပြန့်ရန် လိုအပ်လာစေခြင်းဖြင့် အနည်းစု ရင်းနှီးမြှုပ်နှံသူများအပေါ် အကာအကွယ်ပေးမှုကို အားကောင်းစေခဲ့ပါသည်။

၂၀၂၀ ခုနှစ်အတွက် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှု အစီရင်ခံစာကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် တရားဝင်ထုတ်ပြန်မည်ဖြစ်ပြီး www.doingbusiness.org website တွင် ဖော်ပြထားမည်ဖြစ်ပါသည်။

**Ease of Doing Business တိုးတက်ရေးလုပ်ငန်းအဖွဲ့**

## ပြင်ဆင်ဖတ်ရှုပါရန်

၃ -၁၀-၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၈ ပါ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ သတင်းတွင် တက်ရောက်သူစာရင်း၌ **ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်** (အစား) **ဒုတိယဝန်ကြီး ဦးကျော်လင်း** ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းစဉ်**

## မိုးဆက်လက် ထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဘက်စုံ၊ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းဆောင်ရွက်ချက်များအနက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အကျဉ်းချုပ်၍ ပြည်သူများသို့ အစီရင်ခံတင်ပြအပ်ပါသည်။

*ယမန်နေ့မှအဆက်*



### ရေရရှိရေး

ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများအနေဖြင့် ယခုအစီရင်ခံသည့်ကာလတွင် လုပ်ငန်း(၁၅၇)ခု ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်ကာလများအလိုက် ဆောင်ရွက်ပြီးစီးမှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

| စဉ် | လုပ်ငန်း | (၁-၁-၂၀၁၈) မှ (၃၀-၄-၂၀၁၈) ထိ | (၁-၅-၂၀၁၈) မှ (၃၁-၈-၂၀၁၈) ထိ | (၁-၉-၂၀၁၈) မှ (၃၁-၁၂-၂၀၁၈) ထိ | (၁-၁-၂၀၁၉) မှ (၃၀-၄-၂၀၁၉) ထိ | (၁-၅-၂၀၁၉) မှ (၃၁-၈-၂၀၁၉) ထိ |
|---|---|---|---|---|---|---|
| ၁ | လက်တူးတွင်း | ၇၉ ခု | ၇၂ ခု | ၃၀ ခု | ၁၁ ခု | ၁၉ ခု |
| ၂ | ရေကန် | ၈၉ ခု | ၄ ခု | ၆၃ ခု | ၁၇ ခု | ၅၃ ခု |
| ၃ | စိမ့်စမ်း | ၂ ခု | - | ၁၆ ခု | ၇ ခု | ၇ ခု |
| ၄ | ရေကန်အနက်ချဲ့ခြင်း | ၄၄ ခု | - | - | - | - |
| ၅ | တွင်းတိမ် | - | - | ၅ ခု | - | ၅ ခု |
| ၆ | တွင်းနက် | - | - | - | - | ၁ ခု |
| ၇ | အခြားရေရရှိရေး | ၂၅ ခု | ၂၀ ခု | ၅ ခု | ၂၂ ခု | ၁၅ ခု |
| | စုစုပေါင်း | ၂၃၉ ခု | ၉၇ ခု | ၁၁၉ ခု | ၅၇ ခု | ၁၀၀ ခု |

### မြစိမ်းရောင်ကျေးရွာစီမံကိန်း

ကျေးလက်ကဏ္ဍတွင်(၂၀၁၈–၂၀၁၉)ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်ကျေးရွာ(၈၀)အတွက် ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း၊ ရန်ပုံငွေလွှဲပြောင်းခြင်း၊ သင်တန်းဖွင့်လှစ်ပေးခြင်း၊ ငွေထုတ်ချေးခြင်းများ ဆောင်ရွက်ပြီးဖြစ်ပါသည်။


သံတွဲမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း


ရသေ့တောင်မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးနေမှု



### ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ပြည်သူလူထုကိုယ်တိုင်ကျေးရွာများ၏ ပကတိလိုအပ်ချက်များဖော်ထုတ်ပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအစီအစဉ်များကို စနစ်တကျစုပေါင်းပြီး ကဏ္ဍပေါင်းစုံပါဝင်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်လျက်ရှိရာ–

- မြို့နယ်(၁၂)မြို့နယ်ရှိ ကျေးရွာ(၁၄၁)ရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး ထပ်တိုးကျေးရွာများအနေဖြင့် မာန်အောင်၊ သံတွဲ၊ တောင်ကုတ်နှင့် မြေပုံမြို့နယ်တို့တွင် ထောက်ပံ့ငွေကျပ်သန်း(၂၀)နှုန်းဖြင့် ကျေးရွာ(၈)ရွာတွင် လမ်းတံတားလုပ်ငန်း(၇)ခု၊ ရေပေးရေးလုပ်ငန်း(၁)ခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအားလုံး၏ (၅၈%) ပြီးစီးပြီဖြစ်ပါသည်။
- မြို့နယ်(၁၂)မြို့နယ်ရှိ ကျေးရွာ (၃၀)ရွာတွင် ကျေးလက်အိမ်ရာ (၃၀၀)လုံး လျာထားရာ (၁၆၆)လုံးမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီး (၁၀၇)လုံးမှာ (၉၀%)ကျော်၊ (၂၀)လုံးမှာ (၈၀ %)ကျော် (၇)လုံးမှာ (၄၀%)ပြီးစီးနေပြီ ဖြစ်ပါသည်။


သံတွဲမြို့နယ်၊ မျှော်ဝမ်းကျေးရွာ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းပြီးစီးမှု


ကျောက်တော်မြို့နယ်၊ စံပယ်လှကျေးရွာတွင် ကျေးလက်အိမ်ရာ ဆောင်ရွက်ပြီးစီးမှု

### လူထုဗဟိုပြုစီမံကိန်း

ကမ္ဘာ့ဘဏ်၏ အကူအညီအထောက်အပံ့ဖြင့် လူထုဗဟိုပြုစီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ ဗမြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့တွင် ကျေးရွာ (၃၄၉)ရွာအနက်မှ –

- ဗမြို့နယ်ရှိ ကျေးရွာအုပ်စု (၃၃)အုပ်စုမှ ကျေးရွာ (၁၅၆)ရွာအတွက် စီမံကိန်းလုပ်ငန်းခွဲပေါင်း (၁၀၄)ခု လျာထားရာ လမ်းတံတား(၅၆)ခု၊ စာသင်ကျောင်း (၁)ကျောင်း၊ ကျေးရွာခန်းမ(၂)ခု၊ ရေပေးရေး (၉)ခု၊ မီးလင်းရေး(၁)ခု နှင့် အခြား(၁)ခု စုစုပေါင်း (၇၀)ခု ဆောင်ရွက်ပြီး ဖြစ်ပါသည်။
- ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကျေးရွာအုပ်စု (၉၂)အုပ်စုမှ ကျေးရွာ (၁၉၃)ရွာအတွက် လျာထားသည့် စီမံကိန်းလုပ်ငန်းခွဲပေါင်း (၆၀)အနက် ကျေးရွာအုပ်စု (၃၈) အုပ်စုမှ ကျေးရွာ(၅၇)ရွာတွင် လမ်းတံတား(၃၀)ခု အခြားလုပ်ငန်း(၁)ခု စုစုပေါင်း(၃၁)ခု ဆောင်ရွက်ပြီး ဖြစ်ပါသည်။


ဗမြို့နယ်၊ တောင်ပေါက်ကျေးရွာအုပ်စု၊ ဆင်ကူးကျေးရွာ ရေကန်ပြုပြင်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်း


ပုဏ္ဏားကျွန်းမြို့နယ်၊ သရက်ချိုကျေးရွာ မြေသားရေကန် တာပေါင်မြှင့်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း



### စက်ပစ္စည်းများ အစားထိုးသုံးစွဲခြင်း


ကျောက်တော်မြို့နယ်၊ ဒေါင်းတောင်ယိုးကျေးရွာတွင် မိုးစပါးရိတ်သိမ်း ခြွေလှေ့ခြင်း


တောင်ကုတ်မြို့နယ်၊ ဆားပြင်ကျေးရွာတွင် တောင်သူများသို့ လက်တွန်းထွန်စက်များ ရောင်းချပေးခြင်း

အစီရင်ခံသည့်ကာလအတွင်း ဌာနပိုင်စက်ယန္တရားများဖြင့် မိုးစပါး(၂၁၈၈၇)ကေလွှာ ထွန်ယက်စိုက်ပျိုးနိုင်ခဲ့ပြီး၊ ၎င်းတို့အနက် ဌာနပိုင်ရိတ်သိမ်းခြွေလှေ့စက်များဖြင့် (၂၂၇၂)ကေ ရိတ်သိမ်းနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်–

| စဉ် | ကာလ | စိုက်ပျိုးမှု(ကေလွှာ) (မိုးစပါး) | ရိတ်သိမ်းခြွေလှေ့ခြင်း (ကေ) |
|---|---|---|---|
| ၁ | (၁-၅-၂၀၁၈) ရက်နေ့မှ(၃၁-၈-၂၀၁၈) ရက်နေ့အထိ | ၁၃၅၃၂ | - |
| ၂ | (၁-၉-၂၀၁၈) ရက်နေ့မှ(၃၁-၁၂-၂၀၁၈) ရက်နေ့အထိ | ၆၀၉၅ | ၄၇၉၀ |
| ၃ | (၁-၁-၂၀၁၉) ရက်နေ့မှ(၃၀-၄-၂၀၁၉) ရက်နေ့အထိ | ၆၇၉၀ | ၂၂၇၂ |
| ၄ | (၁-၅-၂၀၁၉) ရက်နေ့မှ(၃၁-၈-၂၀၁၉) ရက်နေ့အထိ | ၁၅၀၉၇ | - |

အစီရင်ခံသည့်ကာလအတွင်း တောင်သူများသို့ အရစ်ကျငွေချေစနစ်ဖြင့် ထွန်စက်ကြီး (၆)စီး၊ လက်တွန်းထွန်စက် (၃၈၃)စီး၊ ခြွေလှေ့စက် (၃)စီး ရောင်းချနိုင်ခဲ့ပြီး ယခင်ကာလများရောင်းချခဲ့မှုကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်–

| စဉ် | ကာလ | ထွန်စက်ကြီး | လက်တွန်း ထွန်စက် | ခြွေလှေ့စက် |
|---|---|---|---|---|
| ၁ | (၁-၅-၂၀၁၈) ရက်နေ့မှ(၃၁-၈-၂၀၁၈) ရက်နေ့အထိ | - | ၃၉၂ | - |
| ၂ | (၁-၉-၂၀၁၈) ရက်နေ့မှ(၃၁-၁၂-၂၀၁၈) ရက်နေ့အထိ | - | ၁၈ | ၂ |
| ၃ | (၁-၁-၂၀၁၉) ရက်နေ့မှ(၃၀-၄-၂၀၁၉) ရက်နေ့အထိ | ၅ | ၁၅၁ | - |
| ၄ | (၁-၅-၂၀၁၉) ရက်နေ့မှ(၃၁-၈-၂၀၁၉) ရက်နေ့အထိ | ၁ | ၂၃၂ | ၃ |





စပါးများကို အခြောက်ခံ တာရှည်သိုလှောင်ထိန်းသိမ်းထားနိုင်ရန်အတွက် တန်(၃၅၀)ဆံ့ Silo တည်ဆောက်ခြင်း လုပ်ငန်းသည် (၁၆-၂-၂၀၁၉) ရက်နေ့တွင် ၁၀၀ % ပြီးစီးပြီဖြစ်ပါသည်။



### အရည်အသွေးပြည့်မီသည့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ဖြန့်ဝေပေးခြင်းနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များအသုံးပြု၍ စိုက်ပျိုးခြင်း


သံတွဲမြို့နယ်တွင် မိုးစပါးမျိုးစေ့ထောက်ပံ့ပေးအပ်ခြင်း


ကျောက်တော်မြို့နယ်တွင် မြေပဲမျိုးစေ့ထုတ်စိုက်ခင်း ဆောင်ရွက်ထားရှိမှု


မြေသြဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့အရောင်းဆိုင်များအား စစ်ဆေးခြင်း

- မျိုးစေ့ထုတ်စိုက်ခင်းများအနေဖြင့် ဆောင်းမြေပဲ (၁၃)ကေ၊ မတ်ပဲ(၆)ကေ၊ နွေစပါး(၂၅)ကေ၊ မိုးစပါး (၆၀၂) ကေ ဆောင်ရွက်ပြီး ဖြစ်ပါသည်။
- မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ဖြန့်ဖြူးခြင်းအနေဖြင့် နွေစပါး (၁၉၈.၅)တင်း ၊ မတ်ပဲ (၈၃.၅)တင်း၊ မြေပဲ (၃၄၄၁)တင်း၊ ပဲတီစိမ်း(၈၅)တင်း၊ မိုးစပါး(၄၁၀၉၂.၅)တင်း၊ ဖြန့်ဖြူးပေးခဲ့ပါသည်။
- မျိုးသန့်စိုက်ပျိုးရေးဇုန် ထူထောင်ခြင်းအနေဖြင့် မြေပဲစိုက်ပျိုးရေးဇုန် (၅၆၅.၅)ကေ၊ ဘိုကိတ်စိုက်ပျိုးရေးဇုန်(၆၀)ကေ၊ ဆီမုန်ညင်းစိုက်ပျိုးရေးဇုန် (၁၅၀)ကေနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးဇုန် (၉၀) ကေ မိုးစပါး (၃၀၂၅)ကေဇုန် တည်ထောင်ခဲ့ပါသည်။
- ဌာနပိုင်စက်ယန္တရားများဖြင့် နွေစပါး(၅၀၁)ကေ စိုက်ပျိုးနိုင်ခဲ့ပြီး၊ ၎င်းတို့အနက် ဌာနပိုင်ရိတ်သိမ်းခြွေလှေ့စက်များဖြင့် နွေစပါး (၁၀၅)ကေ ရိတ်သိမ်းနိုင်ခဲ့ပြီး၊ နွေစပါး(၇၃၈၀) တင်း ရရှိခဲ့ပါသည်။
- နည်းပညာပေးစံပြကွက်များအနေဖြင့် နွေစပါးစံပြကွက် (၆၄)ကေ၊ နွေစပါး (စပါးအစွမ်းဖွင့် စိုက်နည်းစနစ်)(System of Rice Intensification- SRI) စံပြကွက် (၁၆)ကေ၊ ဆောင်းမြေပဲစံပြကွက် (၉၃)ကေ၊ မတ်ပဲစံပြကွက် (၂၈)ကေ၊ နေကြာစံပြကွက် (၅)ကေ၊ ပဲတီစိမ်းစံပြကွက် (၂၅)ကေ၊ မိုးစပါး (Box စနစ်ဖြင့် စိုက်ပျိုးခြင်း)(Raised Bed)(၃၃၅)ကေ၊ မိုးစပါး (စပါးအစွမ်းဖွင့် စိုက်နည်းစနစ်) (System of Rice Intensification- SRI) (၄၇)ကေ၊ မိုးစပါး (တိုက်ရိုက် အစေ့ချစနစ်ဖြင့် စိုက်ပျိုးခြင်း)(Seeder) (၁၈၇)ကေနှင့် မိုးစပါး (စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ) (Good Agricultural Practices-GAP)(၈၈)ကေ ဆောင်ရွက်ခဲ့ပါသည်။
- သုတေသနစမ်းသပ်ကွက်များအနေဖြင့် ဆောင်းမြေပဲ (စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စိုက်ပျိုးရန်ပေးသောမျိုးဖြင့် စိုက်ပျိုးခြင်း)(Department of Agriculture Research-DAR) စမ်းသပ်ကွက် (၁)ကွက်၊ နွေစပါးစိုက်နည်း စမ်းသပ်ကွက်(၂)ကွက်၊ မိုးစပါးနည်းစနစ်စမ်းသပ်ကွက်(၁၆)ကွက်၊ မိုးစပါးသီးနှံပုံစံစမ်းသပ်ကွက် (၃၀)ကွက်နှင့် မိုးစပါး(စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စိုက်ပျိုးရန်ပေးသောမျိုးဖြင့် စိုက်ပျိုးခြင်း)(Department of Agriculture Research-DAR) စမ်းသပ်ကွက်(၁၇)ကွက် ဆောင်ရွက်ခဲ့ပါသည်။
- စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးစပါး-၅၁၁၄၁၆ ကေ ၊ နှမ်း-၃၃၇၇ကေ၊ မြေပဲ-၁၇၃၇ ကေ၊ ချက်ကြဲရင့်-၆၅ ကေ၊ ပဲစဉ်းငုံ- ၇၂၇ ကေ စိုက်ပျိုးနိုင်ခဲ့ပါသည်။
- မြေသြဇာအရောင်းဆိုင်စစ်ဆေးခြင်း (၁၄၅)ကြိမ်၊ ပိုးသတ်ဆေးအရောင်းဆိုင်စစ်ဆေးခြင်း (၁၄၅) ကြိမ်၊ မျိုးစေ့အရောင်းဆိုင်စစ်ဆေးခြင်း (၃၀)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

## စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးလုပ်ငန်း



တောင်သူပညာပေးဆွေးနွေးပွဲ၊ မြေပုံမြို့နယ်

- တောင်သူပညာပေးသင်တန်း(၁၁၈)ကြိမ်ဖြင့် သင်တန်းသား (၄၄၃၃)ဦး၊ သင်တန်းသူ (၁၈၄၆)ဦး စုစုပေါင်း (၆၂၇၉)ဦး အား အသိပညာပေးနိုင်ခဲ့ပါသည်။
- စိုက်ပျိုးရေးဆိုင်ရာဝန်ထမ်းစွမ်းဆောင်ရည်မြှင့်သင်တန်း (၆၃) ကြိမ်ဖြင့် သင်တန်းသား(၉၁၂)ဦး၊ သင်တန်းသူ (၄၄၃)ဦး စုစုပေါင်း (၁၃၅၅)ဦးအား အသိပညာပေးနိုင်ခဲ့ပါသည်။
- စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်း (၁)ကြိမ်ကို သင်တန်းသား(၃၀)ဦးဖြင့် ဆောင်ရွက်ခဲ့ပါသည်။
- ၂၀၁၉ ခုနှစ် မိုးချေးငွေ(၇၂၀၀၃.၆၀၀)သန်းကို မြို့နယ် (၁၇)မြို့နယ်မှ တောင်သူများသို့ ထုတ်ချေးခဲ့ပါသည်။
- မြေနှင့်အဆောက်အဦအာမခံယူ၍ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင် (၁၀၂)ဦးသို့ ချေးငွေကျပ် (၃.၁၃၈) ဘီလီယံ ထုတ်ချေးခဲ့ပါသည်။
- (၃)နှစ်၊ (၅)နှစ် သက်တမ်းရှိသော ချေးငွေများကို (၉ %) အတိုးဖြင့် ထုတ်ချေးလျက်ရှိရာ တောင်သူလယ်သမားလုပ်ငန်းရှင်(၁၀)ဦးသို့ ကျပ်(၃၈.၉၀၀)သန်း ထုတ်ချေးခဲ့ပါသည်။
- တောင်သူ(၁)ဦးအား ဆန်စက်(၁)လုံးအတွက် ကျပ်သန်း (၅၀.၀၀) ထုတ်ချေးခဲ့ပါသည်။
- မိုးစပါးပြကွင်း(၂၅)ကြိမ်၊ နွေစပါးပြကွင်း(၅)ကြိမ်၊ ဆောင်းသီးနှံ(၁)ကြိမ်၊ မြေဩဇာပြုလုပ်သုံးစွဲနည်း (၃)ကြိမ် ပြုလုပ်ခဲ့ပါသည်။
- စိုက်ပျိုးရေးနည်းပညာဆိုင်ရာပညာပေးစာစောင် (၁၆၇၃၆)စောင် ဖြန့်ဝေပေးခဲ့ပါသည်။

## ဆည်မြောင်း၊ တာတမံများ ပြုပြင်တည်ဆောက်ခြင်း

ရခိုင်ပြည်နယ်တွင်အစီရင်ခံသည့် ကာလအတွင်း ဆည်မြောင်း၊ တာတမံများ ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်း (၁၃၈)ခုအနက် (၆၃)ခု ဆောင်ရွက်ပြီး ဖြစ်ပါသည်။



ပုဏ္ဏားကျွန်းမြို့နယ်တွင် ယိုးတရုပ်လျှိုပိတ်ဆည် တည်ဆောက်ပြီးစီးခြင်း



မင်းပြားမြို့နယ်တွင် ကွန်ကရစ်ရေတံခါး (၂)လုံး တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးခြင်း



ရေစီးကြောင်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၁ | ကျောက်တော် အပေါက်ဝရေလမ်း ကောင်းမွန်ရေး | ၉၃ % |
| ၂ | သံတွဲချောင်းရေလမ်းကောင်းမွန်ရေး | ၁၀၀ % |
| ၃ | တောင်ကုတ်မြို့၊ ကိုင်းရှည်ကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၈၈ % |
| ၄ | သံတွဲမြို့နယ်၊ ကင်းမော်ကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၁၀၀% |
| ၅ | သံတွဲမြို့နယ်၊ ရွှေလှေ-ပေါက်တော ကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၇၈ % |
| ၆ | ဂွမြို့၊ ကမ်းနားလမ်း၊ ကမ်းပြို ကာကွယ်ရေး | ၁၀၀% |
| ၇ | မာန်အောင်မြို့နယ်၊ မျှော်တော်ဦးနှင့် ပြားကြီးကျေးရွာကြား ကမ်းပြို ကာကွယ်ရေး မာန်အောင်မြို့နယ်၊ရေမျက်ဝကျေးရွာ၊ ကမ်းပြိုကာကွယ်ရေး | ၁၀၀% |
| ၈ | အမ်းမြို့နယ်၊ သာလူမော်ကျေးရွာ၊ ကမ်းပြိုကာကွယ်ရေး | ၁၀၀% |
| ၉ | စစ်တွေမြို့နယ်၊ သင်ပုန်းတန်းကျေးရွာ ကမ်းပြိုကာကွယ်ရေး | ၁၀၀% |
| ၁၀ | မင်းပြားမြို့၊ ပြည်တော်သာရပ်ကွက်၊ကမ်းပြိုကာကွယ်ရေး | ၁၀၀% |

## သစ်တောပြုစုထိန်းသိမ်းခြင်း

အစီရင်ခံသည့်ကာလအတွင်း သစ်တောပြုစုထိန်းသိမ်းခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည် -

- ဓမ္မတာမျိုးဆက်ခြင်း (၁၀၇၅) ဧက
- သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း (၁၅၀) ဧက
- စီးပွားရေးစိုက်ခင်းတည်ထောင်ခြင်း (၄၂၅) ဧက
- ဒီရေတောစိုက်ခင်း (၃၀၀) ဧက
- ကျေးရွာထင်းစိုက်ခင်း (၂၂၅) ဧက
- ဂေဟာစနစ်ပြည့်တင်းရေးစိုက်ခင်း (၆) ဧက
- ပင်ကျပ်နှုတ်ခြင်း (၁၀၀၀) ဧက
- ကိုင်းချိုင်ခြင်းနှင့် ရှင်းလင်းခြင်းလုပ်ငန်း ( ၁၅၀) ဧက
- ဒေသခံအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်း (၁၀) ဧက
- သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (၄၀) ဧက
- သစ်မျိုးသန့်ဥယျာဉ်နှင့် သစ်စေ့ထုတ်ဧရိယာ (၁၅) ဧက တည်ထောင်ခြင်း
- စီးပွားရေးစိုက်ခင်းဟောင်းများ ပြုစု (၁၀၀) ဧက ထိန်းသိမ်းခြင်း
- လူထုဖြန့်ပျိုးပင်ဖြန့်ဝေစိုက်ပျိုးခြင်း (၃၉၀၀၀၀) ပင်
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ (၆၄)ကြိမ်
- ကွင်းဆင်းစစ်ဆေးခြင်း (၂၆) ကြိမ် ပြုလုပ်ခဲ့ပါသည်။



ကိုင်းချိုင်ခြင်းနှင့် ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း



ပင်ကျပ်နှုတ်ခြင်း လုပ်ငန်း ဆောင်ရွက်ခြင်း



## နိုင်ငံသားဖြစ်မှု





မောင်တောခရိုင်အတွင်း NV Card ထုတ် ပေးမှုမှတ်တမ်းများ

နိုင်ငံသားစိစစ်ရေးကတ်နှင့် NV Card များထုတ်ပေးမှုအနေဖြင့် ယခုအစီရင်ခံသည့်ကာလနှင့် ယခင်ကာလများ၏ ဆောင်ရွက်မှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

<table>
<tr><th>စဉ်</th><th>အကြောင်းအရာ</th><th>(၁-၄-၂၀၁၇) မှ (၃၁-၁၂-၂၀၁၇) ထိ</th><th>(၁-၁-၂၀၁၈) မှ (၃၀-၄-၂၀၁၈) ထိ</th><th>(၁-၅-၂၀၁၈) မှ (၃၁-၈-၂၀၁၈) ထိ</th><th>(၁-၉-၂၀၁၈) မှ (၃၁-၁၂-၂၀၁၈) ထိ</th><th>(၁-၁-၂၀၁၉) မှ (၃၀-၄-၂၀၁၉) ထိ</th><th>(၁-၅-၂၀၁၉) မှ (၃၁-၈-၂၀၁၉) ထိ</th></tr>
<tr><td>၁</td><td>အသက်(၁၀)နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ထုတ်ပေးခြင်း</td><td>၁၄၈ ဦး</td><td>၈၇ ဦး</td><td>၃၅ ဦး</td><td>၁၀ ဦး</td><td>၈ ဦး</td><td>၉ ဦး</td></tr>
<tr><td>၂</td><td>အသက်(၁၈)နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ထုတ်ပေးခြင်း</td><td>၄၈၀ ဦး</td><td>၂၅၂ ဦး</td><td>၉၅ ဦး</td><td>၉ ဦး</td><td>၁၂ ဦး</td><td>၁၈ ဦး</td></tr>
<tr><td>၃</td><td>NV Card ထုတ်ပေးခြင်း (ကျောက်ဖြူ၊ သံတွဲ၊ အမ်း၊ ငါးခူရစခန်း၊ ရွှေဇား)</td><td>၅၁၆၂ ဦး</td><td rowspan="2">၂၂၈၆ ဦး</td><td>၉၃၅ ဦး</td><td>၈၈၉ ဦး</td><td>၉၁၈ ဦး</td><td>၅၄၉ ဦး</td></tr>
<tr><td>၄</td><td>Biometricဆောင်ရွက်ခြင်း (ကျောက်ဖြူ၊ သံတွဲ၊ အမ်း၊ ငါးခူရစခန်း၊ ရွှေဇား)</td><td>၈၅၀၁ ဦး</td><td>၁၃၃၀ ဦး</td><td>၈၉၆ ဦး</td><td>၂၄၇၃ ဦး</td><td>၅၄၉ ဦး</td></tr>
<tr><td>၅</td><td>ကမန်လူမျိုးများအား နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်း</td><td>၃၃၃၆ ဦး</td><td>-</td><td>-</td><td>၂၂၀၁ ဦး</td><td>-</td><td>-</td></tr>
</table>



## လွတ်လပ်စွာသွားလာခွင့်

- (၁-၄-၂၀၁၇)ရက်နေ့မှ (၃၁-၁၂-၂၀၁၈)ရက်နေ့အထိ NVC ကိုင်ဆောင်သူ(၃၀၀)ဦးတို့အား ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ ယာယီခရီးသွားလာခွင့်ပုံစံ(၄)ဖြင့် ခရီးသွားလာခွင့်ပြုခဲ့ပြီး၊ အစီရင်ခံသည့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လကုန်အထိကာလအတွင်း NVC ကိုင်ဆောင်သူ (၅၀၆)ဦး ကို ခရီးသွားလာခွင့်ပြုခဲ့ပါသည်။

## IDP ကိစ္စရပ်များ

- မြေပုံမြို့၊ တောင်ပေါ် IDP စခန်း ပြန်လည် နေရာချထားရေးအတွက် (၂၄-၁၂-၂၀၁၈) ရက်နေ့က တည်ဆောက်ခဲ့သော အိမ်အလုံး(၁၀၀)မှာ ရာနှုန်းပြည့် ပြီးစီးခဲ့သဖြင့် နေရာချထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နေရာချထားပြီး အိမ်အလုံး(၃၀၀)ရှိနေပြီ ဖြစ်သည့်အပြင် ထပ်မံလိုအပ်သော နေအိမ်များအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နေအိမ်အလုံး (၁၀၀) ထပ်မံတည်ဆောက်ပေးလျက်ရှိရာ လုပ်ငန်းအားလုံး၏ (၅၀) % ပြီးစီးပြီဖြစ်ပါသည်။
- ပြန်လည်နေရာချထားသည့်မြေပုံမြို့၊ တောင်ပေါ် IDP တန်ဖိုးနည်းအိမ်ရာများတွင် မိုးရာသီကာလအတွင်း အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် (၈ ပေ)အကျယ် မြေသားလမ်း (၇၇၂၂)ပေကို ဆောင်ရွက်လျက်ရှိပါသည်။
- IDP စခန်း ပိတ်သိမ်းရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာ (မူကြမ်း)နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို (၉-၄-၂၀၁၉)ရက်နေ့တွင် Horizon Lake View ဟိုတယ် နေပြည်တော်၌ တတိယအကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

## လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးနိုင်မှု



တောင်ကုတ်မြို့နှင့် မအီမြို့အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ မိခင်ပိုင်းများအား ထောက်ပံ့ကြေးပေးအပ်ခြင်း



အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ခြင်း

- အစီရင်ခံသည့်ကာလအတွင်း ရခိုင်ပြည်နယ်ရှိ အသက် (၈၅)နှစ်နှင့် အထက်ဘိုး/ဘွား (၁၈၁၁၀) ဦးကို (၁)လလျှင် ကျပ်(၁၀,၀၀၀)နှုန်းဖြင့် လူမှုရေးပင်စင်ထောက်ပံ့ငွေ ကျပ်သန်းပေါင်း (၅၃၉.၀၀) သန်း ထောက်ပံ့ပေးခဲ့ပါသည်။
- အစီရင်ခံသည့်ကာလအတွင်း ရခိုင်ပြည်နယ်ရှိ မြို့နယ် (၁၇) မြို့နယ်မှ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသောအသက် (၂)နှစ်အောက်ကလေးငယ်များအား(၁)ဦးကို (၁)လလျှင် ကျပ်(၁၅,၀၀၀)နှုန်းဖြင့် (၁၂၆၇၃၅)ဦးအတွက် ထောက်ပံ့ငွေကျပ်သန်းပေါင်း (၉၇၁၇.၈၄၅)သန်း ထောက်ပံ့ပေးခဲ့ပါသည်။
- မိခင်ပိုင်း(ဝေးလံပြီး မူကြိုကျောင်းမရှိသည့်ရပ်ရွာဒေသများရှိ အသက်(၆)လမှ(၃)နှစ်အရွယ် ကလေးများအတွက်) (၆၂)ပိုင်းအတွက် ကျပ်သန်းပေါင်း(၄၄.၈၈)သန်း ထောက်ပံ့ပေးခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# ပျော်ရွှင်မှုများဖြင့် သက်ဝင်လှုပ်ရှားလာတော့မည့် အောက်တိုဘာ အားလပ်ရက်များ

**“နှစ်တိုင်းအိမ်ကို သင်္ကြန်ရက်လောက်မှပဲ ပြန်ဖြစ်တယ်၊ ဒီနှစ်တော့ သီတင်းကျွတ်ပါ ပြန်ရတော့မှာဆိုတော့ ပျော်နေတာ” ဟု နေပြည်တော်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့မှ ဒေါ်သင်းသွဲ့က ပြောသည်။**



အားလပ်ရက်၌ ချောင်းသာကမ်းခြေသို့ လာရောက်အပန်းဖြေကြသူများကို တွေ့ရစဉ်။

ယခုကဲ့သို့ သီတင်းကျွတ်အခါသမယတွင် မိဘများထံသို့ ကန်တော့ရင်း စိတ်လက်အေးချမ်းပျော်ရွှင်စွာ ဇာတိမြေသို့ ပြန်နိုင်ခြင်းသည် ယခုနှစ်တွင် နိုင်ငံတော်အစိုးရက သီတင်းကျွတ်အများပြည်သူ အလုပ်ပိတ်ရက်များကို အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ပြင်ဆင်သတ်မှတ်ပေးခဲ့သည့်အတွက်ကြောင့် ဖြစ်သည်ဟု ဒေါ်သင်းသွဲ့က ဆိုသည်။

၂၀၁၉ ခုနှစ် ပြက္ခဒိန်နှစ်အတွက် ထုတ်ပြန်ထားသည့် အများပြည်သူ အလုပ်ပိတ်ရက်များတွင် ကျန်ရှိနေသည့် သီတင်းကျွတ် အများပြည်သူရုံးပိတ်ရက် နှစ်ရက်ဖြစ်သော အဖိတ်နေ့နှင့် လပြည့်နေ့သည် စနေ၊ တနင်္ဂနွေနေ့များနှင့် တိုက်ဆိုင်နေရာ နိုင်ငံတော်အစိုးရက အများပြည်သူ အလုပ်ပိတ်ရက်များအတွက် ခံစားခွင့်များ မနစ်နာစေရန် အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ၅ ရက်ကို သီတင်းကျွတ်ရုံးပိတ်ရက်များအဖြစ် ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ဩဂုတ်လ ၉ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာပေးခဲ့သည်။

## ပျော်ရွှင်စရာနေ့ရက်များ

လုပ်ငန်းခွင်ဌာနအသီးသီးတွင် နေ့စဉ်နှင့်အမျှ မိမိတို့၏ အလုပ်တာဝန်များကို ကျရာနေရာတွင် ကျေပွန်စွာ ထမ်းဆောင်နေကြသူများအတွက် အလုပ်ပိတ်ရက် (အားလပ်ရက်) ဆိုသည်မှာ တကယ့်ကို ပျော်ရွှင်စရာနေ့ရက်များပင်ဖြစ်သည်။

“တချို့နယ်တွေ ပြန်ရမယ့်သူတွေဆို ကားလက်မှတ်တွေ ကြိုဝယ်နေကြပြီ။ ဘာပဲဖြစ်ဖြစ် ကိုယ့်မိသားစုနဲ့ အခုလို အခါကြီးရက်ကြီးမှာ ပြန်ဆုံရတော့ ပျော်နေကြမှာပေါ့။ သီတင်းကျွတ်ကို ကိုယ့်ရပ်ရွာမှာပဲ ပျော်ချင်ကြတာပေါ့”ဟု နတ်မောက်မြို့သို့ ပြန်မည့် ဒေါ်သင်းသွဲ့က ပြောသည်။

## ကြိုတင်ပြင်ဆင်

ယခုပြင်ဆင် သတ်မှတ်ပေးလိုက်သည့် သီတင်းကျွတ်အလုပ်ပိတ်ရက် (အားလပ် ရက်) ရက်ရှည်တွင် မိဘဆွေမျိုးများနှင့် တွေ့ဆုံရန် ဇာတိဒေသ ပြန်မည့်သူများ ရှိသကဲ့သို့ မြန်မာပြည်၏ အထင်ကရနေရာများသို့ မိသားစုလိုက်၊ အသင်းအဖွဲ့လိုက် ဘုရားဖူးထွက်မည့်သူများ၊ အပန်းဖြေခရီး ထွက်မည့်သူများလည်း ရှိပြီး ၎င်းတို့မှ ခရီးစဉ်များအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြကြောင်း တွေ့မြင်ကြားသိနေရသည်။

“ကလေးတွေလည်း ကျောင်းပိတ်တဲ့ရက်နဲ့ ကိုယ်တွေ အလုပ်ပိတ်တဲ့ရက်နဲ့က ဒီနှစ် ခရီးထွက်ဖို့ တော်တော်အဆင်ပြေတယ်။ ဒီသီတင်းကျွတ်မှာ မိသားစုလိုက် ခရီးထွက်မယ်။ ကားစီးလုံးငှားဖို့ ကြိုတင်စီစဉ်ပြီးသွားပြီ ။ ပုဂံ–ညောင်ဦး– မန္တလေး– ပြင်ဦးလွင် သွားမယ်။ အဓိကက ပုဂံကိုသွားချင်တာ။ ပုဂံမှာ ရက်ကြာကြာနေမယ် စိတ်ကူးထားတယ်” ဟု ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလ လမ်းနှင့် ၅၂ လမ်းထောင့်တွင် ဖွင့်လှစ်ထားသည့် “ကြေးမုံခင်စာပေ” စာအုပ်အရောင်းဆိုင်မှ မမို့မို့က ပြောသည်။

ထိုသို့ မန္တလေး၊ ပုဂံ–ညောင်ဦး၊ ပုပ္ပား၊ ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ လွိုင်ကော်၊ ထားဝယ်၊ ငပလီ၊ ချောင်းသာ၊ ငွေဆောင်၊ ကျိုက်ထီးရိုး၊ ပဲခူး စသည့် မြန်မာနိုင်ငံအနှံ့အပြားရှိ နာမည်ကျော်ဒေသတွင်းခရီးစဉ်များသို့ သွားမည့်သူများ ရှိသကဲ့သို့ ထိုင်း၊ ဗီယက်နမ်အစရှိသည့် အိမ်နီးချင်းနိုင်ငံများသို့ အလည်အပတ်ထွက်မည့်သူများလည်းရှိကြောင်း ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများမှ သိရသည်။

## ယခင်နှစ်များကထက် ပိုများ

ယခုနှစ် သီတင်းကျွတ် အများပြည်သူ အလုပ်ပိတ်ရက်တွင် တစ်ဦးချင်းတစ်ယောက်ချင်းထက် မိသားစုလိုက်ခရီးထွက်ခြင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကုမ္ပဏီအစုအဖွဲ့များမှ ဝန်ထမ်းများ အချင်းချင်းစုဖွဲ့ကာ ဘုရားဖူးထွက်ခြင်း၊ အပျော်ခရီးထွက်ခြင်း၊ အပန်းဖြေခရီးထွက်ခြင်းက ယခင်နှစ်များကထက် ပိုများကြောင်း ခရီးသွားလုပ်ငန်းများမှ သိရသည်။

ခရီးသွားဝန်ဆောင်မှု လုပ်ငန်းတစ်ခုဖြစ်သည့် ရွှေချောင်းသာ– ရွှေကျိုက်ထီးရိုး ခရီးသွားလုပ်ငန်းမှ မန်နေဂျာ ဦးမောင်နိုင်က “ကျွန်တော်တို့ဆီ ကြိုတင်လက်မှတ်က လောလောဆယ်မှာ မိသားစုလိုက်ထက် အဖွဲ့အစည်းတွေပိုများတယ်။ ဥပမာ ဘဏ်တို့၊ ကုမ္ပဏီတို့ပေါ့။ ခရီးစဉ်တွေဆိုရင်လည်း ချောင်းသာ၊ ငွေဆောင်သွားတာများတယ်။ ချောင်းသာကတော့ အများဆုံးပဲ။ ၇၀ ရာခိုင်နှုန်း လောက်က ချောင်းသာပဲ သွားကြတယ်။ လက်မှတ်တွေက ရောင်းရလို့ အရောင်းတောင်ပိတ်ထားတယ်။ ခုနေ မှာမယ်ဆိုရင်တောင် မိသားစုလောက်ပဲရောင်းပေးနိုင်မှာ။ အခက်အခဲတွေကတော့ ရှိနိုင်တယ်” ဟု ပြောပြခဲ့သည်။

## ပျော်ရွှင်စွာဖြတ်သန်း

အားလပ်ရက်များကို ဘုရားဖူးထွက်ခြင်း၊ အပန်းဖြေခရီးထွက်ခြင်း၊ ဇာတိမြေပြန်ခြင်း စသည်ဖြင့် မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ အသုံးပြုကြသည့်သူများထဲတွင် မည်သည့်နေရာဒေသများကိုမျှ မသွားဘဲ အိမ်တွင် စာအုပ်စာပေဖတ်ရှုရင်း မိသားစုများဖြင့် ပျော်ရွှင်စွာ ဖြတ်သန်းမည့်သူများလည်း ရှိနေမည်ဖြစ်သည်။

ဆောက်လုပ်ရေးကုမ္ပဏီ ဝန်ထမ်းတစ်ဦးဖြစ်သူ သာကေတမြို့နယ်နေ မမေဝင်းက “အခုလို ပိတ်ရက်များတော့ အေးဆေးနေလို့ရတာပေါ့။ ခရီးတော့မထွက်ဖြစ်ဘူး။ ပိတ်ရက်မှာ ကျောက်ပန်းတောင်းက မိဘတွေလာမယ်။ မိဘတွေကို သီတင်းကျွတ်လပြည့်နေ့မှာ ရွှေတိဂုံဘုရားဖူးရအောင် လိုက်ပို့မယ်။ တူတွေ တူမတွေကို နောက်ရက်တွေမှာ ရေကျော်ပွဲဈေးတို့ ရန်ကုန်မှာ လည်ပတ်လို့ ရတဲ့နေရာတွေ လိုက်ပို့မယ်”ဟု ပြောသည်။

အလုပ်အားလပ်ရက်များတွင် ခရီးသွားခြင်း၊ အနားယူအပန်းဖြေခြင်း၊ မိတ်ဆွေများနှင့်တွေ့ဆုံခြင်းတို့သည် စိတ်ဖိစီးမှုလျော့နည်းကာ စိတ်လက်ပေါ့ပါးလန်းဆန်းခြင်း၊ တီထွင်ဖန်တီးနိုင်စွမ်း မြင့်တက်လာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်သည်ဟု ကျန်းမာရေးပညာရှင်များ၏ ပြောကြားချက်များကို စာအုပ်စာပေများတွင် ဖတ်ရှုရသည်။

“ရုံးမှာတစ်နေ့လုံး လုပ်ကိုင်နေရတာဆိုတော့ ငြီးငွေ့မှုတွေရှိတယ်။ အားလပ်ရက်က ကျွန်မတို့အတွက် တန်ဖိုးရှိတယ်။ ခုလို အားလပ်ရက်ရှည်ရတော့ ခရီးထွက်မယ်၊ ဘယ်လဲတော့ မသိသေးဘူး။ နီးမှ သူငယ်ချင်းတွေနဲ့ညှိရမယ်”ဟု ကုမ္ပဏီတစ်ခုတွင် အကြီးတန်း အကြံပေးဆက်သွယ်ရေးတာဝန်ခံ တစ်ဦးဖြစ်သူ မသဇင်က ပြောသည်။

## ပျော်ရွှင်စွာခရီးဆန့်

ဤသို့ဖြင့် ယခုနှစ် သီတင်းကျွတ်ရုံးပိတ်ရက် ငါးရက်တာကာလသည် မြန်မာနိုင်ငံ အထက်ပိုင်း၊ အောက်ပိုင်း၊ အလယ်ပိုင်းဒေသများရှိ သီတင်းကျွတ်ရိုးရာ မီးထွန်းပွဲတော်နှင့် ရိုးရာပွဲလမ်းသဘင်များ၊ အထင်ကရ ကျော်ကြားသည့် နေရာဒေသများနှင့် ထင်ရှားကျော်ကြားသည့် ဘုရားစေတီပုထိုးများသို့ စုကာရုံးကာ ကူးလူးဆက်ယှက် ပျော်ရွှင်စွာခရီးဆန့်မည့် မြင်ကွင်းပုံရိပ်များ၊ ဇာတိမြေတွင် မိသားစုနှင့် ပြန်လည်တွေ့ဆုံကြည်နူးနေမည့်သူများ၏ အပြုံးမျက်နှာပုံရိပ်များ၊ ပင်လယ်ကမ်းခြေဒေသများတွင် ပျော်ရွှင်စွာ အပန်းဖြေကြမည့်သူများ၏ ပုံရိပ်များဖြင့် သက်ဝင်လှုပ်ရှားလာတော့မည်ဖြစ်သည်။

**သတင်းဆောင်းပါး– သီသီမင်း**

**ဓာတ်ပုံ– နေလင်း**



အများပြည်သူ လာရောက်အပန်းဖြေစားသောက်နိုင်မည့် ငွေဆောင်ကမ်းခြေရှိ စားသောက်ဆိုင်များ။

*✻ ကျောဖုံးမှ*

အတွင်း အပြီးသတ်လူစာရင်း ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ထိုင်းလိဂ်တွင်ကစားနေသူများအနက် အောင်သူနှင့် ဇော်မင်းထွန်းတို့မှာလည်း အောက်တိုဘာ ၃ ရက်က အသင်းနှင့် စတင်ပူးပေါင်းခဲ့ပြီး ရာဒူလိုဗစ်အနေဖြင့် ကာဂျစ္စတန်နှင့် ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာအသင်းသည် ကာဂျစ္စတန်နှင့်ပွဲအတွက် စက်တင်ဘာ ၂၅ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး ကာဂျစ္စတန်နှင့်ပွဲမတိုင်မီ ခြေစမ်းပွဲမကစားဘဲ လေ့ကျင့်မှုများသာ ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲတွင် နိုင်ပွဲမရသေးဘဲ နှစ်ပွဲကစားနှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ မြန်မာအသင်းသည် မွန်ဂိုလီးယားအသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ဂျပန်အသင်းကို နှစ်ဂိုး–ဂိုး မရှိဖြင့် ရှုံးနိမ့်ထားပြီး တတိယပွဲအဖြစ် ကာဂျစ္စတန်နှင့် အဝေးကွင်းပွဲ ကစားရခြင်းဖြစ်သည်။

### အသင်းဖွဲ့စည်းပုံ

မြန်မာ့လက်ရွေးစင်အသင်းတွင် **ဂိုး–**ကျော်ဇင်ဖြိုး (ရှောဝတီ)၊ ပြည့်ဖြိုးအောင် (Southern)၊ ပြည့်လျှံအောင် (ရတနာပုံ)၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ **နောက်တန်း–**ဇော်မင်းထွန်း (ချောင်ဘူရီ)၊ ဒေးဗစ်ဒန်း၊ နန္ဒကျော် (ရှမ်း)၊ စိုးမိုးကျော်၊ ဇော်လင်း၊ ကျော်ဇင်လွင် (ရှောဝတီ)၊ ဇော်ရဲထွန်း (ရတနာပုံ)၊ ပြည့်ဖြိုးဇော် (ရန်ကုန်)၊ ဝင်းမိုးကျော် (မကွေး)၊ **အလယ်တန်း–** လှိုင်းဘိုဘို၊ စည်သူအောင် (ရတနာပုံ)၊ ရန်အောင်ကျော်၊ ငြိမ်းချမ်းအောင် (ရန်ကုန်)၊ လွင်မိုးအောင် (ရှောဝတီ)၊ ဆွမ်လမန် (ရှမ်း)၊ ကောင်းစည်သူ (Southern)၊ ကြည်လင်း(ဖွဲကပင်)၊ **ရှေ့တန်း–** ကျော်ကိုကို (ဆာမတ်ပရာခန်)၊ အောင်သူ (မြောင်တောင်)၊ ဝင်းနိုင်စိုး (ရတနာပုံ)၊ သန်းပိုင်(ရန်ကုန်)၊ ဒွေးကိုကို ချစ်၊ ဇင်မင်းထွန်း (ရှမ်း) တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

## ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးပိုက်ကျော်ခြင်းလုံးပြိုင်ပွဲ မြန်မာနိုင်ငံဘက်မှ ဆုနှစ်ဆုဆွတ်ခူး

**မူဆယ် စက်တင်ဘာ ၃** (၁၉)ကြိမ်မြောက် မြန်မာ–တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး ပွဲတော် ပိုက်ကျော်ခြင်းလုံးအားကစားပြိုင်ပွဲကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းတွင် ရွှေလီမြို့ နော်မောဟုပန်းခြံ၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပထမဆုကို တရုတ်နိုင်ငံ ကျယ်ဂေါင်(၁)အသင်းက ရရှိခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်သည့် မူဆယ်(၂)အသင်းနှင့် ပန်ဆိုင်း(ကြူကုတ်)အသင်းတို့က ဒုတိယဆုနှင့် တတိယဆုတို့ ဆွတ်ခူးရရှိသည်။

ဆုရရှိသည့် ပြိုင်ပွဲဝင်အသင်းများကို မူဆယ်ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သွယ်သွယ်လှိုင်၊ ခရိုင်အား/ကာဦးစီးမှူး ဒေါ်မျိုးပပနှင့် ရွှေလီမြို့ ပြည်သူ့အစိုးရဒုတိယမြို့တော်ဝန် မစ္စတာကျောက်ရွှေယိမ်တို့က ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်သည်။ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ပိုက်ကျော်ခြင်းလုံးပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် မူဆယ်(၁)အသင်း၊ မူဆယ်(၂)အသင်း၊ ပန်ဆိုင်း(ကြူကုတ်) အသင်းနှင့် မန့်ဟီးရိုးအသင်းဟူ၍ အသင်းလေးသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပထမဆုရရှိသည့် အသင်းကို တရုတ်ငွေ ယွမ် ၂၀၀၀၊ ဒုတိယဆု တရုတ်ငွေ ယွမ် ၁၅၀၀၊ တတိယဆုကို ယွမ် ၁၀၀၀ ပေးအပ်ချီးမြှင့်ပြီး ကျန်ရှိသည့်အသင်းများကို နှစ်သိမ့်ဆု တရုတ်ငွေ ယွမ် ၅၀၀ စီ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# မြန်မာမိန်းကလေးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် နှစ်ရှည်ထောင်ဒဏ်များချမှတ်

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာမိန်းကလေးများအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် နှစ် ၈၀ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရှမ်းပြည်နယ် ဖယ်ခုံမြို့ ဈေးရှေ့ရပ်ကွက်နေ မ....(၃၂နှစ်) နှင့် မ....(၁၈နှစ်)တို့ကို ဟိန်ခမ္မရပ်ကွက်နေ မငွေးလေး (ခ)မဝင်းငွေး၊ ၎င်း၏ ခင်ပွန်း အကြီးကောင်(ခ)တေဇာလွင်၊ မမိုးမခနွယ်၊ မသန်းသန်းမြင့်(ခ)မသန်းနှင့် မသော်သော်တို့က တရုတ်နိုင်ငံ ရွှေလီမြို့ရှိ ခေါက်ဆွဲ ဆိုင်/ မြေအိုးမီးရှည် ဆိုင်တို့တွင် တစ်နှစ်လုပ်ခ ကျပ်သိန်း ၃၀ ရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်ကာ တရုတ်အမျိုးသားထံ ရောင်းစားခဲ့မှုအား ဖယ်ခုံမြို့မ ရဲစခန်း (ပ)၃/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၈(က) ဖြင့် အမှုဖွင့်စစ်ဆေးခဲ့သည်။

ထို့ပြင် ဟိန်ခမ္မရပ်ကွက်နေ မ.... (၃၆နှစ်)အား မငွေးလေး (ခ)မဝင်းငွေး၊ မမိုးမခနွယ်၊ မသန်းသန်းမြင့်(ခ)မသန်း၊ မသော်သော်တို့က တရုတ်နိုင်ငံ ရွှေလီမြို့ရှိ အထည်ချုပ်စက်ရုံတွင် တစ်လ ကျပ် နှစ်သိန်းခွဲရမည်ဟု ပြောဆို စည်းရုံးပြီး တရုတ်အမျိုးသားထံ ရောင်းစားရန် စီစဉ်ခဲ့မှု၊ လုံကာကျေးရွာနေ မ.... (၂၃နှစ်)နှင့် မ....(၁၈နှစ်)တို့အား မငွေးလေး (ခ)မဝင်းငွေး၊ မနန်းညွန့်၊ မမိုးမခနွယ်၊ မသန်းသန်းမြင့်(ခ)မသန်းနှင့် မသော်သော်တို့က တရုတ်နိုင်ငံ ရွှေလီမြို့ရှိ ကုန်စုံဆိုင်တွင် တစ်နှစ်လုပ်ခ ကျပ်သိန်း ၃၀ ရမည်ဟု ပြောဆို စည်းရုံးပြီး တရုတ်နိုင်ငံသို့ခေါ်ဆောင်ကာ တရုတ်အမျိုးသားထံ ရောင်းစား ခဲ့မှု၊ ဆီဆိုင်မြို့ အောင်ချမ်းသာရပ်ကွက်နေ မ.... (၁၇ နှစ်) အား မငွေးလေး (ခ)မဝင်းငွေး၊ မသီတာ(ခ)မသီတာအေး၊ မမိုးမခနွယ်၊ မသန်းသန်းမြင့်(ခ) မသန်းနှင့် မသော်သော်တို့က တရုတ်နိုင်ငံ ရွှေလီမြို့ရှိ ကုန်စုံဆိုင်တွင် တစ်နှစ်လုပ်ခ ကျပ်သိန်း ၃၀ရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်ကာ တရုတ်အမျိုးသားထံ ရောင်းစားခဲ့မှုတို့အား အမှုဖွင့်လုစ် ခဲ့ပြီး တရားစွဲတင်ပို့ခဲ့ရာ သက်ဆိုင်ရာ တရားရုံးများက မငွေးလေး (ခ)မဝင်းငွေး အား အလုပ်ထောင်ဒဏ် နှစ် ၂၀ စီဖြင့် လေးမှုအတွက် အလုပ်နှင့်ထောင်ဒဏ် နှစ် ၈၀၊ အကြီးကောင်(ခ) တေဇာလွင်၊ မသီတာ (ခ) မသီတာအေး၊ မနန်းညွန့်တို့အား တစ်မှုစီအတွက် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ် ခဲ့ပြီး တိမ်းရှောင်တရားခံများအား တရားခံပြေးကြေညာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၄-၁၀-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၇:၃၅ - MRTV Travelogue
- ၈:၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
- ၉:၁၀ - ကလေးအသက်ကယ်ထိုင်ခုံ ခါးပတ်အသုံးပြုရေး အများပြည်သူသို့ နှိုးဆော်ချက်
- ၉:၃၅ - Soccer View
- ၁၀:၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၁:၃၅ - "လှည့်ပတ်လေ့လာ နောင်ချိုမြို့ရဲ့ ကမ္ဘာကျော် အထင်ကရနေရာ"
- ၁၂:၃၅ - "မျိုးစေ့"
- ၁၄:၀၀ - အခြေအနေအချိန်အခါနေရာ မရွေး သက်ငယ်မုဒိမ်းမှု ဖြစ်ပွားနိုင်သည်ကို သတိပြုပါ
- ၁၅:၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း-၁၉)

**ညပိုင်း**

- ၁၆:၃၅ - Road to SEA Game (ပြေးခုန်ပစ်)
- ၁၇:၂၀ - Weekly Sport Info
- ၁၈:၂၀ - BBC Click
- ၁၈:၃၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "အမှုအမှု+စပွန်ဆာ"
- ၁၉:၄၀ - "မိနစ် ၁၂၀"
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၀ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစား ပြုခြင်းအား ကျူးလွန်ရန် တွန်းအားပေးသည့် အချက်များ
- ၂၀:၃၅ - "ပြည်သူ့အတွက် ဥပဒေစကားဝိုင်း" (သက်ကြီးရွယ်အိုများနှင့် ဥပဒေ)

# ကော့ကရိတ်မြို့ လှိုင်ဝတံတားထိပ်တွင် ခရီးသည်တင်ယာဉ်တစ်စီး မီးလောင်



လှိုင်ဝတံတားထိပ်အနီး မီးလောင်ကျွမ်းနေသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

**ကော့ကရိတ် အောက်တိုဘာ ၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ကော့ကရိတ်-မြဝတီအာရှလမ်း လှိုင်ဝတံတားထိပ်တွင် ယနေ့နံနက် ၉ နာရီ ၄၇ မိနစ်က ခရီးသည်တင်ယာဉ် တစ်စီး မီးလောင်မှုဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က မြဝတီမှ ဘားအံသို့ မြဝတီမြို့နေသူ ယာဉ်မောင်း စိုးပေ (၃၁နှစ်) မောင်းနှင်ပြီး ခရီးသည် အမျိုးသား ၁၅ ဦး၊ အမျိုးသမီးကိုးဦး လိုက်ပါလာသည့် BGO 9M/....... ယူတုံအမျိုးအစား ယာဉ်သည် အခင်း ဖြစ်နေရာအရောက်တွင် ယာဉ် နောက်ခန်းမှ မီးခိုးများထွက်လာပြီး မီးလောင်မှုဖြစ်ခဲ့သည်။ မီးလောင်မှု ဖြစ်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းနှင့် မီးသတ်တပ်ဖွဲ့ဝင် များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီတွင် လုံးဝမီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် လူတစ်ဦး တစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရရှိဘဲ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း စိုးပေအား ဥပဒေအရ အရေးယူထား ကြောင်း သိရသည်။

**စိုးထက်အောင် (ပြန်/ဆက်)**

# ဝက်လက်မြို့နယ်၌ အမျိုးသားတစ်ဦး မိုးကြိုးထိမှန် သေဆုံး

**ဝက်လက် အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ကျောက်တိုင် ကျေးရွာ မြင်းသည်ကွင်းတွင် အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁ နာရီခန့်က မိုးကြိုးထိမှန်ကာ အမျိုးသားတစ်ဦး သေဆုံး ကြောင်း သိရသည်။

မင်းကျီကျေးရွာတွင် နေထိုင်ကြသည့် ချစ်ဇော်(၂၁နှစ်) နှင့်အတူ အမျိုးသားငါးဦး၊ အမျိုးသမီးနှစ်ဦးတို့သည် ကျောက်တိုင်ကျေးရွာနေ ဦးမြင့်အောင်၏ လယ်မြေတွင် ကြက်သွန်အငှားစိုက်ပျိုးနေစဉ် မိုးသည်းထန်စွာရွာနေ၍ မန်ကျည်းပင်အောက်သို့ ခေတ္တဝင်ရောက်နားခိုရာ မန်ကျည်းပင်ကို မှီနေသော ဦးချစ်ဇော်မှာ မိုးကြိုးထိမှန် သေဆုံးခဲ့သည်။ ကျန်ခြောက်ဦးတွင်လည်း ပွန်းပဲ့ဒဏ်ရာ များရရှိသဖြင့် မင်းကျီတိုက်နယ်ဆေးရုံတွင် ဆေးကုသမှု ခံယူလျက်ရှိကြောင်း ကျောက်တိုင်ကျေးရွာအုပ်ချုပ် ရေးမှူး ဦးပေါ်စံထံမှ သိရသည်။

**ဥမ္မာဝင်း(ဝက်လက်)**

# မင်းလှ၌ ဒသမတန်းကျောင်းသူ သုံးဦး ကားတိုက်ခံရ၍ နှစ်ဦးသေဆုံး

**မင်းလှ အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် သစ်တူးအိုင်ကျေးရွာအနီး မိုင်တိုင်အမှတ် (၁၀၃/၅)နှင့်(၁၀၃/၆) အကြားတွင် အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က ပထမနှစ်ဝက်စာမေးပွဲဖြေဆိုပြီးပြန်လာသော ဒသမတန်း ကျောင်းသူသုံးဦးကို မော်တော်ယာဉ်ဝင်တိုက်ရာမှ နှစ်ဦးသေဆုံးကြောင်း သိရ သည်။

ရန်ကုန်-ပြည်ကားလမ်းမကြီး ရန်ကုန်ဘက်မှ ပြည်ဘက်သို့ ယာဉ်မောင်း ဟန်ဝင်းထွန်း မောင်းနှင်လာသော ယာဉ်အမှတ် 8A/----ခြောက်ဘီးယာဉ် သည် ဘရိတ်ပေါက်ပြီး ရှေ့လားရာတူ အထက သရက်တပင်ကျောင်းမှ ပထမနှစ်ဝက်စာမေးပွဲဖြေဆိုပြီး စက်ဘီးနှင့်ပြန်လာသော ဒသမတန်းကျောင်းသူ ရွှေစံပြည့်ကျေးရွာနေ မငုဝါခိုင်၊ သစ်တူးအိုင်ကျေးရွာနေ မရွှန်းလဲ့ဖြူနှင့် လက်ဆက်ကျေးရွာနေသူ မအင်ကြင်းမောင်တို့ကို ဝင်တိုက်မိခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် မအင်ကြင်းမောင်နှင့် မရွှန်းလဲ့ဖြူတို့ ပွဲချင်း ပြီး သေဆုံးခဲ့ကာ မငုဝါခိုင်မှာ ဒဏ်ရာ(စိုးရိမ်ရ) ရရှိခဲ့သဖြင့် ယာဉ်မောင်း ဟန်ဝင်းထွန်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# ပေါင်မြို့နယ်တွင် မွေးကင်းစကလေးငယ်အား စွန့်ပစ်ခဲ့သူကို အရေးယူမည်

**ပေါင် အောက်တိုဘာ ၃**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျခတ်ငူကျေးရွာ အမှတ်(၂)ရပ်ကွက် ရန်ကုန်-မော်လမြိုင်ကားလမ်းဘေးရှိ ရေမြောင်းအနီးတွင် မွေးကင်းစကလေးငယ် တစ်ဦးအား ချက်ကြိုးတန်းလန်းဖြင့် လာရောက်စွန့်ပစ်ခဲ့သူကို ရှာဖွေကာ ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

"ကလေးကို လာစွန့်ပစ်သွားတဲ့သူကို ဥပဒေအရ အရေးယူမှာပါ။ ကလေးက အခုကျန်းမာရေးလည်း စိစစ်ပြီးပြီ၊ အကုန်ကောင်းတယ်။ လူမှုဝန်ထမ်းဦးစီး ဌာနနဲ့ ချိတ်ဆက်ပြီးတော့ မွေးစားချင်တဲ့သူရှိရင် မွေးစားခွင့်ပေးသွားမှာပါ" ဟု ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က ပြောသည်။

အောက်တိုဘာ ၂ ရက် နံနက် ၈ နာရီခန့်က ကျခတ်ငူကျေးရွာနေ ဒေါ်မိငယ်က လမ်းလျှောက်လာစဉ် ကလေးငိုသံကြား၍ လိုက်လံရှာဖွေရာ ကားလမ်းဘေးရှိ ရေမြောင်းအနီးတွင် စွန့်ပစ်ထားသော ရက်သားအရွယ် မွေးကင်းစမိန်းကလေးတစ်ဦးကို ချက်ကြိုးတန်းလန်းဖြင့် တွေ့ရှိခဲ့သောကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါစွန့်ပစ်ခံထားရသောကလေးငယ်၏ ကျန်းမာရေးကိစ္စနှင့် ပတ်သက် ပြီး စိတ်ချကောင်းမွန်စေရန်အတွက် တာဝန်ရှိသူများက မြို့နယ်ပြည်သူ့ဆေးရုံသို့ တင်ပို့ကာ ဆေးကုသပေးထားကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

# ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၂) လီဗာပူးတို့ ဆာ့လ်ဘတ်ကို အနိုင်ယူ



ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၂) ယှဉ်ပြိုင်ကစားခဲ့ရာ ဒုတိယ နေ့အဖြစ် အောက်တိုဘာ ၃ ရက် နံနက်ပိုင်းတွင် အန်ဖီးလ်ကွင်း၌ ယှဉ်ပြိုင် ခဲ့သည့် လီဗာပူးနှင့် ဆာ့လ်ဘတ်ပွဲတွင် လီဗာပူးတို့ လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် လီဗာပူးသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် ဩစတြီးယားကလပ် ဆာ့လ်ဘတ်အသင်းသည် ၄-၄-၂ ပုံစံဖြင့် ပွဲထွက်လာသည်။ ပွဲစပြီး ကိုးမိနစ်တွင် မာနေးက လီဗာပူးအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့ပြီး ပွဲချိန် ၂၆ မိနစ်တွင် ရိုဘတ်ဆန်နှင့် ၃၆မိနစ်တွင် ဆာလက်တို့ ဂိုးများဖြင့် လီဗာပူးအသင်းသည် သုံးဂိုး အသာစီးဖြင့် ဦးဆောင်ခဲ့သည်။ ပွဲချိန် ၃၉ မိနစ်တွင် ဟွမ်ဟီချန်က ဆာ့လ်ဘတ်အတွက် ပထမ ချေပဂိုး သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်း ၅၆ မိနစ်တွင် မီနာမီနိုနှင့် မိနစ် ၆၀ တွင် ဟာလန်းတို့က ဆာ့လ်ဘတ်အတွက် ချေပဂိုးများ သွင်းယူခဲ့သည်။ တိုက်စစ် အားသန်သည့် အသင်းနှစ်သင်းတွေ့ဆုံမှုမှာ ယှဉ်ပြိုင်မှုပြင်းထန်ခဲ့ပြီး ဒုတိယ ပိုင်း ၆၉ မိနစ်တွင် ဖာမီနို၏ ခေါင်းတိုက်ချပေးမှုမှတစ်ဆင့် ဆာလက်က လီဗာပူးအတွက် အနိုင်သေချာမည့်ဂိုးကို သွင်းယူပေးခဲ့သည်။**(ယာပုံ)** ပွဲပြီးချိန် တွင် အိမ်ရှင် လီဗာပူးအသင်းသည် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသည့် ယင်းပွဲတွင် ဘောလုံးပိုင်ဆိုင်မှုအဖြစ် လီဗာပူးက အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့်မှာ နှစ်သင်းစလုံး ၁၀ ကြိမ်စီ ရရှိခဲ့သည်။ ဂိုးပေါက်ခြိမ်းခြောက်မှုအနေဖြင့် လည်း နှစ်သင်းစလုံး ငါးကြိမ်စီ ခြိမ်းခြောက်နိုင်ခဲ့သည်။ ချန်ပီယံလိဂ် အုပ်စု(င) အခြားပွဲစဉ်တစ်ပွဲဖြစ်သော ဂျန့်ခ်နှင့် နာပိုလီပွဲတွင် ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ယင်းအုပ်စုတွင် နာပိုလီသည် ရမှတ် လေးမှတ်ဖြင့် ဇယားထိပ်တွင် ဦးဆောင်နေပြီး ဆာ့လ်ဘတ်နှင့် လီဗာပူးသည် ရမှတ် သုံးမှတ်စီ ရရှိထားကာ ဂျန့်ခ်အသင်းသည် တစ်မှတ်သာ ရရှိထားသည်။

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ပွဲစဉ်(၂) ဒုတိယနေ့ အခြားပွဲစဉ်ရလဒ် များအဖြစ် အုပ်စု(စ)တွင် ဒေ့မွန်က ဆလားဗီးယားပရက်ကို နှစ်ဂိုး-ဂိုးမရှိ နှင့် ဘာစီလိုနာက အင်တာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(ဆ) တွင် ဇင်းနစ်က ဘင်ဖီကာကို သုံးဂိုး-တစ်ဂိုး၊ လိုင်ယွန်က လိုက်ပ်ဇစ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(ဇ)တွင် ချယ်လ်ဆီးက လိုင်လီကို နှစ်ဂိုး-တစ်ဂိုး၊ အိုင်းယက်စ်က စပိန်မြေ၌ ဗလင်စီယာကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

**သီဟ**

# လူ့အခွင့်အရေးရှေ့နေ အဇစ်ဘတ်အရှုရော့ဗ်ကို ၂၀၁၉ ခုနှစ်အတွက် နန်ဆန်ဒုက္ခသည်ဆိုင်ရာ ဆုချီးမြှင့်

**နာဆော်တန် အောက်တိုဘာ ၃**

**ကာဇက်စတန်နိုင်ငံတွင် နိုင်ငံမဲ့ဖြစ်နေသူ မရှိရေးအတွက် တရားရေးအရ အကူအညီပေးနေသည့် လူ့အခွင့်အရေးရှေ့နေ အဇစ်ဘတ်အရှုရော့ဗ်(အောက်ပုံ)ကို ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ၂၀၁၉ ခုနှစ်အတွက် နန်ဆန်ဒုက္ခသည်ဆိုင်ရာ ဆုချီးမြှင့်လိုက်ကြောင်း သိရသည်။**




ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအဖြစ် ပထမဆုံး တာဝန်ထမ်းဆောင်ခဲ့သည့် ဝင်ရိုးစွန်းဒေသစူးစမ်းလေ့လာရေးပညာရှင် ဖရစ်ဂျော့ဖ် နန်ဆန်ကို အစွဲပြုပြီး ယခုလို ဆုချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် နိုင်ငံမဲ့ဦးရေ ၁၀ သန်းကျော်ရှိပြီး ၎င်းတို့၏ အခြေအနေသည် သေချာရေရာမှုမရှိကြောင်းနှင့် နိုင်ငံသားများ၏ အခြေခံ ရပိုင်ခွင့်များကို မရကြကြောင်း၊ ထို့အတူ ပညာသင်ကြားခွင့်၊ အလုပ်လုပ်ကိုင်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခွင့်များကိုလည်း ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။

ကာဇက်စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် နိုင်ငံမဲ့တစ်ယောက်မှ မရှိအောင်လုပ်နိုင်ခဲ့သည့် ပထမဆုံးနိုင်ငံ ဖြစ်လာကြောင်းလည်း သိရသည်။ အရှုရော့ဗ် ဦးဆောင်သည့် နယ်စည်းမခြား ဖာဂါနာတောင်ကြားရှေ့နေများအဖွဲ့သည် လူပေါင်း တစ်သောင်းကျော်ခန့်ကို ကာဇက်စတန်နိုင်ငံသားများဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သည့်အတွက် ယခုလို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ နန်ဆန်ဒုက္ခသည်ဆိုင်ရာ ဆုချီးမြှင့်ခံရခြင်းဖြစ်သည်။

၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်နိုင်ငံတော်ကြီး ပြိုကွဲခဲ့ပြီး ကာဇက်စတန်နိုင်ငံ ပေါ်ပေါက်လာခဲ့ပြီးနောက် မည်သည့်နိုင်ငံသားဟု ပြောလို့မရသည့်သူများ အမြောက်အမြားရှိခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ အဖြစ်မျိုးနှင့် အရှုရော့ဗ်နှင့် ၎င်း၏မိသားစုလည်း ကြုံတွေ့ခဲ့ရပြီးနောက် အဆိုပါအရေးမှ လွတ်မြောက်အောင် လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ဖီလစ်ပိုဂရန်ဒီက ရှေ့နေ အရှုရော့ဗ်၏ အောင်မြင်မှုများကို ချီးကျူးလိုက်ကြောင်း သတင်းရရှိသည်။

**အေအက်ဖ်ပီ**

## ပွန်ပီအိုနှင့် ဒီမိုကရက်အမတ်များ အပြန်အလှန် ပြစ်တင်ဝေဖန်

**ဝါရှင်တန် အောက်တိုဘာ ၃**

အမေရိကန်အောက်လွှတ်တော်မှ ဒီမိုကရက်အမတ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မိုက်ပွန်ပီအိုတို့သည် သမ္မတဒေါ်နယ်ထရမ့် အပေါ် စွပ်စွဲချက်များနှင့် ပတ်သက်ပြီး အပြန်အလှန် ပြစ်တင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဇူလိုင်လက ဒီမိုကရက်တစ်ပါတီသမ္မတလောင်း ဂျိုးဘိုင်ဒင် ၏ ပျော့ကွက်တစ်စုံတစ်ရာနှင့် ပတ်သက်သည့် သတင်းအချက်အလက်ရယူနိုင်ရန် ယူကရိန်းသမ္မတဖိုလိုဒီမီယာ ဇယ်လဲန်းစကီကို ဖုန်းဖြင့်ပြောဆို ဖိအားပေးခဲ့သည်ဆိုသည့် စွပ်စွဲချက်များနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

သမ္မတထရမ့်အပေါ် စွပ်စွဲချက်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကို လွှတ်တော်တွင် သက်သေထွက်ဆိုရန် နိုင်ငံခြားရေးဝန်ကြီးဌာနက အဆင့်မြင့်အရာရှိငါးဦးကို ဆင့်ခေါ်လိုက်သည့် ဒီမိုကရက်များ၏ အစီအစဉ်ကို မိုက်ပွန်ပီအိုက ပယ်ချလိုက်သည်။ အောက်လွှတ်တော်ကော်မတီဥက္ကဋ္ဌဆီသို့ ပေးပို့သည့် စာတစ်စောင်တွင် မစ္စတာပွန်ပီအိုက ဒီမိုကရက်များသည် မိမိ၏ဝန်ထမ်းများကို ခြိမ်းခြောက်အနိုင်ကျင့်ရန် ကြိုးစားနေကြောင်း ဖော်ပြရေးသားထားသည်။

ယင်းကိစ္စ ဖြစ်ပွားပြီးနောက် အောက်လွှတ်တော်ကော်မတီသုံးခုမှ ဥက္ကဋ္ဌများက ပွန်ပီအိုသည် သမ္မတအပေါ် စုံစမ်းမှုကို နှောင့်ယှက်ဟန့်တားနေသည်ဟု ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်ပြီး အဆိုပါကြေညာချက်တွင် ပွန်ပီအိုအနေဖြင့် သမ္မတကို ကာကွယ်ရန် ဌာနတွင်းက မျက်မြင်သက်သေများကို ခြိမ်းခြောက်နေမှုများ ချက်ချင်းရပ်ဆိုင်းသင့်ကြောင်း ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

## အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး သဘောတူလက်မှတ်ရေးထိုးမည်

**ဒါကာ အောက်တိုဘာ ၃**

အိန္ဒိယနိုင်ငံသို့ အောက်တိုဘာ ၃ ရက်မှ စတင်ကာ လေးရက်ကြာ တရားဝင်ချစ်ကြည်ရေးခရီးစဉ်သွားရောက်မည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာစီနာ၏ တရားဝင် ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံသဘောတူစာချုပ် တစ်ဒါဇင်ခန့် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် ယခုနှစ် ဇန်နဝါရီလတွင် ဝန်ကြီးချုပ်အဖြစ် သုံးကြိမ်မြောက်သက်တမ်းအတွက် တာဝန်ယူပြီးနောက် ဟာစီနာအနေဖြင့် အိန္ဒိယနိုင်ငံသို့ ပထမဆုံး လာရောက်ခဲ့ခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်သည် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အိန္ဒိယစီးပွားရေး ထိပ်သီးအစည်းအဝေး တက်ရောက်ရန် အောက်တိုဘာ ၃ ရက်တွင် အိန္ဒိယနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး အေ.ကေ အဗ္ဗဒူလ်မိုမန်က အောက်တိုဘာ ၂ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ “ကျွန်တော်တို့ စာချုပ် ၁၀ ခုမှ ၁၂ ခုအထိ လက်မှတ်ရေးထိုးနိုင်မယ် ထင်ပါတယ်” ဟု ၎င်းက ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာစီနာနှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒြာမိုဒီတို့ နယူးဒေလီမြို့တွင် တွေ့ဆုံပြီးနောက် ကွန်ရက်ချိတ်ဆက်မှု၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ယဉ်ကျေးမှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် အခြားသော ကဏ္ဍများဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးက ဆိုသည်။

**ဆင်ဟွာ**

## အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးနှင့် လူငယ်များအလုပ်အကိုင်ရရှိရေး ဘဂ္ဂဒက်တွင် ဆန္ဒပြ

**ဘဂ္ဂဒက် အောက်တိုဘာ ၃**

ညမထွက်ရ အမိန့်ထုတ်ပြန်ထားသော်လည်း အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိသောကြောင့် အကြမ်းဖက်နှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များက ဖြို့ခွင်းမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

သုံးရက်မြောက်သို့ ဝင်ရောက်လာသော အဆိုပါဆန္ဒပြမှုတွင် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးနှင့် လူငယ်များအလုပ်အကိုင်ရရှိရေးကို တောင်းဆိုလျက်ရှိပြီး ဆန္ဒပြမှုကြောင့် ယခုအချိန်အထိ သေဆုံးသူ ၁၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သတင်းရရှိသည်။

အခုလို ဆန္ဒပြဖြစ်စဉ်များသည် အက်ဒယ်အက်ဒယ်မာဒီအစိုးရအတွက် တကယ့်စမ်းသပ်မှုကြီးတစ်ခု ဖြစ်လာပြီဖြစ်သည်။

လွန်ခဲ့သော အင်္ဂါနေ့မှစပြီး အကျင့်ပျက်ခြစားမှု၊ အလုပ်လက်မဲ့နှင့် ပြည်သူ့ဝန်ဆောင်မှုညံ့ဖျင်းမှုများအပေါ် လူထုမကျေနပ်မှုများ မြင့်တက်လာလျက်ရှိသည်။

အောက်တိုဘာ ၂ ရက်နေ့ ညပိုင်းတွင် ဆူပူအုံကြွမှုများကို ထိန်းသိမ်းရန် ရှီးယိုက်ခေါင်းဆောင် မော့တာဒါဆာ့ဒ်က ကြိုးစားခဲ့သည်။ ၎င်းက ဆန္ဒပြသူများအား ငြိမ်းချမ်းစွာဆန္ဒပြကြရန် တောင်းဆိုလိုက်သည်။

တာရာရ်ရင်ပြင်တွင် ရဲများက အောက်တိုဘာ ၃ ရက်က တာယာများ မီးရှို့ကာဆန္ဒပြနေသည့် ဆန္ဒပြသူများကို လူစုခွဲရန် ကျည်ဆန်အစစ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း သတင်းရရှိသည်။ ဆန္ဒပြသူများသည် မြို့တော်နှင့် အခြားနေရာများတွင် ဆန္ဒပြမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ဘဂ္ဂဒက်မြို့အတွင်း ဆန္ဒပြသူများကို တွေ့ရစဉ်။

## ဝေဖန်မှုများမြင့်တက်နေသော်လည်း စင်ကာပူ၌ သတင်းအမှားများကို တိုက်ဖျက်သည့် ဥပဒေ စတင်သက်ရောက်

**စင်ကာပူ အောက်တိုဘာ ၃**

စင်ကာပူနိုင်ငံ၌ သတင်းအမှားများ ဖြန့်ဝေမှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ကာ ထောင်ဒဏ်နှစ်ရှည် ချမှတ်မည့်ဥပဒေ စတင်အသက်ဝင်ခဲ့ကြောင်း သိရသည်။ သဘောထားကွဲလွဲသူများကို နှိပ်ကွပ်ရန် ကြိုးပမ်းခြင်းဖြစ်သည်ဟုဆိုကာ နည်းပညာကုမ္ပဏီကြီးများနှင့် တက်ကြွလှုပ်ရှားသူများက ဝေဖန်ခဲ့သော်လည်း ယင်းဥပဒေကို ပြီးခဲ့သည့်မေလက အတည်ပြုနိုင်ခဲ့ပြီးနောက် စက်တင်ဘာ ၂ ရက်တွင် အဆိုပါဥပဒေ စတင်သက်ရောက်ခဲ့သည်။

ဥပဒေအရ အစိုးရသည် စင်ကာပူအပေါ် အဆိုးမြင်ဝါဒဖြင့် ရေးသားဖော်ပြမှုများ၊ ရွေးကောက်ပွဲများအပေါ် လွှမ်းမိုးနိုင်စေရန် ရည်ရွယ်ချက်ဖြင့် သတင်းအမှားများဖြန့်ချိကာ အမြတ်ထုတ်ရန်ရည်ရွယ်သည့် သတင်းအမှားဖြန့်ဝေမှုများကိုပိတ်ပင်ရန် ဆက်သွယ်ရေး ကုမ္ပဏီများအား ညွှန်ကြားပိုင်ခွင့်ရှိမည်ဖြစ်သည်။

စင်ကာပူ၌ ရုံးစိုက်ထားသည့် ဖေ့စ်ဘွတ်၊ တွစ်တာနှင့် ဂူဂဲလ်ကုမ္ပဏီများအနေဖြင့် ဥပဒေနှင့် လိုက်လျောညီထွေရှိစေရေး ပြင်ဆင်ညှိနှိုင်းရန် အတွက် အချိန်ပေးသည့်အနေဖြင့် ယာယီကင်းလွတ်ခွင့်ပေးထားသည်ဟု ဆိုသည်။

အကယ်၍ ပြစ်မှုကျူးလွန်သူသည် စင်ကာပူ၏ အကျိုးစီးပွားကို ထိခိုက်စေသည့်ရေးသားဖော်ပြမှုမျိုး ပြုလုပ်ခဲ့ကြောင်းတွေ့ရှိပါက နည်းပညာကုမ္ပဏီများကို စင်ကာပူဒေါ်လာ တစ်သန်းနှင့်အထက် ဒဏ်ငွေတပ်မည်ဖြစ်ပြီး ကျူးလွန်သူမှာ ထောင်ဒဏ် ၁၀နှစ်နှင့်အထက် ကျခံရမည်ဖြစ်သည်။ ယင်းဥပဒေအရ အစိုးရဝန်ကြီးများသည် မည်သည့်သတင်းက သတင်းမှားဖြစ်ကြောင်းနှင့် အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်းရှိ မရှိ ဆုံးဖြတ်ခွင့်ရှိမည်ဖြစ်သည်။

အဆိုပါဥပဒေသည် သာမန်စင်ကာပူနိုင်ငံသားများ၏ အွန်လိုင်းရေးသားဖော်ပြမှုအတွက် စိုးရိမ်ဖွယ်ဘေးအန္တရာယ်ဖြစ်ကြောင်းနှင့် လွတ်လပ်သော အွန်လိုင်းသတင်း ဝက်ဘ်ဆိုက်များအတွက်လည်း ထိုးနှက်ချက် တစ်ခုဖြစ်ကြောင်း လူ့အခွင့်အရေးလှုပ်ရှားသူများက ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းမှုနှင့် ဆက်စပ်ဖြစ်စဉ်များကြောင့် သေဆုံးသူ ၄၂ ဦးရှိ

**နယူးဒေလီ အောက်တိုဘာ ၃**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်တွင် လွန်ခဲ့သည့် ရက်သတ္တပတ် က မိုးရွာသွန်းမှုအပါအဝင် ယင်းနှင့် ဆက်စပ်သည့် ဖြစ်စဉ်များကြောင့် သေဆုံးသူ ၄၂ ဦး ရှိခဲ့ကြောင်း ယမန်နေ့က ဖော်ပြသည့် သတင်းများအရ သိရသည်။

ဘီဟာပြည်နယ်မြို့တော် ပတ္တနာတွင် ရေဖုံးလွှမ်းမှု အဆိုးရွားဆုံးဖြစ်ကြောင်းနှင့် ကတ်တီယာ၊ ဘတ်ဂူစာရိုင်၊ ခါဂါရိုင်နှင့် ဘာဂယ်လ်ပါရ်အပါအဝင် ခရိုင် ၁၅ ခုတွင် ရေလွှမ်းမှုဒဏ်ကို ပြည်သူ သန်း ၂၀ ကျော်ခံစားနေရကြောင်း နိုင်ငံပိုင် အသံလွှင့်ဌာနဖြစ်သည့် အောအိန္ဒိယရေဒီယိုက ဖော်ပြထားသည်။

ပြည်နယ်အစိုးရက သဘာဝဘေးဖြစ်ပွားခဲ့သည့် နယ်မြေများတွင် ကယ်ဆယ်ရေးနှင့် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ အရေးတကြီး လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားလိုက်သည်။ ထို့အပြင် ဘီဟာပြည်နယ်ရှိ သီးခြားနယ်မြေများတွင် လာမည့်ရက်များအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်လက် ဖြစ်ပွားနိုင်ကြောင်း အိန္ဒိယ မိုးလေဝသဌာနက ခန့်မှန်းထားသည်။ **ဆင်ဟွာ**

### ဒီဂျစ်တယ် ဈေးကွက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲရန် ဂျပန်အစိုးရဆွေးနွေး

**တိုကျို အောက်တိုဘာ ၃**

ဂျပန်၌ ဒီဂျစ်တယ်ဈေးကွက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းနိုင်ရေး ဆွေးနွေးရန်အတွက် ဂျပန်အစိုးရအဖွဲ့ဝန်ကြီးများက ယခုသီတင်းပတ်တွင် ပထမဆုံးအကြိမ် အစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အွန်လိုင်းမှတစ်ဆင့် ငွေကြေးလွှဲပြောင်းမှုတွင် ပွင့်လင်းမြင်သာမှုရှိရေး အာမခံနိုင်စေရန်နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ကာကွယ်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။ နည်းပညာကုမ္ပဏီကြီးများသည် ဂျပန်နိုင်ငံအပါအဝင် ဒီဂျစ်တယ်ဈေးကွက်အတွင်း စိုးမိုးခြယ်လှယ်စေနိုင်လောက်အောင် များပြားလှသည့် အချက်အလက်များကို စုဆောင်းရရှိထားသည့်အတွက် ယခုကဲ့သို့ ဆောင်ရွက်ရန် လိုအပ်လာသည်ဟု ဆိုသည်။ ဒီဂျစ်တယ်နည်းပညာအသုံးပြုသူများ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို အဆိုပါကုမ္ပဏီများက အသုံးပြုခြင်းကို ရပ်တန့်စေနိုင်မည့် နည်းလမ်းများကို စဉ်းစားလျက်ရှိကြောင်း အစိုးရဝန်ကြီးများနှင့် ကျွမ်းကျင်သူများပါဝင်သည့် အဖွဲ့က ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# တရုတ်ရဲ့ စစ်ရေးစွမ်းပကား ကမ္ဘာပေါ်မှာ ဝင့်ဝင့်ကြွား

**ထွန်းသစ်စ**

အောက်တိုဘာလ ၁ ရက်နေ့မှာ တရုတ်နိုင်ငံက သူ့ရဲ့ ကြီးမားတဲ့စစ်အင်အားကို ဂုဏ်ယူဝင့်ကြွားစွာနဲ့ အပြည့်အဝထုတ်ဖော်ပြသလိုက်ပြီ ဖြစ်ပါတယ်။ ပေကျင်းမြို့ တီယန်မင်ရင်ပြင်မှာ ကျင်းပတဲ့ အမျိုးသားနေ့စစ်ရေးပြအခမ်းအနားမှာ တရုတ်နိုင်ငံဟာ နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်တွေ၊ တိုက်လေယာဉ်တွေ၊ စစ်မြေပြင်သုံး မျိုးဆက်သစ်တင့်ကားတွေကို ပြသလိုက်တာဟာ နိုင်ငံတကာစစ်အင်အားမှာ သူရပ်တည်နေတဲ့အဆင့်ကို သက်သေပြလိုက်သလိုပါပဲ။

**ကြွားကြွားရွားရွားမိုးယံမြင့်မား**

တီယန်မင် ရင်ပြင်မှာ အခုလို စစ်ပစ္စည်းတွေနဲ့နည်းပညာတိုးတက်မှုတွေ အံ့မခန်း ပေါင်းစပ်ပြသနိုင်မှုက ကမ္ဘာ့နိုင်ငံတွေရဲ့ အမြင်မှာတော့ တရုတ်ဟာ အာရှပစိဖိတ် ဟိုမှာဘက်အထိ ဖြန့်ကြက်ထားတဲ့ အမေရိကန်ရဲ့ လွှမ်းမိုးမှုတွေကို ခြိမ်းခြောက်နိုင်သူအဖြစ် ရှုမြင်လာကြပါတယ်။ နှစ် ၇၀ ပြည့် ကွန်မြူနစ်ပါတီအုပ်ချုပ်မှုအဖြစ် အမျိုးသားစစ်ရေးပြအခမ်းအနား မကျင်းပမီမှာ တရုတ်သမ္မတ ရှီကျင့်ဖျင်ဟာ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို လှည့်လည်စစ်ဆေးခဲ့ပါတယ်။




အောက်တိုဘာ ၁ ရက်က တီယန်မင်ရင်ပြင်တွင် စစ်ရေးပြအခမ်းအနား ကျင်းပနေစဉ်။

အမေရိကန်နိုင်ငံနဲ့ သံတမန်ရေးဆိုင်ရာ တင်းမာမှုတွေဖြစ်နေချိန်မှာ တရုတ်နိုင်ငံရဲ့ တပ်မတော်ဟာလည်း လျင်မြန်စွာအဆင့်မီလာပါတယ်။ အမေရိကန်ဟာ တောင်တရုတ်ပင်လယ်ပိုင်နက် အငြင်းပွားမှုအပေါ် စိုးရိမ်နေသလို တရုတ်(တိုင်ပေ)နဲ့ ပြည်မကြီး ပေါင်းစုံဖို့အရေး တရုတ်နိုင်ငံရဲ့ ရည်မှန်းချက်အပေါ်လည်း စိတ်မအေးဖြစ်နေပါတယ်။

အမျိုးသားစစ်ရေးပြအခမ်းအနားမှာ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ တပ်ဖွဲ့ဝင် ၁၅၀၀၀ တို့ကလည်း စစ်ချီတေးများကို သံပြိုင် ဟစ်ကြွေးချီတက်လာကြသလို ရင်ပြင်တစ်လျှောက်လုံးမှာလည်း လက်နက်ကြီးလက်နက်ငယ်အမျိုးအစားပေါင်း ၅၈၀ ခန့်ဟာလည်း ကြွားကြွားရွားရွား မိုးယံမြင့်မားနေသလို လေယာဉ်အစင်းပေါင်း ၁၆၀ ခန့်ကလည်း တိမ်ညွှန့်ကိုစားတော့မယ့်ပမာ စစ်ရေးပြနေကြပါတော့တယ်။

**ထူးထွေဆန်းပြားလက်နက်များ**

အမျိုးသားနေ့စစ်ရေးပြအခမ်းအနားမှာ ဒီတစ်ခါ ဖော်ထုတ်ပြသလိုက်တာကတော့ တိုက်ချင်းပစ် နျူကလီးယားဒုံးကျည်ဖြစ်တဲ့ တုန်းဖန်း-၄၁ တွေပဲ ဖြစ်ပါတော့တယ်။ တုန်းဖန်း-၄၁ အမျိုးအစား ဒုံးကျည်တွေဟာ နျူကလီးယားထိပ်ဖူး ၁၀ ခုအထိ တပ်ဆင်နိုင်ပြီး အမေရိကန်ရဲ့ ဘယ်နေရာမဆို ပစ်ခတ်နိုင်ပါတယ်။ နိုင်ငံပိုင် သတင်းအေဂျင်စီတစ်ခုဖြစ်တဲ့ ဆင်ဟွာရဲ့ အဆိုအရ တုန်းဖန်း-၄၁ အမျိုးအစားဒုံးကျည်တွေဟာ တရုတ်နိုင်ငံရဲ့ မဟာဗျူဟာမြောက် နျူကလီးယားအင်အားတွေပဲ ဖြစ်ပါတယ်။

စစ်ရေးပြအခမ်းအနားမှာ ထုတ်ဖော်ပြသလိုက်တဲ့နောက်လက်နက်တစ်ခုကတော့ ဂျေအယ်လ်-၂ လို့ နာမည်ပေးထားတဲ့ နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်တွေပဲ ဖြစ်ပါတယ်။ အဲဒီဂျေအယ်လ်-၂ အမျိုးအစား ဒုံးကျည်တွေကို ရေငုပ်သင်္ဘောကနေ ပစ်ခတ်နိုင်မှာ ဖြစ်ပါတယ်။ ဂျေအယ်လ်-၂ ဒုံးကျည်တွေဟာ ကီလိုမီတာ ၈၀၀၀ (မိုင် ၅၀၀၀) အထိ ပစ်ခတ်နိုင်ပြီး အလာစကာနဲ့ အမေရိကန်ပြည်ထောင်စုအနောက်ပိုင်း ဘယ်နေရာမဆို ပစ်ခတ်နိုင်တယ်လို့ စစ်ဘက်ဆိုင်ရာ သတင်းအချက်အလက် ကုမ္ပဏီဖြစ်တဲ့ ဂျိမ်းစ်က ပြောပါတယ်။

နောက်ထပ် ဒုံးကျည်သစ်တစ်မျိုးကတော့ ဒီအက်ဖ်-၁၀၀ လို့အမည်ပေးထားတဲ့ ဒုံးကျည်ပဲ ဖြစ်ပါတယ်။ သူဟာ အသံထက်မြန်ပြီး လေယာဉ်တင်သင်္ဘောကြီးတွေကို ဟန့်တားနိုင်တယ်လို့ သိရပါတယ်။ တာတိုနဲ့ တာလတ်ပစ်ဒုံးကျည်ဖြစ်တဲ့ ဒီအက်ဖ်-၁၇ ကိုတော့ ဒီတစ်ခါပြည်သူတွေရဲ့ရှေ့မှာ ပွဲထုတ်လိုက်ပါတယ်။ သူဟာလည်းပဲ စွမ်းဆောင်ရည်မြင့်တဲ့ ဒုံးကျည်တစ်စင်းပဲ ဖြစ်ပါတယ်။ ပထမဆုံးအကြိမ်အဖြစ် ပေကျင်းဟာ ဒဗလျူဇက်-၈ မောင်းသူမဲ့ ဒရုန်းယာဉ်တွေကိုလည်း ပြသခဲ့ပါတယ်။ အဲဒီမောင်းသူမဲ့ ဒရုန်းတွေကို လေယာဉ်ပေါ်က ကြဲချနိုင်ပြီး မိမိလိုချင်တဲ့ သတင်းအချက်အလက်တွေကို ထောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

အမျိုးသားနေ့စစ်ရေးပြအခမ်းအနားကျင်းပရာ တီယန်မင်ရင်ပြင်မှာတော့ အကြမ်းဖက်ဆန့်ကျင်တိုက်ဖျက်ရာမှာ အသုံးပြုတဲ့ သံချပ်ကာကားတွေ တဖြည်းဖြည်းနဲ့ ချီတက်လာကြတာဟာဖြင့် ရဲစိတ်ရဲမာန်များတောင် တက်ကြွလာပါတယ်။ အဲဒီကားတွေကိုတော့ အကြမ်းဖက်တိုက်ဖျက်နှိမ်နင်းမှုတွေမှာ အသုံးပြုကြပါတယ်။

တစ်မျိုးနဲ့တစ်မျိုး မရိုးရအောင် နောက်တစ်မျိုးထပ်မံပြသလိုက်တာကတော့ စစ်မြေပြင်သုံး ၉၉ အေ အမျိုးအစား တင့်ကားတွေပဲဖြစ်ပါတယ်။ အမျိုးသားနေ့စစ်ရေးပြအခမ်းအနားမှာ ပြသခဲ့တဲ့ စစ်လက်နက်ပစ္စည်းတွေဟာ အားလုံးအသစ်တွေချည်းဖြစ်ပြီး ပြည်တွင်းဖြစ်တွေပဲဖြစ်ပါတယ်လို့ ဆင်ဟွာမှာ ဖော်ပြထားပါတယ်။

**ကြီးကျယ်ခမ်းနား စစ်ရေးပြအခမ်းအနား**

ရင်သပ်ရှုမောဖွယ်ကောင်းပေစွ။ သမိုင်းမှာ အကြီးအကျယ်ဆုံး စစ်ရေးပြအခမ်းအနားကြီးကို ဆင်နွှဲလေရော့သလားလို့တောင် ထင်မှတ်မှားပြီးမြင်သူတိုင်း ရဲစိတ်ရဲမာန်ထက်သန်တက်ကြွလာတာကတော့ ပြောမယုံ ကြုံဖူးမှ သိမှာပါပဲ။ အခုစစ်ရေးပြ အခမ်းအနားမှာ တွေ့မြင်လိုက်ရတာကတော့ တရုတ်နိုင်ငံရဲ့ တိုးတက်လာတဲ့ နျူကလီးယားတပ်ဖွဲ့ပဲ ဖြစ်တယ်လို့ ဆစ်ဒနီရှိ မက်ကွာရီတက္ကသိုလ်မှ တရုတ်နိုင်ငံ ခေတ်မီစစ်ဘက်ဆိုင်ရာ ကျွမ်းကျင်သူ အဒမ်နီက ထောက်ပြပြောဆိုခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ နျူကလီးယားလက်နက်တွေဟာ ပိုမိုလွယ်ကူမြန်ဆန် တိကျထိရောက်ပြီး နည်းပညာအဆင့်မြင့်လက်နက်တွေဖြစ်တယ်လို့ သူက ပြောပါတယ်။

> "သမ္မတရှီကျင့်ဖျင်က တရုတ်နိုင်ငံအနေနဲ့ ငြိမ်းချမ်းတဲ့ တိုးတက်မှုဖြစ်စဉ်ကိုသာ ရှေးရှုရှာဖွေလျက်ရှိပြီး ပြည်သူ့လွတ်မြောက်ရေးတပ်ဖွဲ့ဝင် နှစ်သန်းဟာလည်း ကမ္ဘာ့ငြိမ်းချမ်းရေးကို ခိုင်မာစွာ ထိန်းသိမ်းသွားမှာဖြစ်တယ်လို့ ပြောပါတယ်"

စစ်ရေးပြအခမ်းအနားမှာ တရုတ်သမ္မတ ရှီကျင့်ဖျင်က တရုတ်နိုင်ငံအနေနဲ့ ငြိမ်းချမ်းတဲ့တိုးတက်မှုဖြစ်စဉ်ကိုသာ ရှေးရှုရှာဖွေလျက်ရှိပြီး ပြည်သူ့လွတ်မြောက်ရေးတပ်ဖွဲ့ဝင် နှစ်သန်းဟာလည်း ကမ္ဘာ့ငြိမ်းချမ်းရေးကို ခိုင်မာစွာ ထိန်းသိမ်းသွားမှာဖြစ်တယ်လို့ ပြောပါတယ်။

အခုလိုမျိုးနျူကလီးယားတပ်ဖွဲ့ကြီးကို ပြသလိုက်ခြင်းဟာ တရုတ်နိုင်ငံအနေနဲ့ နျူကလီးယားနည်းဗျူဟာ ပြောင်းလဲဖို့ပြသတာမဟုတ်ဘဲ အကယ်၍ တတိယနိုင်ငံတစ်နိုင်ငံက လာတိုက်ခဲ့ပါက အဆင်သင့်ဖြစ်နေရန်သာ ဖြစ်တယ်လို့ ခေတ်မီစစ်သင်္ဘောများမဂ္ဂဇင်းစာတည်းမှူးချုပ် ချူယီလန်က ပြောပါတယ်။

**ကမ္ဘာကြီးကို သက်သေထူ**

ဇူလိုင်လမှာ ပေကျင်းဟာ ခေတ်မီအဆင့်မြင့်တပ်မတော်တစ်ခု တည်ဆောက်မယ့် အမျိုးသားကာကွယ်ရေးအစီအစဉ်တစ်ခုကို လျာထားခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ ကာကွယ်ရေးအသုံးစရိတ်ဟာ အမေရိကန်ကို မကျော်လွန်နိုင်ခဲ့ပါဘူး။ တရုတ်နိုင်ငံဟာ ၂၀၁၉ ခုနှစ်မှာ သူ့ရဲ့ ကာကွယ်ရေးအသုံးစရိတ်ကို ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲဖို့ လျာထားပေမယ့်လည်း မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံရဲ့ စီးပွားရေးဟာ နှေးကွေးနေတာကြောင့် ကာကွယ်ရေးအသုံးစရိတ်ကို လျာထားသလောက် မသုံးစွဲခဲ့ပါဘူး။

စင်ကာပူနန်ယန်နည်းပညာတက္ကသိုလ်မှ စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်သူတစ်ယောက်ဖြစ်တဲ့ ဂျိမ်းစ်ချာက တရုတ်နိုင်ငံဟာ အမေရိကန်နိုင်ငံလောက်ကို စစ်ရေးဆိုင်ရာ နည်းပညာတွေမှာ တိုးတက်လာတယ်လို့ ဆိုပါတယ်။ တကယ့်စစ်ရေးဆိုင်ရာ စွမ်းရည်တွေကို ပြသဖို့ဆိုတာ စစ်လက်နက်ပစ္စည်းတွေ ပြသတာထက် ပြောသလောက်လွယ်မှာ မဟုတ်ဘူးလို့လည်း သူက ပြောပါတယ်။

ဘယ်လိုပဲဆိုဆို တရုတ်နိုင်ငံဟာ စစ်ရေးပြအခမ်းအနားမှာ အခုလို အထူးထူးအဆန်းဆန်းသော စက်လက်နက်တွေ၊ စစ်ပစ္စည်းတွေ ထုတ်ဖော်ပြသလိုက်တာဟာ ကမ္ဘာကြီးမှာ တရုတ်နိုင်ငံရဲ့ တည်ရှိနေမှုကို သက်သေထူလိုက်တာပဲ ဖြစ်ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

# မဲခေါင်မြစ်ဝှမ်းနိုင်ငံများမှ သံဃာတော်များ ဒုတိယအကြိမ် ဓမ္မယထရခရီးစဉ်အတွက် အကြိုညှိနှိုင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၃**

မဲခေါင်မြစ်ဝှမ်း နိုင်ငံများမှ သံဃာတော်များ၏ ဒုတိယအကြိမ်မြောက် ဓမ္မယထရခရီးစဉ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြိုလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ပြုလုပ်သည်။

ညှိနှိုင်းအစည်းအဝေးသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာ ခင်ရွှေ နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ခရီးစဉ်နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါ ခရီးစဉ်သည် ထိုင်းနိုင်ငံ၊ ဗောဓိဂယာဝိဇ္ဇာလျ ၉၈၀ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းတို့ ပူးပေါင်းစီစဉ်သည့် မဲခေါင်မြစ်ဝှမ်း နိုင်ငံများမှ ဗုဒ္ဓဘာသာ ရဟန်းတော်များ၏ ဒုတိယအကြိမ်မြောက် ဓမ္မယထရခရီးစဉ်ဖြစ်ပြီး အောက်တိုဘာ ၁၄ ရက်မှ ၃၁ ရက်အထိ ဖြစ်ကြောင်း၊ ဓမ္မယထရ ခရီးစဉ်တွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ သံဃာတော်များ ပါဝင်မည်ဖြစ်ပြီး ခရီးစဉ် စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ထိုင်းနိုင်ငံ ချင်းရိုင်မြို့၌ အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ခရီးစဉ်အတွင်း ရှမ်းပြည်နယ်၊ အရှေ့ပိုင်းတာချီလိတ်နှင့် ကျိုင်းတုံမြို့များတွင် အောက်တိုဘာ ၁၆ ရက်မှ အောက်တိုဘာ ၁၈ ရက်အထိ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဗုဒ္ဓဂယာမှ ယူဆောင်လာသော မဟာဗောဓိညောင်ပင်များ စိုက်ပျိုးခြင်းစသော အခမ်းအနားများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လင်းလင်း



သံဃာတော်များ ဓမ္မယထရ ခရီးစဉ်အတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ညှိနှိုင်းစဉ်။

# ကရင်ပြည်နယ်၌ သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ

**ဘားအံ အောက်တိုဘာ ၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် အသက်ကြောင့် မခွဲခြားတို့ဘိုးဘွား၊ စွမ်းအားတူညီလျှောက်လှမ်းမည်။ ဆောင်ပုဒ်ဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက ဇွဲကပင်ခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်၍ အသက် ၈၀ နှစ်နှင့်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့ငွေများ ပေးအပ်ခဲ့ကြသည်။

အခမ်းအနားတွင် သက်ကြီးချိတ်ဆက်အဖွဲ့မှ ကရင်ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်ပြီး အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ဝင် ဌာနေညွှန်ကြားရေးမှူး Mr .Godfret Paul က နှုတ်ခွန်းဆက်စကားပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသော အပူဇော်ခံအဘိုးအဘွားများအား တိုင်းရင်းဆေးဝါးများ၊ ပူဇော်ကန်တော့ငွေများနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ အပူဇော်ခံအဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းမေတ္တာစကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားသို့ ဘားအံမြို့ပေါ်ရှိ ရပ်ကွက်များမှ အသက် ၈၀ နှစ်နှင့်အထက် အဘိုးအဘွား ၄၀ ခန့် တက်ရောက်ခဲ့ကြပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ဘားအံမြို့ပေါ် (၉)ရပ်ကွက်ရှိ အသက်(၈၀)နှစ်နှင့်အထက် အဘိုး အဘွား ၈၂၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၄၈၄၀၀၀၀ ၊ ပြည်နယ်တိုင်းရင်းဆေးဦးစီးဌာနမှ ငွေကျပ် တစ်သိန်းငါးသောင်း ခြောက်ထောင် ခုနစ်ရာတန်ဖိုးရှိ တိုင်းရင်းဆေးဝါးများကို လှူဒါန်းခဲ့ကြောင်းနှင့် အခမ်းအနားသို့ တက်ရောက်နိုင်ခြင်း မရှိသော အပူဇော်ခံ သက်ကြီးအဘိုးအဘွားများအား သက်ဆိုင်ရာတာဝန်ရှိသူများက အိမ်တိုင်ရာရောက် သွားရောက် လှူဒါန်းပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။




အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပစဉ်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီး၌ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ကတ်ပြားများ ပေးအပ်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၃**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ခွင့်ရရှိသော ကိုယ်ပိုင်ကျောင်းများအား ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ကတ်ပြားများ ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၈ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးအောင်ကြည်က ကိုယ်ပိုင်ကျောင်းများအား မှတ်ပုံတင်ကတ်ပြားများ ပေးအပ်ခြင်းသည် နိုင်ငံတော်က တရားဝင်အသိအမှတ်ပြုခြင်းဖြစ်သကဲ့သို့ ပညာရေးဝန်ကြီးဌာနမှ ကိုယ်ပိုင်ကျောင်းများအား ပညာရေးပြုပြင်ပြောင်းလဲမှုများတွင် အခြေခံပညာကျောင်းများနည်းတူ ပါဝင်ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ပေးအပ်လိုက်ခြင်းလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုယ်ပိုင်ကျောင်းများအနေဖြင့် ပြောင်းလဲလာသည့် ပညာရေးမူဝါဒအသစ်ပေါ်တွင် ယုံကြည်စွာဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ထားသည့် ကိုယ်ပိုင်ကျောင်းဥပဒေ နည်းဥပဒေများကိုလည်း လိုက်နာရန် စသည့်အလေ့အကျင့်ကောင်းများရရှိစေရန် ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။




ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ကတ်ပြားများ ပေးအပ်စဉ်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းမြင့်က ကိုယ်ပိုင်ကျောင်းများနှင့် ပတ်သက်၍ စိစစ်တွေ့ရှိချက်များအား ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံး ညွှန်ကြားရေးမှူး(ပညာ) ဦးစိုးလွင်က ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်အတွက် အသစ်စမ်းသပ် ဖွင့်လှစ်ခွင့်ရရှိသော ကိုယ်ပိုင်ကျောင်းများနှင့် ယာယီသက်တမ်းတိုးခွင့် ရရှိသည့် ကိုယ်ပိုင်ကျောင်း ၁၀၀ ကျော်အား တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးက ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ကတ်ပြားများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်အတွက် မူလတန်း ၂၅ ကျောင်း၊ အလယ်တန်း ၂၃ ကျောင်း၊ အထက်တန်း ၁၆၄ ကျောင်း စုစုပေါင်း ကိုယ်ပိုင်ကျောင်း ၂၁၂ ကျောင်းဖွင့်လှစ်ထားရှိကြောင်းနှင့် ကိုယ်ပိုင်ကျောင်း ဆရာ မှတ်ပုံတင်ကတ် ၈၅၀ ကတ် ထုတ်ပေးထားကာ အဆိုပါ ကိုယ်ပိုင်ကျောင်းများတွင် တက်ရောက်နေသော ကျောင်းသား ကျောင်းသူ ဦးရေ ၆၉၆၃၀ ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# လီဆူတိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းရုံးသစ်ဖွင့်

**မန္တလေး အောက်တိုဘာ ၃**

လီဆူတိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းရုံးသစ်ဖွင့်ပွဲ၊ ဆိုင်းဘုတ်တင်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကိုအောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ် ၆၂ လမ်း ၁၆ လမ်းနှင့် ၁၇လမ်းကြား ဒေါနဘွားနန်းရှေ့တွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဦး၊ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားများ ဥက္ကဋ္ဌ ဦးနိုင်မောင်မြင့်၊ လီဆူစာပေနှင့် ယဉ်ကျေးမှုအသင်းမှ နာယက သဒ္ဓမ္မဇောတိကဓဇ ဦးအောင်သိန်း၊ လီဆူစာပေနှင့် ယဉ်ကျေးမှုမှ ဆရာဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသ ကြီး လီဆူစာပေနှင့် ယဉ်ကျေးမှုအသင်း ဒုဥက္ကဋ္ဌ ဦးတင်ဆွေတို့က ရုံးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တိပိဋကသန္တာဝါသစာသင်တိုက် ဓမ္မာရုံတွင် ဆက်လက်ကျင်းပရာ လီဆူတိုင်းရင်းသား၊ တိုင်းရင်းသူများက ရိုးရာအကဖြင့် ကပြဖျော်ဖြေ၍ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က အမှာစကားပြောကြားပြီး လီဆူစာပေနှင့်ယဉ်ကျေးမှုနာယက သဒ္ဓမ္မဇောတိကဓဇ ဦးအောင်သိန်းက ရုံးခန်းဖွင့်လှစ်ရခြင်းနှင့် ဆိုင်းဘုတ်တင်ခြင်း အကြောင်း ရှင်းလင်းပြောကြားကာ လီဆူစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းဒုဥက္ကဋ္ဌ ဦးတင်ဆွေက ကျေးဇူးတင်စကား ပြောသည်။ ထို့နောက် တိပိဋကသန္တာဝါသစာသင်တိုက်မှ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းမှုများ ပြုလုပ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားအစုအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။ **တင်ဇာလှိုင်(ပြန်/ဆက်)**



လီဆူတိုင်းရင်းသား စာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းရုံးသစ် ဖွင့်လှစ်စဉ်။

# ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ပင်းတယမြို့နယ်မှကျောင်းများသို့ စာအုပ်များငှားရမ်းပေး

**တောင်ကြီး အောက်တိုဘာ ၃**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကလောမြို့နယ် လူထုအခြေပြု ဗဟိုဌာန၏ ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ပင်းတယမြို့နယ် ရေဖြူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် တောင်ပေါ်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းများသို့ အောက်တိုဘာ ၁ ရက်က သွားရောက်၍ စာအုပ်စာစောင်များ ငှားရမ်းပေးသည်။

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရွှေ့လျားစာကြည့်တိုက် လုပ်ငန်းများကို အရှိန်အဟုန်မပျက် တိုးတက်ဆောင်ရွက်နိုင်ရန်၊ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများ စာဖတ်သည့် အလေ့အထကောင်းများ ရရှိလာကြစေရန်နှင့် စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်လျက် ယခုလို ကျောင်းများသို့ကွင်းဆင်း၍ စာအုပ်များကို ငှားရမ်းပေးနေခြင်းဖြစ်ကြောင်း သိရသည်။



ရွှေ့လျားစာကြည့်တိုက်ယာဉ်ပေါ်မှ စာအုပ်များကို ငှားရမ်းနေကြသည့် ကျောင်းသား ကျောင်းသူများ။

စာအုပ်များ ငှားရမ်းပေးရာတွင် ရေဖြူကျေးရွာ အလကခွဲ၌ စာအုပ် ၁၀၀ နှင့် တောင်ပေါ်ကြီးကျေးရွာ အထက၌ စာအုပ် ၂၀၀ တို့ကို ငှားရမ်းပေးနိုင်ခဲ့ပြီး နှစ်ပတ်လျှင်တစ်ကြိမ် စာအုပ်စာစောင်အသစ်များနှင့် လဲလှယ်ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ကလောမြို့နယ်အတွင်းရှိ စာပေဝါသနာရှင်များအတွက်လည်း ကလောမြို့ အမှတ်(၁၀)ရပ်ကွက် မောမြေဦးပန်းခြံအနီးရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအတွင်း အခမဲ့ အသင်းဝင်၍ စာအုပ်စာပေများကို အခမဲ့ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

မြင့်သန်းဦး(ပြန်/ဆက်)

# မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော်အကြို စနေ စာပေစကားဝိုင်း ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃**

မြန်မာစာပေနှင့် အနုပညာပွဲတော်အကြို လှုပ်ရှားမှုအဖြစ် စနေ စာပေစကားဝိုင်းကို အောက်တိုဘာ ၅ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန(ဗဟိုပုံနှိပ်စက်ရုံ)၊ ၄၆ လမ်း၊ ပြန်ကြားရေးခန်းမ၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ စာပေစကားဝိုင်းတွင် ဆရာမင်းကိုနိုင်က အနာဂတ်ဖိတ်စာအမည်ဖြင့် လူငယ်များနှင့် ဝိုင်းဖွဲ့ဆွေးနွေးပြောဆိုမည်။

အဆိုပါပွဲသို့ လူငယ်များ၊ စာပေဝါသနာရှင်များအား ဖိတ်ကြားထားသည်။

အဆိုပါ စာပေစကားဝိုင်းသို့ တက်ရောက်လာသူများကို ဓူဝံစာအုပ်တိုက်မှ စာအုပ်များ လက်ဆောင်ပေးမည်ဖြစ်ပြီး မိုးမိုး(အင်းလျား) အမှတ်တရထုတ်ဝေမည့်စာအုပ်ကို ကြိုတင်ကံစမ်းမဲဖောက်ပေးမည်။ ကံစမ်းမဲပေါက်သူများသည် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၅၊ ၂၆၊ ၂၇ ပွဲတော်ကျင်းပသည့် သုံးရက်အတွင်း လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပင်လယ်ပြင်စောင့်ကြည့်ရေးကိရိယာ ကမ်းရိုးတန်းငါးနေရာတွင် တပ်ဆင်မည်

**ရန်ကုန် အောက်တိုဘာ ၃**

ပင်လယ်ပြင်နှင့် ထိစပ်နေသော မြန်မာ့ကမ်းရိုးတန်း နေရာငါးနေရာတွင် ပင်လယ်ပြင် ငါးဖမ်းစက်လှေများ၌ ငါးဖမ်းရေယာဉ်စောင့်ကြည့် ထိန်းချုပ်ရေးစနစ် (Vessel Monitoring System–VMS) ဟုခေါ်သော ပင်လယ်ပြင် စောင့်ကြည့်လေ့လာရေးကိရိယာများ တပ်ဆင်ရန် ပြင်ဆင်လျက်ရှိသည်၊ ငါးဖမ်းစက်လှေများတွင်လည်း ယင်းစက်များကို အောက်တိုဘာလတွင် တပ်ဆင်ရန် ညွှန်ကြားထားပြီးဖြစ်ရာ အထိုင်စက်များကို ကမ်းရိုးတန်း နေရာငါးနေရာ၌ တပ်ဆင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ဟိုင်းကြီး၊ ဖျာပုံနှင့် ဘိုကလေးတို့တွင်ရှိသော ပင်လယ်ပြင်ငါးဖမ်းစက်လှေများ၌ VMS ကိရိယာများကို တပ်ဆင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီးအလိုက် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားထားပြီးဖြစ်သည်။

"ငါးဖမ်းစက်လှေတွေ ဘယ်ငါးဖမ်းကွက်မှာ ဖမ်းနေတယ်။ ဘာဖြစ်နေတယ်ဆိုတာ VMS ကို ကြည့်တာနဲ့ သိနိုင်တာကြောင့် တပ်ဆင်ဖို့လုပ်နေပါတယ်။ ငါးဖမ်းကွက်ကိုကျော်ပြီး ဖမ်းဆီးနေမှု ရှိ၊ မရှိကိုလည်း စစ်ဆေးလို့ရတယ်။ ပြီးတော့ Main control centre ကို နေပြည်တော်မှာ တည်ဆောက်မှာပါ။ စက်ပစ္စည်းတွေတပ်ဆင်ဖို့ တင်ဒါအောင်ပြီးဖြစ်တာမို့ ဒီလထဲမှာ စတင်တပ်ဆင်မယ်လို့ သိရပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဌွေးက ပြောသည်။

မြန်မာ့ပင်လယ်ပြင်ကမ်းရိုးတန်းတစ်လျှောက်တွင်ရှိသော ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး စသည့် ကမ်းရိုးတန်းနေရာ ငါးနေရာတွင် VMS အထိုင်စက်များကို တပ်ဆင်သွားမည်ဖြစ်ပြီး ပင်မစက်ကို နေပြည်တော်၌ တည်ဆောက်မည်ဖြစ်သည်။

အဆိုပါ ပင်လယ်ပြင်စောင့်ကြည့်လေ့လာရေးကိရိယာကို တစ်ကမ္ဘာလုံးတွင် အသုံးပြုလျက်ရှိပြီး မြန်မာ့ပင်လယ်ပြင်တွင် အသုံးပြုခြင်းဖြင့် ငါးရှာဖွေမှုနှင့်ဖမ်းဆီးရာတွင် အထောက်အကူဖြစ်စေလျက် ပင်လယ်ပြင်တွင် ချိန်ခါမရွေးဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းအန္တရာယ်ကို ကြိုတင်သိရှိနိုင်ပြီး ရှောင်ရှားနိုင်သည့်အပြင် ငါးဖမ်းစက်လှေများနှင့် ရေလုပ်သားတို့၏ အသက်အိုးအိမ်ကို ကြိုတင်ကာကွယ်နိုင်သည့်အတွက် ပင်လယ်ပြင်စောင့်ကြည့်လေ့လာရေးကိရိယာကို ကမ်းရိုးတန်းဒေသနေရာ ငါးနေရာတွင် တပ်ဆင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ခြင်းဖြစ်သည်။

သန်းထိုက်

# အင်းစိန်မြို့နယ်၌ ကျောင်းကျန်းမာရေး စံပြကျောင်းများ ဆုချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ၂၀၁၈–၂၀၁၉ ပညာသင်နှစ် ကျောင်းကျန်းမာရေး စံပြကျောင်းများဆုချီးမြှင့်ပွဲကို စက်တင်ဘာလ နောက်ဆုံးပတ်က အင်းစိန်မြို့နယ် ရွာမရှေ့ သီရိမင်္ဂလာလမ်းရှိ မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ကျောင်းကျန်းမာရေးကော်မတီနာယက၊ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ စံပြကျောင်းများဆုချီးမြှင့်ရာ အထက်တန်းအဆင့် ပထမဆုရ အ.ထ.က (၈)၊ ဒုတိယဆုရ အ.ထ.က (၁) နှင့် တတိယဆုရ အ.ထ.က (၆)။ အလယ်တန်းအဆင့် ပထမဆုရ အ.လ.က (၉)၊ ဒုတိယဆုရ အ.လ.က (၁၁) နှင့် တတိယဆုရ အ.လ.က (၂)၊ နှစ်သိမ့်ဆုရ အ.လ.က (၄)။ မူလတန်းအဆင့် ပထမဆုရ အ.မ.က (၁၂)၊ ဒုတိယဆုရ အ.မ.က (၁) နှင့် တတိယဆုရ အ.မ.က (၂၈) တို့ကို တာဝန်ရှိသူတို့က ဆုများပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ဉာဏ်လင်း

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၁၀-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၇၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၆၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၄၀ | ကျပ် | ၉၃၅/၉၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၅၀ | ကျပ် | ၉၅၀/၉၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၈၀/၈၅၀ | ကျပ် | ၈၇၀/၉၀၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၇၀/၉၅၀ | ကျပ် | ၉၇၅/၁၀၀၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၂ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၇၉ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၀၈ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၈၇ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၄၃၀ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၉ . ၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၄ . ၃၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၅၆၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၇ . ၂၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၅ . ၉၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၁၂၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၁၅၀၀ | ၄၀၅ | ၄၈၁၀၅၀၀ |
| MTSH | ၄၀၀၀ | ၃၉၀၀ | ၁၆၄၉၆ | ၆၄၉၉၃၂၅၀ |
| MCB | ၈၃၀၀ | ၈၄၀၀ | ၃၇ | ၃၀၈၃၀၀ |
| FPB | ၂၃၀၀၀ | ၂၃၅၀၀ | ၁၈၃ | ၄၂၁၂၅၀၀ |
| TMH | ၃၀၀၀ | ၃၀၀၀ | ၂၆၈ | ၈၀၄၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fထေ ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# 2019–20 EPL WEEK–8

# လက်စတာကို အန်ဖီးလ်မှာ နိုင်ပွဲယူမယ့် လီဗာပူး

ဝေမိုးဆက်

ပရီမီယာလိဂ်ပြိုင်ပွဲမှာတော့ ပြီးခဲ့တဲ့ပွဲစဉ် ၇ မှာ ချဲလ်ဆီး၊ လီဗာပူး၊ စပါး၊ မန်စီးတီးတို့လို အသင်းကြီးတွေ နိုင်ပွဲတွေရယူနိုင်ခဲ့ကြပါတယ်။ ဒါ့အပြင် ဝုဖ်ကလည်း ပထမဆုံးနိုင်ပွဲကို ရှာဖွေနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အဆိုပါအသင်းတွေအကုန်လုံးဟာ ဒီတစ်ပတ်မှာတော့ ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပွဲတွေကစားပြီးမှ ဒီပွဲတွေကို ကစားရမှာဖြစ်တာကြောင့် အဆိုပါ အသင်းတွေအားလုံး နိုင်ပွဲဆက်နိုင်ပါ့မလား စောင့်ကြည့်ရမယ်။

### ဂိုးအများဆုံးသွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| အဂူရို | မန်စီးတီး | ၈ |
| အာဘာရာဟမ် | ချဲလ်ဆီး | ၇ |
| အူဘာမီယန် | အာဆင်နယ် | ၇ |
| တီမူပူကီ | နော့ဝှစ်ချ် | ၆ |
| စတားလင်း | မန်စီးတီး | ၆ |

## ဘရိုက်တန် – စပါး

ယမန်နှစ်ရလဒ် – ဘရိုက်တန် ၁–၂ စပါး

| ဘရိုက်တန်၏ နောက်ဆုံးသုံးပွဲရလဒ် | | | စပါး၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ချဲလ်ဆီး | ၂–၀ | ဘရိုက်တန် | စပါး | ၂–၁ | ဆောက်သမ်တန် |
| ဘရိုက်တန် | ၁–၃ | ဗီလာ | ကိုချက်စတာ | ၀–၀ | စပါး |
| ကာဆယ် | ၀–၀ | ဘရိုက်တန် | လက်စတာ | ၂–၁ | စပါး |

ဘရိုက်တန် ခြေစွမ်းအားနည်းလွန်းတယ်။ အိမ်ကွင်းဖြစ်ပေမယ့် ခံစစ်ပိုင်းက ကျစ်လျစ်မှုမရှိပါဘူး။ စပါးကလည်း ခြေစွမ်းပိုင်းအနည်း ငယ်ကျဆင်းနေပြီး ချန်ပီယံလိဂ်ကစားခဲ့ရလို့ ပွဲပန်းမှုတွေ ရှိနေနိုင်တယ်။ အထူးသဖြင့် စပါးက ဒီရာသီမှာ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်း အားနည်းတယ်။ ဒါကြောင့် ဘရိုက်တန် ခြေစွမ်းညံ့ပေမယ့် ခံစစ်အားပြုကစားလာရင် စပါး မထင်မှတ်ဘဲ အခက်တွေ့နိုင်ပါတယ်။ စပါး ကပ်ပြီးသာ နိုင်ပွဲရမယ်။

## လီဗာပူး – လက်စတာ

ယမန်နှစ်ရလဒ် – လီဗာပူး ၁–၁ လက်စတာ

| လီဗာပူး၏ နောက်ဆုံးသုံးပွဲရလဒ် | | | လက်စတာ၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ရှက်ဖီးလ် | ၀–၁ | လီဗာပူး | လက်စတာ | ၅–၀ | ကာဆယ် |
| မီလ်တန် | ၀–၂ | လီဗာပူး | လူတန် | ၀–၄ | လက်စတာ |
| ချဲလ်ဆီး | ၁–၂ | လီဗာပူး | လက်စတာ | ၂–၁ | စပါး |

လီဗာပူးတို့ခြေစွမ်းကောင်းမွန်နေသလို အိမ်ကွင်းဖြစ်နေပါတယ်။ ဒါကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်တယ်။ ဒါပေမယ့် ချန်ပီယံလိဂ် ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေ ရှိနေနိုင်ပါတယ်။ ဒါ့အပြင် လက်စတာကလည်း ခြေစွမ်းပိုင်းကောင်းမွန်နေတယ်။ တိုက်စစ်ပိုင်းကလည်း ထက်မြက်မှုရှိနေတာကြောင့် လီဗာပူးကို တုံ့ပြန်ကစားနိုင်ဖို့ရှိနေပါတယ်။ အပြန်အလှန် သွင်းဂိုးတွေနဲ့အတူ လီဗာပူး နိုင်ပွဲကပ်ရနိုင်တယ်။

## ဘန်လေ – အဲဗာတန်

ယမန်နှစ်ရလဒ် – ဘန်လေ ၁–၅ အဲဗာတန်

| ဘန်လေ၏ နောက်ဆုံးသုံးပွဲရလဒ် | | | အဲဗာတန်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ဗီလာ | ၂–၂ | ဘန်လေ | အဲဗာတန် | ၁–၃ | မန်စီးတီး |
| ဘန်လေ | ၂–၀ | နော့ဝှစ်ချ် | ရှက်ဖီးလ် | ၀–၂ | အဲဗာတန် |
| ဘရိုက်တန် | ၁–၁ | ဘန်လေ | အဲဗာတန် | ၀–၂ | ရှက်ဖီးလ်ယူ |

ဘန်လေခြေက တည်ငြိမ်မှုရှိတယ်။ အဲဗာတန်က အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှု အားနည်းတတ်တယ်။ အထူးသဖြင့် အဲဗာတန်ရဲ့ ခံစစ်ပိုင်းက ဒီရာသီမှာ အတော်လေး အားနည်းနေတာကြောင့် ဘန်လေရဲ့ အိမ်ကွင်းတိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့တော့ ခက်ခဲနိုင်တယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဘန်လေတို့ အဲဗာတန်ကို ဖိအားပေးနိုင်မှာ သေချာနေပါတယ်။ အဲဗာတန် ရလဒ်ကောင်းဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ဘန်လေပဲ နိုင်ပွဲရမယ်။

## နော့ဝှစ်ချ် – ဗီလာ

ယမန်နှစ်ရလဒ် – မရှိ

| နော့ဝှစ်ချ်၏ နောက်ဆုံးသုံးပွဲရလဒ် | | | ဗီလာ၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ပဲလေ့စ် | ၂–၀ | နော့ဝှစ်ချ် | ဗီလာ | ၂–၂ | ဘန်လေ |
| ဘန်လေ | ၂–၀ | နော့ဝှစ်ချ် | ဘရိုက်တန် | ၁–၃ | ဗီလာ |
| နော့ဝှစ်ချ် | ၃–၂ | မန်စီးတီး | အာဆင်နယ် | ၃–၂ | ဗီလာ |

ဗီလာခြေက အားနည်းမှုတွေများပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကစားပုံ အားနည်းမှုတွေ ရှိနေတာကြောင့် အိမ်ကွင်းမှာတောင် ဘန်လေကို အနိုင်မကစားနိုင်ခဲ့ဘဲ သရေသာ ကစားနိုင်ခဲ့တယ်။ နော့ဝှစ်ချ်က အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကောင်းမွန်လေ့ရှိတယ်။ တိုက်စစ်စွမ်းဆောင်ရည်လည်း ထက်မြက်လို့ ဗီလာခံစစ်ကို ဖိအားပေးနိုင်ဖို့ မခက်ခဲပါဘူး။ ဒါပေမယ့် ဗီလာတိုက်စစ်ကလည်း ဂိုးသွင်းခြေရှိနေလို့ သွင်းဂိုးများမယ့်ပွဲ ဖြစ်လာနိုင်တယ်။

## ဝက်ဖို့ဒ် – ရှက်ဖီးလ်ယူ

ယမန်နှစ်ရလဒ် – မရှိ

| ဝက်ဖို့ဒ်၏ နောက်ဆုံးသုံးပွဲရလဒ် | | | ရှက်ဖီးလ်ယူ၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ဝုဖ် | ၂–၀ | ဝက်ဖို့ဒ် | ရှက်ဖီးလ် | ၀–၁ | လီဗာပူး |
| ဝက်ဖို့ဒ် | ၂–၁ | ဆွမ်ဆီး | ရှက်ဖီးလ် | ၀–၁ | ဆန်းဒါးလန်း |
| မန်စီးတီး | ၈–၀ | ဝက်ဖို့ဒ် | အဲဗာတန် | ၀–၂ | ရှက်ဖီးလ်ယူ |

လီဗာပူးနဲ့ပွဲမှာ ရှက်ဖီးလ်ရဲ့ ကစားပုံမဆိုးဘူးလို့ ဆိုနိုင်တယ်။ ခံစစ်ပိုင်းက လီဗာပူးရဲ့ထိုးစစ်ကို အကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့တယ်။ ဒါပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ အဆုံးသတ်ပိုင်း အားနည်းလွန်းတယ်။ ဝက်ဖို့ဒ်ကတော့ ဝုဖ်ကို အရေးနိမ့်ခဲ့တာကြောင့် နိုင်ပွဲပျောက်ဆုံးနေဆဲပဲဖြစ်တယ်။ ဒါပေမယ့် အဆိုပါ နိုင်ပွဲပျောက်ဆုံးမှုကြောင့်ပဲ ဝက်ဖို့ဒ်တို့ အားစိုက်ကစားလာမှာ ဖြစ်တယ်။ ဒါကြောင့် ဝက်ဖို့ဒ် ကပ်နိုင်မယ်။

## ဝက်စ်ဟမ်း – ပဲလေ့စ်

ယမန်နှစ်ရလဒ် – ဝက်စ်ဟမ်း ၃–၂ ပဲလေ့စ်

| ဝက်စ်ဟမ်း၏ နောက်ဆုံးသုံးပွဲရလဒ် | | | ပဲလေ့စ်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| ဘုန်းမောက် | ၂–၂ | ဝက်စ်ဟမ်း | ပဲလေ့စ် | ၂–၀ | နော့ဝှစ်ချ် |
| အောက်ဖို့ဒ် | ၄–၀ | ဝက်စ်ဟမ်း | ပဲလေ့စ် | ၁–၁ | ဝုဖ် |
| ဝက်စ်ဟမ်း | ၂–၀ | မန်ယူ | စပါး | ၄–၀ | ပဲလေ့စ် |

ပဲလေ့စ်က နော့ဝှစ်ချ်နဲ့ပွဲမှာ ခြေစွမ်းပိုင်းမဆိုးဘူး။ ဒီပွဲမှာလည်း ရလဒ်ကောင်းဖို့ အားစိုက်လာနိုင်တယ်။ ဒါပေမယ့် ဝက်စ်ဟမ်းကလည်း ခြေစွမ်းပိုင်း ကောင်းမွန်ပါတယ်။ ဘုန်းမောက်ကို သရေသာ ကစားနိုင်ခဲ့ပေမယ့် အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုကောင်းသလို ဂိုးသွင်းခြေ ထက်မြက်မှု ရှိပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာပဲလေ့စ်တို့ ရှုံးကန်ရနိုင်ကာ ဝက်စ်ဟမ်း နိုင်ပွဲရသွားဖို့ ရှိနေပါတယ်။

## အာဆင်နယ် – ဘုန်းမောက်

ယမန်နှစ်ရလဒ် –အာဆင်နယ် ၅–၁ ဘုန်းမောက်

| အာဆင်နယ်၏ နောက်ဆုံးသုံးပွဲရလဒ် | | | ဘုန်းမောက်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| မန်ယူ | ၁–၁ | အာဆင်နယ် | ဘုန်းမောက် | ၂–၂ | ဝက်စ်ဟမ်း |
| အာဆင်နယ် | ၅–၀ | နော်တင်ဟမ် | ဘာတန် | ၂–၀ | ဘုန်းမောက် |
| အာဆင်နယ် | ၃–၂ | ဗီလာ | ဆောက်သမ်တန် | ၀–၃ | ဘုန်းမောက် |

အာဆင်နယ်က ခံစစ်ပိုင်းအားနည်းမှုတွေ ရှိနေသေးတယ်။ ဒါပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေမဆိုးဘူး။ အိမ်ကွင်းလည်း ဖြစ်တယ်။ ဘုန်းမောက်ကလည်း တိုက်စစ်အားပြုကစားမှာဖြစ်သလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေမဆိုးပါဘူး။ ဒါပေမယ့် ဘုန်းမောက်ရဲ့ ခံစစ်ပိုင်းကလည်း အားနည်းမှုရှိတယ်။ ဂိုးများနိုင်ပြီး အာဆင်နယ် ကပ်နိုင်မယ်။

## မန်စီးတီး – ဝုဖ်

ယမန်နှစ်ရလဒ် – မန်စီးတီး ၃–၀ ဝုဖ်

| မန်စီးတီး၏ နောက်ဆုံးသုံးပွဲရလဒ် | | | ဝုဖ်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| အဲဗာတန် | ၁–၃ | မန်စီးတီး | ဝုဖ် | ၂–၀ | ဝက်ဖို့ဒ် |
| ပရက်စတန် | ၀–၃ | မန်စီးတီး | ဝုဖ် | ၁–၁ | ရက်ဒင်း |
| မန်စီးတီး | ၈–၀ | ဝက်ဖို့ဒ် | ပဲလေ့စ် | ၁–၁ | ဝုဖ် |

မန်စီးတီးက ချန်ပီယံလိဂ်ပွဲကစားခဲ့ရမှာ ဖြစ်တယ်။ ဝုဖ်ကလည်း ယူရိုပါလိဂ်ပွဲကစားခဲ့ရမှာ ဖြစ်တယ်။ ဒါကြောင့် ပွဲဆက်များမှု တူညီနေပေမယ့်လည်း ကစားသမားအင်အားတောင့်တင်းမှုမှာတော့ မန်စီးတီးကို ဝုဖ်ဘယ်လိုမှ မယှဉ်နိုင်ပါဘူး။ မန်စီးတီးရဲ့အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဝုဖ်တို့ မန်စီးတီးကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲနိုင်ပြီး မန်စီးတီး နိုင်ပွဲဆက်ဖို့ရှိတယ်။

## ဆောက်သမ်တန် – ချဲလ်ဆီး

ယမန်နှစ်ရလဒ် – ဆောက်သမ်တန် ၀–၃ ချဲလ်ဆီး

| ဆောက်သမ်တန်၏ နောက်ဆုံးသုံးပွဲရလဒ် | | | ချဲလ်ဆီး၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| စပါး | ၂–၁ | ဆောက်သမ်တန် | ချဲလ်ဆီး | ၂–၀ | ဘရိုက်တန် |
| ပို့စ်မောက် | ၀–၄ | ဆောက်သမ်တန် | ချဲလ်ဆီး | ၇–၁ | ဂရင်ဘီ |
| ဆောက်သမ်တန် | ၁–၃ | ဘုန်းမောက် | ချဲလ်ဆီး | ၁–၂ | လီဗာပူး |

ဆောက်သမ်တန်က အိမ်ကွင်းဖြစ်နေလို့ အားစိုက်ကစားလာဖို့ရှိတယ်။ စပါးနဲ့ကစားခဲ့တဲ့ပွဲမှာလည်း ဆောက်သမ်တန်ရဲ့ ခြေစွမ်းပိုင်းမဆိုးဘူး။ ချဲလ်ဆီးက ဘရိုက်တန်ကို အနိုင်ယူနိုင်ခဲ့တဲ့ပွဲမှာ ဂိုးမပေးခဲ့ရပေမယ့် ခံစစ်ပိုင်းက စိတ်ချရပြီလို့မပြောနိုင်သေးဘူး။ အထူးသဖြင့် ချဲလ်ဆီးက ချန်ပီယံလိဂ်ကစားခဲ့ရမှာလည်းဖြစ်လို့ ပွဲပန်းမှုတွေ ရှိလာနိုင်ပါတယ်။ ဆောက်သမ်တန်ကို ရွေးမယ်။

## ကာဆယ် – မန်ယူ

ယမန်နှစ်ရလဒ် – ကာဆယ် ၀–၂ မန်ယူ

| မန်စီးတီး၏ နောက်ဆုံးသုံးပွဲရလဒ် | | | ဝုဖ်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|---|---|---|
| လက်စတာ | ၅–၀ | ကာဆယ် | မန်ယူ | ၁–၁ | ရိုချာလ်ဒဲလ် |
| ကာဆယ် | ၀–၀ | ဘရိုက်တန် | ဝက်စ်ဟမ်း | ၂–၀ | မန်ယူ |
| လီဗာပူး | ၃–၁ | ကာဆယ် | မန်ယူ | ၁–၀ | အက်စ်တာနာ |

ကာဆယ်က အိမ်ကွင်းဖြစ်နေလို့ ရလဒ်ကောင်းဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ကာဆယ်ရဲ့ ခံစစ်ကစားပုံလည်း မဆိုးဘူး။ တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းအားနည်းလွန်းတယ်။ မန်ယူကလည်း ယူရိုပါလိဂ်ကစားခဲ့ရလို့ ပွဲပန်းမှုတွေ ရှိလာနိုင်တယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းအား နည်းလွန်းတယ်။ မန်ယူတို့ အဝေးကွင်းမှာ အနိုင်ရရင်တောင် မပြတ်သားဘူး။

## စီးရီးအေအသင်းကြီးများနှင့် အပြိုင် ရာကီတစ်အားခေါ်ယူရေး ကြိုးပမ်းရန် မန်ယူရည်ရွယ်ထား

မန်ယူအသင်းသည် လာမည့် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် ဘာစီလိုနာအသင်းမှ ကွင်းလယ်ကစားသမား အိုင်ဗန်ရာကီတစ်အား ခေါ်ယူရေးအတွက် အီတလီထိပ်တန်း အသင်းအချို့နှင့် အပြိုင်ကြိုးစားလာမည်ဖြစ်ကြောင်း အီတလီမီဒီယာများတွင် ရေးသားဖော်ပြထားသည်။

ကွင်းလယ်ကစားသမား ရာကီတစ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်း၌ ပွဲကစားခွင့်ရရှိရန် ရုန်းကန်နေရသူဖြစ်ပြီး လာမည့် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် အသင်းမှ ထွက်ခွာဖွယ်ရှိနေသည်ဟု ဆိုသည်။ ဘာစီလိုနာအသင်းတာဝန်ရှိသူများက ရာကီတစ်အား ရောင်းချရန် ဆုံးဖြတ်ထားသည့်အတွက် မန်ယူအနေဖြင့် ရာကီတစ်အား စီးရီးအေအသင်းကြီးများနှင့် ယှဉ်ပြိုင်၍ ခေါ်ယူသွားရန် စိတ်ဝင်စားနေခြင်းဖြစ်သည်။ ဘာစီလိုနာအသင်းအနေဖြင့် ရာကီတစ်အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ ဖြင့် ကမ်းလှမ်းလာပါက လက်ခံဖွယ်ရှိသည်ဟုဆိုသည်။

ဘာစီလိုနာအသင်းသည် တိုက်စစ်မှူး နေမာကို ခေါ်ယူရေးအတွက် ငွေကြေးအထောက်အပံ့ဖြစ်စေရန် ရာကီတစ်အား ရောင်းချရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ထို့အပြင် ဘာစီလိုနာအသင်းသည် အာဆင်နယ်အသင်း၏ ပစ်မှတ်ထားခြင်းခံနေရသူ ပြင်သစ်ဗဟိုခံစစ်မှူး ဆင်မြူရယ်အမ်တီတီ(၂၅ နှစ်)ကိုလည်း ရောင်းချသွားရန် ဆန္ဒရှိနေသည်ဟု ဆိုသည်။

ထက်အောင်

## ပရီမီယာလိဂ်ပွဲစဉ် (၈)

| စနေနေ့ | | | | ၅–၁၀–၁၉ |
|---|---|---|---|---|
| ည ၆:၀၀ | ဘရိုက်တန် | – | စပါး | |
| ည ၈:၃၀ | ဘန်လေ | – | အဲဗာတန် | |
| ည ၈:၃၀ | လီဗာပူး | – | လက်စတာ | |
| ည ၈:၃၀ | နော့ဝှစ်ချ် | – | ဗီလာ | |
| ည ၈:၃၀ | ဝက်ဖို့ဒ် | – | ရှက်ဖီးလ်ယူ | |
| ည ၁၁:၀၀ | ဝက်စ်ဟမ်း | – | ပဲလေ့စ် | |
| တနင်္ဂနွေနေ့ | | | | ၆–၁၀–၁၉ |
| ည ၇:၃၀ | အာဆင်နယ် | – | ဘုန်းမောက် | |
| ည ၇:၃၀ | မန်စီးတီး | – | ဝုဖ် | |
| ည ၇:၃၀ | ဆောက်သမ်တန် | – | ချဲလ်ဆီး | |
| ည ၁၀:၀၀ | ကာဆယ် | – | မန်ယူ | |

## ဘွန်ဒက်စ်လီဂါပွဲစဉ်(၇)

| သောကြာနေ့ | | | | ၄–၁၀–၁၉ |
|---|---|---|---|---|
| နံနက် ၁:၀၀ | ဟာသာဘာလင် | – | ဖော်ကျူနာ | |
| စနေနေ့ | | | | ၅–၁၀–၁၉ |
| ည ၈:၀၀ | ဘိုင်ယန် | – | ဟော့ဖန်ဟိမ်း | |
| ည ၈:၀၀ | လေဗာကူဆင် | – | လိုက်ပဇစ် | |
| ည ၈:၀၀ | ဖရိုင်းဘတ် | – | ဒေါ့မွန် | |
| ည ၈:၀၀ | ပါဒါဘွန် | – | မိန့်ဇ် | |
| ည ၁၁:၀၀ | ရှော်လ်ကာ | – | ကိုလုံး | |
| တနင်္ဂနွေနေ့ | | | | ၆–၁၀–၁၉ |
| ည ၆:၀၀ | ဂလာဘတ်ချ် | – | အော့ဘတ် | |
| ည ၈:၀၀ | ဝုဖ်ဘတ် | – | ယူနီယံဘာလင် | |
| ည ၁၀:၃၀ | ဖရန့်ဖွတ် | – | ဝါဒါဘရီမင် | |

## စီးရီးအေပွဲစဉ်(၇)

| သောကြာနေ့ | | | | ၄–၁၀–၁၉ |
|---|---|---|---|---|
| နံနက် ၁:၁၅ | ဘရက်ရှား | – | ဆာဆူအိုလို | |
| စနေနေ့ | | | | ၅–၁၀–၁၉ |
| ည ၇:၃၀ | SPAL | – | ပါးမား | |
| ည ၁၀း၃၀ | ဗီရိုနာ | – | ဆမ်ဒိုးရီးယား | |
| နံနက် ၁:၁၅ | ဂျီနိုအာ | – | မီလန် | |
| တနင်္ဂနွေနေ့ | | | | ၆–၁၀–၁၉ |
| ညနေ ၅:၀၀ | ဖီအိုရင်တီးနား | – | အူဒီးနီးစ် | |
| ည ၇:၃၀ | အတ္တလန္တာ | – | လေချီ | |
| ည ၇:၃၀ | ဘလော့ညာ | – | လာဇီယို | |
| ည ၇:၃၀ | ရိုးမား | – | ကက်ဂလီယာရီ | |
| ည ၁၀:၃၀ | တိုရီနို | – | နာပိုလီ | |
| နံနက် ၁:၁၅ | အင်တာ | – | ဂျူဗင်တပ်စ် | |

## လာလီဂါပွဲစဉ်(၈)

| သောကြာနေ့ | | | | ၄–၁၀–၁၉ |
|---|---|---|---|---|
| နံနက် ၁:၃၀ | ဘက်တစ် | – | အီဘာ | |
| စနေနေ့ | | | | ၅–၁၀–၁၉ |
| ညနေ ၅:၃၀ | လီဂါနက်စ် | – | လီဗန်တေး | |
| ည ၈:၃၀ | ရီးရဲ | – | ဂရန်နာဒါ | |
| ည ၁၁:၀၀ | ဗလင်စီယာ | – | အလာဗက် | |
| နံနက် ၁:၃၀ | အိုဆာစူနာ | – | ဗီလာရီးရဲ | |
| တနင်္ဂနွေနေ့ | | | | ၆–၁၀–၁၉ |
| ညနေ ၄:၃၀ | မာယော့ကာ | – | အက်စ်ပန်ညော | |
| ည ၆:၃၀ | ဆယ်တာ | – | ဘီလ်ဘို | |
| ည ၈:၃၀ | ဗယ်လာဒိုးလစ် | – | အက်သလက် | |
| ည ၁၁:၀၀ | ဆိုစီဒက် | – | ဂီတာဖေး | |
| နံနက် ၁:၃၀ | ဘာစီလိုနာ | – | ဆီဗီးလ် | |

## ပြင်သစ်ပထမတန်းပွဲစဉ်(၉)

| သောကြာနေ့ | | | | ၄–၁၀–၁၉ |
|---|---|---|---|---|
| နံနက် ၁:၁၅ | အာမီယန် | – | မာဆေး | |
| စနေနေ့ | | | | ၅–၁၀–၁၉ |
| ည ၁၀:၀၀ | ပီအက်စ်ဂျီ | – | အန်ဂျာစ် | |
| နံနက် ၀၀:၃၀ | ဒီဂျွန် | – | စထရက်ဘော့ချ် | |
| နံနက် ၀၀:၃၀ | မောင့်ပယ်လီယာ | – | မိုနာကို | |
| နံနက် ၀၀:၃၀ | တူးလောက်စ် | – | ဘော်ဒိုး | |
| နံနက် ၀၀:၃၀ | ဘီရက် | – | မက်ဇ် | |
| နံနက် ၀၀:၃၀ | နန့်စ် | – | နိုက်စ် | |
| တနင်္ဂနွေနေ့ | | | | ၆–၁၀–၁၉ |
| ည ၇:၃၀ | လေလီ | – | နီမက်စ် | |
| ည ၉:၃၀ | ရိန်းနက်စ် | – | ရိမ်းစ် | |
| နံနက် ၁:၃၀ | စိန့်အေတီယန် | – | လိုင်ယွန် | |

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၏ လမ်းညွှန်မှုဖြင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး)မှ (ပထမအကြိမ်)ကျင်းပမည့် ကျောက်စိမ်းအရိုင်း/ အချောထည်နှင့် ကျောက်မျက်ရတနာမြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ပြပွဲကျင်းပမည့်ရက် ပြောင်းလဲခြင်း

၂၀-၁၀-၂၀၁၉ရက် မှ ၂၆-၁၀-၂၀၁၉ရက် အစား(၂၃-၁၀-၂၀၁၉)ရက်မှ ၂၉-၁၀-၂၀၁၉ ရက်အား ပြောင်းလဲကျင်းပမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) ကြည့်ရှုစစ်ဆေးခြင်း (Viewing Day) - အောက်တိုဘာ ၂၃ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ
(ခ) တင်ဒါစနစ်ဖြင့်ရောင်းချခြင်း - အောက်တိုဘာ ၂၆ရက်မှ အောက်တိုဘာ ၂၉ ရက်အထိ
ပြပွဲကျင်းပမည့်နေရာ - Mandalay Convention Centre(MCC) သိပ္ပံလမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် အထက်ကြေးတိုင်ရုံး၊ မန္တလေးခရိုင်ရုံး၊ မန္တလေးမြို့နယ်စုပေါင်းရုံး(၂၈၀ပေx ၃၀ပေ x၂၄ပေ)သွပ်မိုး RC(၂)ထပ်(ရေမီး၊ မိလ္လာအပါအဝင်) အသစ်ဆောက်လုပ်မည် ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်များ အနေဖြင့် အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၇-၁၀-၂၀၁၉ ရက်
(ခ) တင်ဒါအရောင်းပိတ်မည့်ရက် - ၂၁-၁၀-၂၀၁၉ ရက်
(ဂ) တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက် - ၂၃-၁၀-၂၀၁၉ မှ ၂၉-၁၀-၂၀၁၉ ရက်
(ဃ) တင်ဒါဖွင့်မည့်ရက် - ၁၃-၁၁-၂၀၁၉ ရက်
(င) တင်ဒါရွေးချယ်မည့်နေရာ - မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (လမ်း ၃၀၊ ၆၈လမ်းနှင့် x၇၀လမ်းကြား)

၂။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဖုန်းအမှတ် ၀၂-၆၀၄၁၇၊ ၀၂-၆၀၄၁၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ ပြည်တွင်းလုပ်ငန်းရှင်များ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| စဉ် | အကြောင်းအရာ | တည်နေရာ | LOT |
|---|---|---|---|
| (က) | PMဓာတ်ခွဲခန်းဆောက်လုပ်ခြင်း(၃၆'x၂၀'x၁၂') RC(၁)ထပ် (ရေမီးအပါအဝင်) | မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင် | Lot-1 |
| (ခ) | 4'' Tube Well ဂါလန် (၂၄၀၀) Ground Tankနှင့် ဂါလန်(၈၀၀)သံရေစင် ဆောက်လုပ်ခြင်း | ရှမ်းပြည်နယ်၊ ကွတ်ခိုင် | Lot-2 |
| (ဂ) | နွားခြံ(၁၆၀'x၈၀')သံဖရိန်၊ လွှတ်ကွင်းနှင့်သံဆူးကြိုး ခြံစည်းရိုး(၂၀၀၀)ပေ၊ ရေမီးအပါအဝင် | ရှမ်းပြည်နယ်၊ ကွတ်ခိုင် | Lot-2 |
| (ဃ) | နွားခြံ(၁၆၀'x၈၀') သံဖရိန်၊ လွှတ်ကွင်းနှင့် သံဆူးကြိုး၊ ခြံစည်းရိုး၊ (၂၀၀၀)ပေ၊ ရေမီးအပါအဝင် | ရှမ်းပြည်နယ်၊ ကွတ်ခိုင် | Lot-2 |
| (င) | (၁၇၆'.၆"x၃၃'x၂၀') RC(၂)ထပ် ရေ မီး၊ မိလ္လာအပါအဝင် | ရှမ်းပြည်နယ်၊ ကွတ်ခိုင် | Lot-2 |
| (စ) | (၆၀'x၂၄'x၁၀') ကောက်ရိုးထုံးစက်နှင့် သိုလှောင်ရုံ အဆောက်အဦ (ရေမီးအပါအဝင်) သံဖရိန် | နေပြည်တော်၊ ဥတ္တရ | Lot-3 |
| (ဆ) | LN2 Plant ဆောက်လုပ်ခြင်း(၄၀'x၃၀'x၂၄')+ (၄၀'x၃၀'x၂၀')RC(၂)ထပ် (ရေ မီးအပါအဝင်) | နေပြည်တော်၊ ဥတ္တရ | Lot-4 |
| (ဇ) | (၂၀'x၆')အုတ်+စတီးစာလုံး ဆိုင်းဘုတ်ပြုလုပ်ခြင်း | ကရင်ပြည်နယ်၊ ကော့ကရိတ် | Lot-5 |
| (ဈ) | နွားတင်/ချအုတ်ခုံ(၁၀၀'x၈'x၃'.၆'')နှင့် (၁၀၀'x ၅၀' x၀'.၉'') | ကရင်ပြည်နယ်၊ ကော့ကရိတ် | Lot-5 |
| (ည) | ကွန်ကရစ်လမ်းခင်းခြင်း(၉၀၀၀ စ/ပေ) (၆)အထူ | ကရင်ပြည်နယ်၊ ကော့ကရိတ် | Lot-5 |

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်- ၇-၁၀-၂၀၁၉ရက် (တနင်္လာနေ့)
၃။ တင်ဒါပိတ်သိမ်းမည့်ရက် - ၆-၁၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)
၄။ တင်ဒါပိတ်သိမ်းမည့်အချိန် - ၆-၁၁-၂၀၁၉ရက် (၁၆:၀၀)နာရီ
၅။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ အုပ်ချုပ်မှုဌာနစု၊ ဖုန်းအမှတ် -၀၆၇-၃၄၀၈၄၆၄၊ ၀၉-၅၁၈၁၁၁၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Myanmar Fiber Optic Communication Network Co.,Ltd မှ သွင်းကုန်လိုင်စင်အမှတ် MSE M IL11920 00001(1-10-2019)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၈၆၁၅၀

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/7730၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/1581၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

## ဂျပန်နိုင်ငံမှ နေရာထိုင်ခင်းလုပ်ငန်း(ဟိုတယ်လုပ်ငန်း) ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ ကျင်းပမည်ဖြစ်ကြောင်း ကြေညာခြင်း

နေရာထိုင်ခင်းလုပ်ငန်း (ဟိုတယ်လုပ်ငန်း) ကျွမ်းကျင်မှုစစ်ဆေးခြင်း ဆိုသည်မှာ ဂျပန်နိုင်ငံ၏ "ကျွမ်းကျင်လုပ်သား" နေထိုင်ခွင့် ပုံစံသစ်အရ ဟိုတယ်လုပ်ငန်းအတွက် ခေါ်ယူမည့်လုပ်သားများကို ကျွမ်းကျင်မှုစစ်ဆေးသည့် စာမေးပွဲဖြစ်ပါသည်။

၁။ စာမေးပွဲကို ဂျပန်နိုင်ငံ၊ နေရာထိုင်ခင်း (ဟိုတယ်လုပ်ငန်း) လုပ်ငန်းကျွမ်းကျင်မှု စစ်ဆေးသည့်အဖွဲ့မှ စစ်ဆေးမည်ဖြစ်ပါသည်။

၂။ စာမေးပွဲကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်တွင် ရန်ကုန်မြို့တွင်း၌ ကျင်းပမည်ဖြစ်ပြီး ဖြေဆိုရမည့်ခန်းမကို စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးချိန်တွင် ကြေညာမည်ဖြစ်ပါသည်။

၃။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ ၁၁:၀၀ နာရီမှ အောက်တိုဘာလ ၉ ရက်၊ ၁၁:၀၀ နာရီအထိ လျှောက်လွှာလက်ခံမည်ဖြစ်ပြီး နေရာထိုင်ခင်းလုပ်ငန်း(ဟိုတယ်လုပ်ငန်း) ကျွမ်းကျင်မှုစစ်ဆေးသည့် စာမေးပွဲစင်တာ၏ အင်တာနက်စာမျက်နှာ (https://caipt.or.jp/)တွင် လျှောက်လွှာတင်ရမည်ဖြစ်ပါသည်။

၄။ ပထမဦးဆုံးလျှောက်ထားသူ (၂၅၀) ဦး၏ လျှောက်လွှာကိုသာ လက်ခံမည်ဖြစ်ပါသည်။

၅။ ဖြေဆိုခွင့်လျှောက်ထားသူများသည် ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့ မတိုင်မီ မွေးဖွားသူများဖြစ်ရပါမည်။ (အသက် ၁၈ နှစ်ပြည့်ပြီးသူများ)

၆။ ပညာအရည်အချင်းကန့်သတ်ချက်မရှိပါ။

၇။ ရေးဖြေစာမေးပွဲ [Paper Test (မှန်/မှား ရွေးချယ်ခြင်း)မေးခွန်းများ] နှင့် ယင်းနောက် နှုတ်ဖြေ(အင်တာဗျူး) ဖြေဆိုရမည်ဖြစ်ပြီး နမူနာပုံစံကို (https://caipt.or.jp/tokuteiginou) တွင် ကြည့်ရှုနိုင်ပါသည်။

၈။ ဧည့်ကြိုလုပ်ငန်း၊ ဧည့်သည်ဝန်ဆောင်မှုလုပ်ငန်း၊ စားသောက်ဆိုင်ဝန်ဆောင်မှုလုပ်ငန်းများနှင့် လုံခြုံရေး/ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ဟိုတယ်လုပ်ငန်းနှင့်စပ်လျဉ်းသည့် အခြေခံအချက်အလက်များကို မေးမြန်းမည်ဖြစ်ပါသည်။

၉။ စာမေးပွဲဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲကြေး ငွေကျပ်(၃၀၀၀၀)ကို အောက်တိုဘာလ ၁၀ ရက်နေ့ ၁၀:၀၀ နာရီ မှ ၁၇:၀၀ နာရီအထိ သတ်မှတ်နေရာ (ရန်ကုန်မြို့)တွင် ငွေသားဖြင့် ပေးသွင်းရမည်ဖြစ်ပါသည်။

၁၀။ စာမေးပွဲကြေး ပေးသွင်းရမည့်နေရာကို လျှောက်ထားသူထံ အီးမေးလ်ဖြင့် အကြောင်းကြားမည်ဖြစ်ပါသည်။

၁၁။ စာမေးပွဲဖြေဆိုသူထံ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်တွင် အောင်/ရှုံး ရလဒ်ကို Email ဖြင့် အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၁၂။ ဂျပန်နိုင်ငံ၏ ဟိုတယ်၊ တည်းခိုခန်းကဏ္ဍမှ လိုအပ်လျက်ရှိသော လုပ်သားများမှာ ဧည့်ကြိုလုပ်ငန်း၊ ဧည့်သည်ဝန်ဆောင်မှုလုပ်ငန်း၊ စားသောက်ဆိုင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လုံခြုံရေး/ပတ်ဝန်းကျင် သန့်ရှင်းရေး၊ နေရာထိုင်ခင်းလုပ်ငန်း (ဟိုတယ်လုပ်ငန်း)နှင့်စပ်လျဉ်းသည့် လုပ်ငန်းခွင်အမျိုးမျိုးတွင် တက်ကြွစွာ လုပ်ကိုင်နိုင်သူများဖြစ်ရပါမည်။

**သတိပြုရန်အချက်များ**

(က) နေရာထိုင်ခင်းလုပ်ငန်း(ဟိုတယ်လုပ်ငန်း) ကျွမ်းကျင်မှု စစ်ဆေးသည့် စာမေးပွဲ အောင်မြင်ရန် နေရာထိုင်ခင်း အဆောက်အအုံများတွင် လက်တွေ့လုပ်ငန်းခွင်အတွေ့အကြုံနှင့် အထူးပြုကျောင်းများတွင် သတ်မှတ်ထားသော သင်ခန်းစာများကို တတ်မြောက်ထားရမည်ဖြစ်ပြီး ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (N3 နှင့်အထက်) တတ်မြောက်ရန် လိုအပ်ပါသည်။

(ခ) နေရာထိုင်ခင်းလုပ်ငန်း(ဟိုတယ်လုပ်ငန်း) ကျွမ်းကျင်မှုစစ်ဆေးသည့် စာမေးပွဲသည် အရည်အချင်းစစ် စာမေးပွဲမျှသာဖြစ်ပြီး အောင်မြင်သူများအနက် ဂျပန်နိုင်ငံမှ ပေးပို့သော အလုပ်ခေါ်စာ(Demand Letter)ပါ အလုပ်သမားအရေအတွက်အတိုင်းသာ အလုပ်ခန့်ထားမည်ဖြစ်ပါသည်။

(ဂ) နေထိုင်ခွင့်အရည်အချင်း "ကျွမ်းကျင်လုပ်သား"၏ အသေးစိတ်အချက်အလက်များကို အောက်ပါစာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါသည်- **(https://www.mofa.go.jp/mofaj/files/000459527.pdf)**

၁၃။ အထက်ပါကိစ္စနှင့်ပတ်သက်၍ မရှင်းလင်းသည့်အချက်များ၊ အသေးစိတ်သိရှိလိုသည့်အချက်များရှိပါက နေရာထိုင်ခင်း (ဟိုတယ်လုပ်ငန်း) လုပ်ငန်းကျွမ်းကျင်မှုစစ်ဆေးသည့်အဖွဲ့ (customer@caipt.or.jp)နှင့် နေရာထိုင်ခင်း(ဟိုတယ်လုပ်ငန်း) လုပ်ငန်းကျွမ်းကျင်မှု စစ်ဆေးသည့်အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်သူ ဦးအေခိုင်စိုး (တယ်လီဖုန်းနံပါတ်-၀၉-၈၈၇၁၉၈၉၇၇)သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့ တင်ဒါတင်သွင်းရမည့်ရက်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်း

၁။ မွန်ပြည်နယ်၊ချောင်းဆုံမြို့နယ်၊ တော်ပွန်ကျေးရွာ၊ ဇီးကုန်းကျေးရွာနှင့် ဆယ်ပလာကျေးရွာတို့တွင် Cyclone Shelter (၁၃၀x၃၀)ပေတစ်လုံးစီ ဆောက်လုပ်ရေး လုပ်ငန်းအတွက် ၂၀၁၉ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၂)တွင် ထည့်သွင်းကြော်ငြာထားသော တင်ဒါတင်သွင်းရမည့် ၂၂-၁၀-၂၀၁၉ရက် ညနေ ၄နာရီ**(အစား)** အောက်ပါအတိုင်း ပြောင်းလဲသတ်မှတ်ကြောင်း အသိပေးအပ်ပါသည်-

(က)တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက် ရက်/အချိန်/နာရီ - ၆-၁၁-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ (၄)နာရီ
(ခ) နေရာ - မွန်ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်းဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံး၊ ဖုန်းနံပါတ် -၀၅၇-၂၀၂၄၈၂၅ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/3841 Toyota Kluger Acu 20 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးညာဏ်မြင့် ၁၀/ဘလန(နိုင်)၀၁၆၁၉၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး၊ (ရန်ကုန်အနောက်ပိုင်းခရိုင်)**

## ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေး အသိပညာပေး ကာတွန်းနှင့်ပိုစတာပြိုင်ပွဲ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ရန်ကုန် တိုင်းကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၉ခုနှစ်၊ နိုဝင်ဘာ ၁၈ရက်မှ ၂၄ ရက်အတွင်း ကျရောက်သည့် ကမ္ဘာ့ပဋိဇီဝဆေးဆိုင်ရာ အသိပညာပေးရက်သတ္တပတ် World Antibiotic Awareness Week (WAAW) အထိမ်းအမှတ်အဖြစ် ကာတွန်းပြိုင်ပွဲနှင့်ပိုစတာပြိုင်ပွဲကို ကျင်းပြုလုပ်မည်ဖြစ်ပါသည်။

အသက် ၁၈နှစ်နှင့်အထက် ကာတွန်းပညာနှင့် ပိုစတာပညာ စိတ်ဝင်စားသူမည်သူမဆို မိမိတို့၏ ကာတွန်းများနှင့် ပိုစတာများကို ၂၀၁၉ခုနှစ်၊ အောက်တိုဘာ ၃၁ရက် နောက်ဆုံးထား၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန၊ အမှတ် ၃၅၊ မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (သို့မဟုတ်) nationalhealthlaboratory @ gmail.com သို့ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များနှင့် ပြိုင်ပွဲစည်းကမ်းချက်များကို National Health Laboratory Facebook Page တွင် ကြည့်ရှုနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း တင်ဒါအမှတ်(၁/၂၀၁၉-၂၀၂၀)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၇)၊ စစ်တွေမြို့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများကို လမ်းအလိုက်၊ လမ်းအပိုင်းအလိုက်လုပ်ငန်းခွင်အရောက် (မြန်မာငွေကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူဆောင်ရွက်လိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်း ကမ်းချက်များကို လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၇)၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ စစ်တွေမြို့၏ ကြော်ငြာသင်ပုန်းတွင် (၂၂-၁၀-၂၀၁၉) ရက်မှစ၍ ဖော်ပြထားမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂၂-၁၀-၂၀၁၉ရက် နံနက် ၁၀နာရီ (ရုံးချိန်အတွင်း)
(ခ) တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက် - ၄-၁၁-၂၀၁၉ရက် ညနေ ၁၆:၀၀နာရီ
(ဂ) တင်ဒါဖွင့်မည့်ရက် - ၆-၁၁-၂၀၁၉ရက် နံနက် ၁၀နာရီ
(ဃ) တင်ဒါဖွင့်မည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့

